# သူ၊ ကျွန်တော်နှင့် မြန်မာနိုင်ငံ့အရေး

**သူရဦးရွှေမန်း**



**ပုံနှိပ်မှတ်တမ်း**

ပဌမအကြိမ်ထုတ်ဝေခြင်း

၂၀၁၈ ခုနှစ် ဧပြီလ

အုပ်ရေ

၁၀၀၀၀

တန်ဖိုး

ကျပ် ၂၀၀၀

ပုံနှိပ်သူ

ပြည်အေးမိသားစုပုံနှိပ်တိုက် (၀၀၈၉၂)

YMCA Building ရန်ကုန်မြို့

ဖုန်း - ၀၉ ၅၁၆၉၇၂၈

ထုတ်ဝေသူ

ဦးသိန်းဆွေး

ပန်းဆွေမွန်စာပေ (၀၂၂၉၁)

အမှတ် ၂၆၊ အောင်သပြေအရှေ့(၁) လမ်း၊

(၇)အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်

ဖြန့်ချိရေး

Myanmar Heritage Publications

ဖုန်း - ၀၉ - ၉၆၄၂၄၃၈၉၃

ထက်စာပေ

အမှတ် ၃၃၃၊ အခန်း(၃) ပထမထပ်(ယာ)

ဗိုလ်အောင်ကျော်လမ်း(အထက်)

ကျောက်တံတားမြို့နယ်

ဖုန်း - ၀၁ - ၃၉၂၈၅၁၊ ၀၁ - ၃၉၂၇၃၅

၀၉ - ၄၅၂၁၅၀၀၁၈၊ ၀၉ - ၄၅၂၁၅၀၀၂၈

အမှတ် (အေ ၁၀၁)

မေယုလမ်းနှင့် ပဒုမ္မာ(၇)လမ်းထောင့်

ရွှေကြာဝင်ရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်

ဖုန်း - ၀၆၇ - ၈၁၀၉၆၆၃

## မာတိကာ


စေတနာ

၁။ မှတ်မှတ်ထင်ထင်ဖြစ်ရသည် ၁

၂။ စတင်တွေ့ဆုံခြင်း ၃

၃။ ပထမအကြိမ် လွှတ်တော်တွင် ပြန်လည်တွေ့ဆုံခြင်း ၄

၄။ လက်ပံတောင်းတောင်အရေးကို ကူညီဖြေရှင်းကြခြင်း ၈

၅။ နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်ပါတီ၊ မည်သည့် အဖွဲ့အစည်းနှင့်မဆို ပူးပေါင်းဆောင်ရွက်ရန် အရေးကြီးသည် ၉

၆။ နိုင်ငံသားများ၏ အစိကစောင့်ထိန်းရမည့် သစ္စာတရား ၁၁

၇။ အာဇာနည်နေ့အခမ်းအနားသို့ တက်ရောက်ဂါရဝပြုခြင်း ၁၁

၈။ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ရင်ကြားစေ့ရေး ၁၄

၉။ သတင်းမီဒီယာများနှင့် ပူးတွဲတွေ့ဆုံမှုများက ရိုးသားခြင်းနှင့် ပွင့်လင်းမှုကိုပြသည် ၁၈

| | | |
|---|---|---|
| ၁၀။ | နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးကို အထိရောက်ဆုံးနှင့် အကျယ်ပြန့်ဆုံး ဖော်ဆောင်နိုင်မည့် အခွင့်အရေးကို ရယူလိုသူ | ၂၂ |
| ၁၁။ | ကျွန်တော်နှင့် ဘီဘီစီအင်တာဗျူးမှ ကောက်နုတ်ချက် | ၂၅ |
| ၁၂။ | ပြည်သူ့ဆန္ဒနှင့် နိုင်ငံအကျိုးအတွက် အခြေခံဥပဒေပြင်ဆင်ရန် ကြိုးပမ်းကြခြင်း | ၂၈ |
| ၁၃။ | မလောဘ၊ ဒေါသ၊ မောဟ၊ မာနများကြောင့် | ၃၂ |
| ၁၄။ | ၂၀၁၅ ခုနှစ် ဩဂုတ်လ ၁၂ရက်နေ့ ညဖြစ်စဉ် | ၃၅ |
| ၁၅။ | ပြည်သူ့အတွက် အထွေထွေရွေးကောက်ပွဲကို မထိခိုက်စေလိုပါ | ၃၇ |
| ၁၆။ | မည်သူ့တရားပျက်ပျက် ကိုယ်မပျက်ရန် ဂရုပြု | ၃၈ |
| ၁၇။ | ရွေးကောက်ပွဲအကြိုကာလ ကျေးလက်ပြည်သူများထံ သွားရောက်ခြင်း | ၄၀ |
| ၁၈။ | ရွေးကောက်ပွဲရှုံးခဲ့ပြီ | ၄၁ |
| ၁၉။ | ပြည်သူ့ဆန္ဒအား လေးစားသမှုဖြင့် အနိုင်ရသူကို ဂုဏ်ပြုခြင်း | ၄၃ |
| ၂၀။ | မဲရှုံးသော်လည်း အနိုင်ရရှိသူများထဲတွင် ကျွန်တော်လည်းပါသည် | ၄၄ |
| ၂၁။ | ရွေးကောက်ပွဲရလဒ်ကို အကောင်အထည်ဖော်ခြင်း | ၄၅ |
| ၂၂။ | ပူးတွဲကြေညာချက် | ၄၆ |
| ၂၃။ | ဗိုလ်ချုပ်မှူးကြီးသန်းရွှေ(ငြိမ်း) နှင့် တွေ့ဆုံခြင်း | ၄၉ |
| ၂၄။ | ပြည်သူများ၏ အချုပ်အခြာအာဏာကို ပြည်သူများထံအပ်နှင်းရန် လွှတ်တော်များခေါ်ယူခြင်း | ၅၂ |
| ၂၅။ | ဒုတိယအကြိမ် လွှတ်တော်များ၏ ပထမနေ့မြင်ကွင်း | ၅၇ |
| ၂၆။ | ပစ်ခတ်တိုက်ခိုက်မှုများရပ်စဲရေးနှင့် ငြိမ်းချမ်းရေး | ၆၁ |
| ၂၇။ | သူက အမျိုးသားရင်ကြားစေ့ရေးရှေးရှုပြီး လွှတ်တော်နှင့် အစိုးရအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးသည် | ၆၂ |
| ၂၈။ | စိတ်ဝင်စားဖွယ် မေးခွန်းတစ်ခု | ၆၃ |

၂၉။ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ
လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင် ၆၄
၃၀။ ကော်မရှင်၏ ခံယူဆောင်ရွက်ချက် ၆၆
၃၁။ သင်ခန်းစာယူ ဆောင်ရွက်နိုင်ကြပါစေ ၆၇
၃၂။ တိုင်းပြည်ကို အမှန်တကယ်ချစ်ရာရောက်အောင် ၆၉
၃၃။ သူ့ကို ဤသို့ယုံကြည်၍ ကျွန်တော့်အနေဖြင့်လည်း ၇၀
၃၄။ မျှော်လင့်လျက်ပါ၊ စောင့်စားလျက်ပါ၊ ပိုင်းဝန်းပါဝင်လျက်ပါ ၇၁
၃၅။ အကဲဖြတ်မှု၊ ဝေဖန်အကြံပြုမှုများကို စိစစ်သုံးသပ်ပြီး
ပြည်သူနှင့်အတူ လုပ်ဆောင်နိုင်ပါမှ ၇၂
၃၆။ ဖြစ်တန်ရာရှိသော ကျွန်တော်၏ အားနည်းချက်များ ၇၃
၃၇။ သတ္တိနှင့် ဉာဏ်ကို ယှဉ်တွဲ ၇၄
၃၈။ ဆွေးနွေး၊ တိုင်ပင်၊ ငြင်းခုံမှုများလည်းရှိသည် ၇၅
၃၉။ နိဂုံးစကား ၇၇

RFA သတင်းဌာန၏ မေးမြန်းမှုနှင့်
ဖြေကြားချက် အပြည့်အစုံ **နောက်ဆက်တွဲ (က)** ၈၀

BBC သတင်းဌာန၏ မေးမြန်းမှုနှင့် ဖြေကြားချက်မှ
ကောက်နုတ်ချက် **နောက်ဆက်တွဲ (ခ)** ၈၇

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံတွင်
ပြောကြားသည့် အမှာစကား **နောက်ဆက်တွဲ (ဂ)** ၉၂

သူရဦးရွှေမန်း၏ ကိုယ်ရေးမှတ်တမ်း ၉၆

# စေတနာ

နိုင်ငံ့အရေးကို ကျွန်တော်အတော်အတန် သိရှိနားလည်သည်၊ ပိုမို၍နားလည်ရန် ကြိုးစားလာသည်နှင့်အမျှ ပိုမိုစိတ်ဝင်စားပြီး တတ်နိုင်သည့်ဘက်မှ နိုင်ငံအတွက် ပါဝင်အလုပ်အကျွေး ပြုလိုစိတ်ရှိခဲ့သည်။

ကျွန်တော်တို့နိုင်ငံသည် အစစနိမ့်ကျနောက်ကျနေသည်။ ကမ္ဘာနှင့် ရင်ပေါင်တန်းဖို့ မပြောနှင့်၊ အာဆီယံအဖွဲ့ဝင်များ၊ အိမ်နီးချင်း နိုင်ငံများထဲက ဖွံ့ဖြိုးတိုးတက်မှု အနည်းဆုံး နိုင်ငံ (LDC) ချင်း၊ အတူတူ သူတို့နောက် မကျန်ရန် အထူးရုန်းကန်ရမည့် အခြေအနေရှိကြောင်း၊ ရှိုးသားစွာနှင့် စိတ်မကောင်းစွာလက်ခံရမည့် အခြေအနေမျိုးတွင်ရှိနေသည်။ ယခုလို ဖြစ်နေရခြင်းသည် စည်းလုံးညီညွတ်မှု မကောင်း၍ဖြစ်ရသည်။ စည်းလုံးညီညွတ်မှု ရရှိရန်အတွက် အမျိုးသားပြန်လည်သင့်မြတ်ရေးကို ရှေးဦးစွာ ဆောင်ရွက်ရန်လိုကြောင်း၊ ကျွန်တော် တွက်ဆမိသည်။ ထိုမှတစ်ဆင့် တိုင်းပြည် တိုးတက်အောင်ဆောင်ရွက်နိုင်မည် ဟု ယုံကြည်လက်ခံထားခဲ့သည်။ ကံအားလျော်စွာ ပြည်သူ့ကိုယ်စားလှယ်၊ လွှတ်တော်ဥက္ကဋ္ဌ ဖြစ်လာသောအခါ သူနှင့်တွေ့ဆုံရသည်။ သူက အမျိုးသား ရင်ကြားစေ့ရေးဟု သုံးနှုန်းသည်။ ရင်ကြားစေ့ရေးဟု ဆိုဆို သင့်မြတ်ရေးဟု ပြောပြော စကားလုံးသာ ကွဲသော်လည်း အနက် အဓိပ္ပာယ်တူသည့် ထိုတူညီသော ယုံကြည်မှုအတွက် ကျွန်တော်တို့ တစိုက်မတ်မတ် ဆောင်ရွက်ခဲ့ရာ ယခုအခြေအနေသို့ ရောက်လာသည်။ အဆင်ပြေခဲ့သည်များရှိသလို ဒဏ်ရာဒဏ်ချက်များလည်း ရရှိခဲ့သည်။ မည်သို့ပင်ဖြစ်စေ အမျိုးသားအကျိုးစီးပွားအတွက် ဆောင်ရွက်ပေးရသည်ဖြစ်၍ ရလာသည့် ဒဏ်ရာဒဏ်ချက်ကို ကျေနပ်ပါသည်။

ကျွန်တော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (SPDC) အဖွဲ့ဝင် စစ်ဗိုလ်ချုပ်တစ်ဦးက ၂၀၁၁ ခုနှစ် နောက်ပိုင်းတွင် နိုင်ငံရေးသမားတစ်ဦး ဖြစ်လာသည်။ ပါတီနိုင်ငံရေးနှင့်အတူ လွှတ်တော်နိုင်ငံရေးကို အတွင်းကျကျ လုပ်ဆောင်ခွင့်ရသည်။ အတွေ့အကြုံရသည်။ ဗဟုသုတရသည်။ ပညာရသည်။ လွှတ်တော်အတွင်းမှာ တိုင်းရင်းသားပေါင်းစုံ၊ ပါတီစုံ၊ ဘာသာစုံ၊ လူမျိုးစုံရှိကြသဖြင့် သူတို့၏ အတွေးအမြင်၊ အယူအဆ၊ စိတ်နေသဘောထား၊ ဓလေ့ထုံးစံများနှင့် လိုအင်ဆန္ဒများကို နီးနီးကပ်ကပ် သိမြင် ဆွေးနွေးခွင့်ရသည်။

နိုင်ငံတကာ လွှတ်တော်များအကြောင်း၊ နိုင်ငံရေးအကြောင်းကို လွှတ်တော်အကြီး

အကဲမျာ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGOs)၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ (NGOs) များထံမှသိရသည်။ နိုင်ငံအသီးသီး၏ ဖွဲ့စည်း(အုပ်ချုပ်)ပုံ အခြေခံဥပဒေများ၊ နိုင်ငံဖွဲ့စည်းပုံနှင့် အစိုးရ၊ လွှတ်တော်နှင့် တရားစီရင်ရေးဆိုင်ရာ ဖွဲ့စည်းမှုများ၊ ယင်းတို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့် အခွင့်အရေးများ၊ ရွေးကောက်ပွဲစနစ်များသည်လည်း ကွဲပြားခြားနားစွာ သူ့နိုင်ငံ၊ သူ့အခြေအနေ နှင့် ပုံဖော်တည်ဆောက်ထားကြသည်ကိုလည်း လေ့လာရယူနိုင်ခဲ့သည်။

လစ်ဘရယ်ဒီမိုကရေစီ၊ ဆိုရှယ်လစ်ဒီမိုကရေစီတို့တွင်သာမက ကွန်မြူနစ်ဝါဒတွင် လည်း ဒီမိုကရေစီကျင့်စဉ်ကို သူ့ပုံစံနှင့်သူ ကျင့်သုံးလျက် ရှိကြသည်။ အချုပ်အခြာအာဏာပိုင် နိုင်ငံများ၏ ပြည်တွင်းရေးကို ပြည်ပက ဝင်ရောက်စွက်ဖက်နိုင်ခွင့်မရှိသောကြောင့်လည်း ကိုယ့်နိုင်ငံအတွက် အသင့်လျော်ဆုံးသော အုပ်ချုပ်ရေး ပုံစံစနစ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားရှိ ဆောင်ရွက်နေကြသည်။

ထို့ကြောင့် ဒီမိုကရေစီသည် တစ်ဦးပိုင်၊ တစ်နိုင်ငံတည်း ပိုင်မဟုတ်။ ဒီမိုကရေစီဟု ပြောလျှင် အများနှင့်ဆိုင်သည်၊ ပြည်သူ အားလုံးနှင့်ဆိုင်သည်၊ လူသားအားလုံးနှင့်ဆိုင်သည်၊ အများနှင့် ဆိုင်၍ အများ၏ ဆန္ဒနှင့်အညီ ဆောင်ရွက်ရသည့် အများ၏ဆန္ဒနှင့် အညီ အုပ်ချုပ်ရသည်ဖြစ်၍ ဒီမိုကရေစီစနစ်သည် ပြည်သူ့အုပ်ချုပ်ရေးပင် ဖြစ်သည်ဟု ဆိုကြ သည်။

မြန်မာနိုင်ငံတွင် လစ်ဘရယ်ဒီမိုကရေစီ ရွေးကောက်ပွဲမှ အစိုးရတစ်ရပ်ဖွဲ့စည်း၊ နိုင်ခဲ့ပြီဖြစ်သည်။ ပြည်သူများက ရွေးချယ်တာဝန်ပေးခဲ့သော သူဦးဆောင်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အစိုးရလက်ထက်တွင် တိုင်းပြည်တိုးတက်ပြီး ပြည်သူများ စိတ်အေးချမ်းမြေ့စွာ နေထိုင်နိုင်သော လူမှုစီးပွားရေး ဖြစ်ထွန်းလာစေလိုသည်။ ပြည်သူများက ရွေးချယ်တင်မြှောက်သည့် မည်သည့်အစိုးရကိုမဆို ပြည်သူများက ပူးပေါင်းဆောင်ရွက်ကြရမည်။ ပါဝင်ကူညီရမည်။ ယင်းသည် အမျိုးသားရေးတာဝန်၊ နိုင်ငံသားကောင်းများ၏ တာဝန်ပင်ဖြစ်သည်။ နိုင်ငံကို တကယ်ချစ်မြတ်နိုးကြသူတိုင်း၊ ဤသို့ ခံယူဆောင်ရွက် ကြမည်ထင်သည်။

ခေတ်အဆက်ဆက်က ခေါင်းဆောင်များသည်လည်း ကိုယ်ခေါင်းဆောင် ဖြစ်ချိန် တွင် နိုင်ငံတိုးတက်အောင်၊ ဖွံ့ဖြိုးအောင်၊ အခြားနိုင်ငံများထက်သာအောင် ကြံဆ ကြိုးစား၊ ဆောင်ရွက်ခဲ့ကြသည်သာ ဖြစ်သည်။ မည်သို့သော ရလဒ်များရရှိခဲ့သည်မှာ သမိုင်းတွင် ကျန်ရှိနေမည်။ ပြည်သူများက မည်သို့အကဲဖြတ်သတ်မှတ်မည်ကို လက်ခံကြရမည်။ သမိုင်းကောင်းအောင်၊ လုပ်ဆောင်ချက်နှင့် ရလဒ်အပေါ် တန်ဖိုးမြင့်မားရန်မှာ တာဝန်အရှိဆုံးသူများ၏ စေတနာသာမက စွမ်းဆောင်မှုနှင့် အရည်အချင်းပေါ်တွင်လည်း မူတည်ပါသည်။

ယနေ့ သူ့ ခေါင်းဆောင်ပြီး အမျိုးသားပြန်လည်သင့်မြတ်ရေး၊ စည်းလုံးညီညွတ်ရေး၊ ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ရွက်နေချိန်တွင် တစ်နိုင်ငံလုံး

အပစ်အခတ်ရပ်စဲမှုနှင့် ရခိုင်ပြည်နယ်မြောက်ပိုင်းအရေးသည် ကြီးစွာသော အခက်အခဲ အတားအဆီး ဖြစ်နေသည်။ သို့ရာတွင် သူသည် ထိုပြဿနာကို အခွင့်အလမ်းတစ်ရပ်ဟုယူဆပြီးသတိ၊ ဉာဏ်ပညာနှင့် သတ္တိတို့ ယှဉ်တွဲ ဖြေရှင်းနေသည်ကို တွေ့ရသည်။

ပြောင်းလဲချိန် တန်နေသော မြန်မာ့အခြေအနေ အရပ်ရပ်ကို အကောင်းဘက် ရောက်အောင် ပြောင်းလဲရမည်၊ အချိန်အခါကောင်းလည်း ဖြစ်သည်။ ပြည်သူ့လိုအင်ဆန္ဒကို သိပြီးဖြစ်သည်။ ပြည်သူ့အကြောင်းနှင့် တိုင်းပြည်၏ အခြေအနေကို အမှန်အတိုင်း။ အရှိအတိုင်းသိမြင်ပြီး တစ်ချိန်တည်းမှာပင် လက်ရှိကြုံတွေ့နေရသည့် အခက်အခဲနှင့် စိန်ခေါ်မှု များ။ ဖြစ်ပေါ်ကောင်း ဖြစ်ပေါ်လာနိုင်သော ဖိအားများ။ အဟန့်အတားများကို တွက်ဆကာ ပြည်သူ့အားကို ယုံကြည်လေးစားပြီး မှန်ကန်စွာ ရယူဆောင်ရွက်နေခြင်းသည် ကောင်းသည်။ အတိုက်အခံ များနှင့် အခြားအခြားသော အင်အားစုများမှလည်း မှန်ကန်စွာယှဉ်ပြိုင်ပြောဆိုထိန်းညှိ ပါဝင်လုပ်ဆောင်ကြခြင်းဖြင့် နိုင်ငံအတွက် အခြေခံအုတ်မြစ်များ၊ နိုင်မာအောင်တည်ဆောက်နိုင်ရန် အခွင့်အလမ်းအကောင်းဆုံးအချိန်ဖြစ်သည်။

သူနှင့် ကျွန်တော် စတင်တွေ့ဆုံရာမှ ယနေ့အချိန်အထိ ဘာတွေပြောခဲ့ကြလဲ၊ ဘာတွေဆွေးနွေး တိုင်ပင်ကြလဲ၊ ငြင်းခုံခဲ့ကြသလဲဆိုသည်တို့ကို အများက စိတ်ဝင်စားသည်။ ထို့အတူ ယနေ့တွင်လည်း ဘာတွေ တိုင်ပင်ဆွေးနွေးမှုရှိသလဲ၊ ဘာတွေ လုပ်နေကြသလဲ ဆိုသည်ကိုလည်း သိချင်ကြသည်။ သိလိုသူများအတွက် ဤစာ ရေးသားတင်ပြမှုက တစ်ခုခုတော့ ပေးနိုင်လိမ့်မည်ဟု ယူဆသည်။

အတတ်နိုင်ဆုံး။ အနီးစပ်ဆုံး။ အတိကျဆုံးဖြစ်အောင် ကြိုးစားထားသည်။ သို့ရာတွင် အကြောင်းအရာအရ အသုံးအနှုန်းအရ လိုအပ်ချက်၊ မပြည့်စုံမှု၊ အမှားအယွင်းများ၊ ပါရှိနေမှာ သေချာပါသည်။ ထိုအားနည်းချက်အတွက် ကျွန်တော့်တွင် တာဝန်ရှိ ပါသည်။ တာဝန်ယူပါမည်။ ကျွန်တော့်အပေါ် ဝေဖန် အကြံပေးမှုများကို ကြိုဆိုပါသည်။ ထို့အတူ ကျွန်တော်တို့၏ အထူးသဖြင့် ကျွန်တော်၏ ဆောင်ရွက်ချက်များအပေါ် သင်ခန်းစာကောင်းကောင်းဖော်ထုတ် ရယူအသုံးပြုနိုင်ကြပါစေ။

အမျိုးသား ရင်ကြားစေ့ရေးကို မျှော်လင့်လျက် .....

အမျိုးသား ပြန်လည်သင့်မြတ်ရေးကို ကြိုဆိုလျက် .....

မေတ္တာဖြင့်

သူရဦးရွှေမန်း

# သူ၊ ကျွန်တော်နှင့် မြန်မာနိုင်ငံ့အရေး

## မှတ်မှတ်ထင်ထင်ဖြစ်ရသည်

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ သမီးတစ်ယောက်အနေဖြင့်သာ မှုလကသိရှိခဲ့သော်လည်း သူ့ကိုစတင်၍ ပိုပြီးသတိပြုမိသည်က ၁၉၈၈ ခုနှစ် အရေးအခင်း ကာလတွင် ပါဝင်ဆောင်ရွက်မှုများပင်ဖြစ်သည်။ ရွှေတိဂုံစေတီတော်၏ အနောက်ဘက် မုခ်ဦး လူထုဟောပြောပွဲတွင် များပြားလှသည့် လူထုပရိသတ်ကို ဟောပြောခြင်း၊ ကျွန်တော်တို့ တပ်ရင်းမှ တပ်စုတစ်စုက ရန်ကုန်မြို့ ခြောက်ထပ်ရုံးတွင် လုံခြုံရေးတာဝန်ယူထားရာ ယင်းတပ်စုကို လူစုလူဝေးဖြင့် ဝိုင်းထားစဉ် သူနှင့် သူ့ရှေ့ဦးတင်ဦးတို့ သွားရောက်ပြီး လူအုပ်ကြီးအား ဖျောင်းဖျပြောဆိုခြင်းတို့က မှတ်မှတ်ထင်ထင် ဖြစ်ရသည်။

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်၏ တိုင်းမှူးအဖြစ် တာဝန်ထမ်းဆောင်စဉ် ကာလကဖြစ်သည်။ သူသည် ရန်ကုန်မြို့မှ ဧရာဝတီတိုင်းသို့ လာရောက်စဉ် ရန်ကုန်တိုင်း ထန်းတပင်မြို့နယ် အညာစုကျေးရွာအနီး ရန်ကုန်-ပုသိမ်ကားလမ်း၏ တစ်နေရာတွင် သက်ဆိုင်ရာက ဟန့်တားထားသဖြင့် မော်တော်ယာဉ်ကို လမ်းဘေးသို့ချရပ်ပြီး မော်တော်ယာဉ်ပေါ်၌ ရက်အတန်ကြာ အချိန်ကုန်လွန်နေပြီဖြစ်ကြောင်းသိရသည်။ ထိုစဉ်က ပုသိမ်မြို့မှ ရန်ကုန်မြို့သို့ အစည်းအဝေးတက်ရောက်ရန် သွားရောက်စဉ် ယင်းနေရာကိုဖြတ်သန်းရင်း မြင်ရလို

## "ခေါင်းဆောင်ဟူသည်" ဆိုသည့်ခေါင်းစဉ်ဖြင့် သင်ကြားပို့ချရာတွင် ဗိုလ်ချုပ်အောင်ဆန်း၏ စိတ်ဓာတ်၊ ခေါင်းဆောင်မှုအခြေအနေနှင့် ဇွဲ၊ လုံ့လ၊ သတ္တိတို့ကို ကျွန်တော်လေ့လာသင်ယူခွင့်ရခဲ့သည်။

မြင်ရပြား ကြည့်ရှုသော်လည်း အရိပ်အယောင်မျှမတွေ့ရ။ မော်တော်ယာဉ်ပေါ်တွင် ထိုင်နေ၍ ဖြစ်မည်ထင်သည်။


**"သူ အတော်ဗွိုက်ကြီးပါလား။ မာပါလား"** ဟု အတူလိုက်ပါလာသည့် ဇနီးဖြစ်သူကို ပြောမိသည်။ ထို့အတူ **"ရေဝတီတိုင်းကိုသာ လွှတ်ပေးလိုက်နိုင်စမ်းပါ"** ဟုပင်ပြောမိသေးသည်။ **"ဒါဆို ဘာလုပ်မှာလဲ"** ဟု ဇနီးကမေးသည်။ "သူသွားချင်တဲ့နေရာကို ပို့ပေးမှာပေါ့။ စကားစမြည်ပြောချင်တာပေါ့" ဟု ပြန်ပြောဖြစ်သည်။

' တကယ်တော့ သူ့ကို စိတ်ဝင်စားမိသည်မှာ ဗိုလ်ချုပ်နှင့်လည်း ပတ်သက်သည်။ ကျွန်တော်ငယ်စဉ်ကတည်းက ကျောင်းမှာရော အပြင်မှာပါ ဗိုလ်ချုပ်အကြောင်းကို လေ့လာခဲ့ရသည်။ တစ်နည်းအားဖြင့် ဗိုလ်ချုပ်ကို အားကျ အတုယူရင်း ကြီးပြင်းလာခဲ့သည်။ ကျွန်တော် စစ်တက္ကသိုလ် ရောက်တော့ နည်းပြအရာရှိတစ်ဦးဖြစ်သူ ဗိုလ်ကြီး မောင်မောင်က ခေါင်းဆောင်မှုဘာသာရပ်ကို သင်ကြားပို့ချသည်။

**"ခေါင်းဆောင်ဟူသည်"** ဆိုသည့်ခေါင်းစဉ်ဖြင့် သင်ကြားပို့ချရာတွင် ဗိုလ်ချုပ်အောင်ဆန်း၏ စိတ်ဓာတ်၊ ခေါင်းဆောင်မှု အခြေအနေ နှင့် ဇွဲ၊ လုံ့လ၊ သတ္တိတို့ကို ကျွန်တော် လေ့လာသင်ယူခွင့်ရခဲ့သည်။ ထိုစဉ်က အာဗာနည်နေ့ကျင်းပသည့် ရက်တိုင်းတွင် ဗိုလ်ချုပ် မိန့်ခွန်းတွေ ရေဒီယိုက ထုတ်လွှင့်တာ နားထောင်ခဲ့ရသည်။ နောက်ပိုင်းတွင် ဒေါက်တာ မောင်မောင်ရေးသော **"နိုင်ငံရေးတော်လှန်ကြံ့မှု"** စာအုပ်ကို ဖတ်ရှုဖြစ်ခဲ့သည့်အခါ ဗိုလ်ချုပ် အပေါ် ယခင်ထက်ပိုတိုးပြီး ချစ်ခင်လေးစားစိတ် ဖြစ်ပေါ်ခဲ့ပြန်သည်။ ဗိုလ်ချုပ်အား ချစ်ခင် လေးစားစိတ်၊ ကြည်ညိုစိတ် ဖြစ်ပေါ်ခဲ့မှုနှင့်အတူ ဗိုလ်ချုပ်၏မျိုးရိုး၊ ဗိုလ်ချုပ်သွေးပါသူ များကိုလည်း စိတ်ထဲတွင် ချစ်ခင်လေးစားစိတ်၊ အထင်ကြီးစိတ်တို့ ရှိခဲ့သည်မှာ အမှန်ပင် ဖြစ်သည်။ ထို့ကြောင့်လည်း ဗိုလ်ချုပ်နှင့်ပတ်သက်ပြီး သူ့အပေါ် ထူးထူးခြားခြား စိတ်ဝင်စား မိခဲ့သည်ဟုဆိုရမှာ ဖြစ်သည်။

# စတင်တွေ့ဆုံခြင်း

၂၀၀၁ ခုနှစ် နှစ်ကုန်ပိုင်းကာလတွင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဆိုသည့် ရာထူးအသစ်ဖြင့် ကာကွယ်ရေးဝန်ကြီးဌာန ရန်ကုန်မြို့စစ်ရုံးသို့ပြောင်းရွှေ့ရသည်။ ၂၀၀၂ ခုနှစ်၏ တစ်ခုသော နေ့ရက်တွင် အမှတ်(၁၄) အင်းလျားလမ်း တပ်မတော်ဧည့်ရိပ်သာ၌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက သူ့ကို ဖိတ်ခေါ်တွေ့ဆုံရာ ကျွန်တော်လည်း တက်ရောက်ရသဖြင့် သူနှင့်စတင် တွေ့ဆုံခွင့်ရခဲ့သည်။ သူ့ကို စတင်မြင်ဖူးခဲ့သည်။ သူ့အသံကို စတင် ကြားဖူးခဲ့သည်။ သူနှင့်စကားပြောဖူးခဲ့သည်။ ထိုတွေ့ဆုံပွဲသို့ သူနှင့်အတူ NLD ထိပ်ပိုင်း ခေါင်းဆောင်များလည်း တက်ရောက်လာခဲ့ကြသည်။ နောက်ပိုင်းကာလများတွင် သူသည် နေအိမ်အကျယ်ချုပ်ဖြစ်လိုက်၊ နေအိမ်အကျယ်ချုပ်မှ လွတ်လိုက်ရှိနေသည်။ ထို့နောက်တွင် ပေါင်းလောင်းဆည်၊ ဧရာဝတီမြစ်ကူးတံတား စသည့် တည်ဆောက်ရေးစီမံကိန်းများသို့ အစိုးရ၏ စီစဉ်ပေးမှုဖြင့် သူသွားရောက် ကြည့်ရှုလေ့လာသည်ကိုလည်း မှတ်မိသည်။ ထို့အပြင် ကချင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့သို့ လှည့်လည်သွားလာသည့် ခရီးစဉ်နှင့် ဆက်စပ်သော ဖြစ်စဉ်ဖြစ်ရပ်များကိုလည်း မှတ်မိနေပါသည်။



၂၉-၁-၂၀၀၂ ရက်နေ့၌ ရန်ကုန်မြို့ အမှတ် (၁၄) အင်းလျားလမ်း တပ်မတော်ဧည့်ဂေဟာတွင်
နယကဥက္ကဋ္ဌက ဒေါ်အောင်ဆန်းစုကြည်၊ ဦးအောင်ရွှေ၊ သူရဦးတင်ဦး၊ ဦးလွင်တို့နှင့် တွေ့ဆုံခဲ့စဉ်



၂၉-၁-၂၀၁၂ ရက်နေ့က ရန်ကုန်မြို့ အမှတ် (၁၄) အင်းလျားလမ်း တပ်မတော်ဧည့်ဂေဟာတွင်
နယကဥက္ကဋ္ဌက ဒေါ်အောင်ဆန်းစုကြည်၊ ဦးအောင်ရွှေ၊ သူရဦးတင်ဦး၊ ဦးလွင်တို့နှင့် တွေ့ဆုံခဲ့စဉ်

## ပထမအကြိမ်လွှတ်တော်တွင် ပြန်လည်တွေ့ဆုံခြင်း

သူဦးဆောင်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အပါအဝင် အခြားပါတီများမှ ပါတီဝင်များ ရွေးကောက်ပွဲဝင်နိုင်ရေးနှင့်စပ်လျဉ်း၍ နိုင်ငံရေး ပါတီများမှတ်ပုံတင်ခြင်းဥပဒေ နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေတို့ကို လွှတ်တော်ကပြင်ဆင်ပေးနိုင်ခဲ့ပြီးနောက် သူတို့ရွေးကောက်ပွဲဝင်နိုင်ခြင်းဖြစ်သည်။ ပထမအကြိမ် ပြည်သူ့လွှတ်တော်၏ ဥက္ကဋ္ဌအဖြစ် ကျွန်တော်တာဝန်ထမ်းဆောင်စဉ် ၂၀၁၁ ခုနှစ် ဒီဇင်ဘာ လ ၂၃ ရက်နေ့တွင် ပြည်သူ့လွှတ်တော်၌ သူနှင့်ကျွန်တော် တွေ့ဆုံကြသည်။

ထို့နောက် ၂၀၁၂ ခုနှစ် မတ်လ ၁၂ ရက်နေ့တွင်လည်း ထပ်မံတွေ့ဆုံစဉ် ကြားဖြတ်ရွေးကောက်ပွဲတွင် ကျွန်တော့်ပါတီက အလျှော့ပေးမှာ မဟုတ်ဟု "စ" လိုက်ရာ သူ့ပါတီက အပြတ်အသတ်အနိုင်ရအောင်လုပ်မည်ဟု ခပ်မာမာတုန့်ပြန်ခဲ့သည်။ ဤသို့ တုန့်ပြန်ခြင်းက ယုံကြည်မှု အပြည့်အဝရှိနေသည့် သူ၏စိတ်မာတ်အခြေအနေကို ဖော်ပြ




၂၉-၁-၂၀၁၂ ရက်နေ့၌ ရန်ကုန်မြို့ အမှတ် (၁၄) အင်းလျားလမ်း ကပ်မတော်နေအိမ်တွင်
နယကဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်၊ ဦးအောင်ရွှေ၊ သူရဦးတင်ဦး၊ ဦးလွင်တို့နှင့် တွေ့ဆုံခဲ့စဉ်

လိုက် သကဲ့သို့ ရှိသည်။ ယင်းနေ့တွင် ပြည်သူ့လွှတ်တော် အစည်းအဝေးကျင်းပနေပုံအား လေ့လာကြည့်ရှုသွားသည်။

၂၀၁၂ ခုနှစ် ဧပြီလတွင်ပြုလုပ်သော ကြားဖြတ်ရွေးကောက်ပွဲတွင် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်သည် မဲဆန္ဒနယ် အများစုတွင် ရွေးချယ်ခံရသည်။ ကြားဖြတ်ရွေးကောက်ပွဲ အောင်နိုင်ပြီးနောက် လွှတ်တော်စတက်မည်ဆိုသောအခါတွင်လည်း ကတိသစ္စာပြု စာသားကို သူကလက်မခံလို၍ ကတိသစ္စာ ပြုမည်၊ မပြုမည်နှင့် စပ်လျဉ်း၍ အချေအတင် ဖြစ်ခဲ့ကြသေးသည်။ ပြောရလျှင် သူသည် ယုံကြည်သည့် အရာကို ခိုင်မာမြဲမြံစွာ ရပ်တည် ဆောင်ရွက် လိုသည်။ တစ်နည်းအားဖြင့် ခေါင်းမာစွာ ရပ်တည်ဆောင်ရွက် တတ်သည်ဟု ဆိုရမည်သာဖြစ်သည်။ သို့သော်လည်း အပြန်အလှန် ဆွေးနွေးညှိနှိုင်းကာ အားလုံး သဘောတူနိုင်ခဲ့ကြသည့်အတွက် ၂၀၁၂ ခုနှစ် ဇူလိုင် ၄ ရက်နေ့တွင် လွှတ်တော်သို့ စတက်ရောက်နိုင်ခဲ့သည်။ သူနှင့် သူ၏အဖွဲ့တို့ လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရောက်ရှိလာကြပြီးနောက်တွင် လွှတ်တော်၏လှုပ်ရှားမှုပို၍သွက်လာသည်။



ဒေါ်အောင်ဆန်းစုကြည်နှင့် သူရဦးရွှေမန်း၊ ၂၃-၁၂-၂၀၁၁ ရက်နေ့
၁၃း၃၀ နာရီအချိန်တွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌရုံးခန်း၌ တွေ့ဆုံခဲ့စဉ်



ဒေါ်အောင်ဆန်းစုကြည်နှင့် သူရဦးရွှေမန်း၊ ၂၃-၁၂-၂၀၁၁ ရက်နေ့
၁၃း၃၀ နာရီအချိန်တွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌရုံးခန်း၌ တွေ့ဆုံခဲ့စဉ်



ဒေါ်အောင်ဆန်းစုကြည်နှင့် သူရဦးရွှေမန်း ၂၀-၃-၂၀၁၂ ရက်နေ့
၀၉း၀၀ နာရီအချိန်တွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌရုံးခန်း၌ တွေ့ဆုံဆွေးနွေးစဉ်

သူနှင့် ကျွန်တော်တို့ ညှိနှိုင်းပြီးနောက် ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး ကော်မတီ၏ ဥက္ကဋ္ဌအဖြစ် သူတာဝန်ယူခဲ့သည်။ ယင်းတာဝန်အား သူကဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့ခြင်းကြောင့်သာ များစွာခရီးရောက်ခဲ့သည်ဟုပြောနိုင်ပါသည်။ ကော်မတီဥက္ကဋ္ဌ တာဝန်ယူပြီးနောက် ကော်မတီ၏လုပ်ငန်းများ နှင့် စပ်လျဉ်း၍ မကြာခဏ တွေ့ဆုံဆွေးနွေးဖြစ်ကြသည်။ လုပ်ငန်းတာဝန်ဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိစဉ်တွင်လည်း သူသည်ကျွန်တော်၏နေအိမ်သို့လာရောက်တွေ့ဆုံဖူးသလို အင်းလျားလမ်းရှိ ရန်ကုန်လွှတ်တော်ရုံးခွဲတွင်လည်း၊ မကြာခဏတွေ့ဆုံဆွေးနွေးဖြစ်ခဲ့ကြသည်။ ရန်ကုန်လွှတ်တော်ရုံးခွဲ ဖွင့်လှစ်နိုင်ခြင်းကြောင့် သူ၏တရားဥပဒေစိုးမိုးရေး ဆိုင်ရာလုပ်ငန်းများဆောင်ရွက်ရာတွင် များစွာအဆင်ပြေခဲ့သည်။

## လက်ပံတောင်းတောင်အရေးကို ကူညီဖြေရှင်းကြခြင်း

၂၀၁၂ ခုနှစ်တွင် လက်ပံတောင်းတောင် အရေးအခင်းသည် ကြီးမားကျယ်ပြန့်လာခဲ့ရာ အစိုးရအတွက် အကျပ်အတည်းတစ်ရပ် ဖြစ်စေခဲ့သည်။ သူသာလျှင် ထိုကိစ္စကို ကိုင်တွယ်ဖြေရှင်းနိုင်လိမ့်မည်ဟု နိုင်ငံတော်သမ္မတက ယူဆပုံရသည်။ ဒါကြောင့်ပင် ဒီတာဝန်ကို လက်ခံဆောင်ရွက်ပေးနိုင်ရေးအတွက် အကူအညီတောင်းလိုကြောင်း နိုင်ငံတော်သမ္မတက ကျွန်တော့်ထံ ဆက်သွယ်ပြောကြားလာရာ ကျွန်တော်က ကောင်းပါတယ်ဟု ထောက်ခံပြောဆိုခဲ့သည်။ ထိုအခါ သမ္မတက သူ့ပြောရင်ရမှာမဟုတ်ဘူး၊ ကိုရွှေမန်းပြောပေးမှရမယ်ထင်တယ်ဟု ဆိုလာသည်။ ကျွန်တော့်မှာ ပြည်ပခရီးစဉ် ထွက်ခွာမည့်ဆဲဆဲ လေယာဉ်ပေါ်တက်ခါနီးဖြစ်၍ အချိန်လုပြီး သူ့ထံ ဖုန်းဆက်၍ တိုက်တွန်းမေတ္တာရပ်ခံခဲ့ရသည်။ ထိုအခါ သူက ကျွန်တော့်၏ မေတ္တာရပ်ခံချက်ကို အလေးထား



လက်ပံတောင်းတောင်ကြေးနီစီမံကိန်းစုံစမ်းစစ်ဆေးရေးကော်မရှင်၏အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဒေါ်အောင်ဆန်းစုကြည်က ၁၃-၃-၂၀၁၃ ရက်နေ့တွင် ဒေသခံများအား ရှင်းလင်းဆွေးနွေးခဲ့စဉ်

၍သော လက်ခံရကြောင်း၊ လွတ်လပ်စွာလုပ်ပိုင်ခွင့်နှင့် လိုချင်သူများကို တောင်းဆိုခွင့်ရှိရန် လိုကြောင်းပြောသည်။ သမ္မတကလည်း သဘောတူ၍ ကော်မရှင်ဥက္ကဋ္ဌတာဝန်ကို သူ ယူခဲ့ပါသည်။

ထိုနေ့တွင်ပင် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၉၅/ ၂၀၁၂) ဖြင့် သူဦးဆောင်သော အဖွဲ့ဝင် ၁၆ ဦးပါ ဝုံစမ်း စစ်ဆေးရေးကော်မရှင်ကို ဖွဲ့စည်းခဲ့သည်။ ထိုတာဝန်ယူပြီးနောက် သူ့အနေဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် အခက်အခဲများ၊ အန္တရာယ်များ၊ အကြပ်ရိုက်မှုများ၊ ကြုံရပြီး စွန့်စွန့်စားစားလုပ်ဆောင်ရသည့်အခါ ယင်းတာဝန်ကိုယူပေးရန် တိုက်တွန်းခဲ့သူတစ်ယောက်အနေဖြင့် ကျွန်တော့်မှာ စိုးရိမ်တကြီး စောင့်ကြည့်နေခဲ့ရသည်။ တာဝန်မကင်းသလိုလည်းခံစားရသည်။ စာနာစိတ်လည်း ဖြစ်မိသည်။ ကျွန်တော်တစ်ယောက်တည်းတင်မဟုတ်၊ ကျွန်တော့်မိသားစုသည်လည်း အလားတူပင် စိတ်ပူနေခဲ့ကြသည်။ သူ့အတွက် အန္တရာယ်များသည့် အခြေအနေကြားမှ ရဲဝံ့စွာနှင့် အပင်ပန်းခံကြိုးစားဆောင်ရွက်ခြင်းကြောင့် လက်ပံတောင်းတောင်အရေး ဓိအားသည် အစိုးရအဖွဲ့အတွက် အတော်အသင့်ပြေလည်သွားသည်ဟု ဆိုရပေမည်။

## နိုင်ငံတော်နှင့်နိုင်ငံသားတို့အတွက် မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်ပါတီ၊ မည်သည့် အဖွဲ့အစည်းနှင့်မဆို ပူးပေါင်းဆောင်ရွက်ရန် အရေးကြီးသည်

ကျွန်တော်တို့ညှိနှိုင်းပူးပေါင်း၍ လုပ်ငန်းများဆောင်ရွက်ရာတွင် အခက်အခဲများစွာ ရှိပါသည်။ နှစ်ဖက်မိတ်ဆွေများနှင့် လုပ်ဖော်ကိုင်ဘက်များ၏ နားလည်မှု၊ ယုံကြည်မှု မရရှိသေးသဖြင့် တစ်ဦးကိုတစ်ဦး အားပေးကူညီဖေးမရင်း အမျိုးသားပြန်လည်သင့်မြတ်ရေး၊ စည်းလုံးညီညွတ်ရေး အတွက် ရုန်းကန်ခဲ့ရသည်။ နှစ်ဦးတွေ့ဆုံမှုအပြင် တိုင်းရင်းသားများ၏ ကိုးရာပွဲများ၊ အထိမ်းအမှတ်ပွဲများ၊ နိုင်ငံခြားအဖွဲ့အစည်း၊ နိုင်ငံတကာပုဂ္ဂိုလ်များ၊ သတင်းမီဒီယာများနှင့် တွေ့ဆုံမှုတွင် ပူးတွဲတွေ့ဆုံ၍ မေးခွန်းများအပေါ် သူ့အမြင် ကိုယ့်အမြင် ပွင့်လင်းစွာ ဖြေကြားခဲ့သည်။ တစ်ယောက်နှင့်တစ်ယောက်စကားလုပ်ပြောခဲ့ကြသည်များလည်း ရှိသည်။ အဓိက ရည်ရွယ်ဦးတည်မှုကညီညွတ်ရေး၊ စည်းလုံးရေးသာဖြစ်ပေသည်။

တစ်ဖက်နှင့် တစ်ဖက်ပူးပေါင်းဆောင်ရွက်နိုင်ကြရေးအတွက်ဆိုလျှင် တစ်ဖက်နှင့် တစ်ဖက် နားလည်ရန်၊ အပြန်အလှန် ယုံကြည်မှုရှိရန် လိုသည်။ ထို့အပြင် အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရန်လည်း လိုအပ်ပေသည်။ ယင်းသည် အပြောလွယ်သလောက်

လက်တွေ့လုပ်ဆောင်ရာတွင် ခက်ခဲလှသည်။ ရင်ကြားစေ့ရေးကို ဆောင်ရွက်နိုင်မှသာ ရင်ကြားစေ့ရေးက တစ်ဆင့် ညီညွတ်ရေး ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆက်ပြီးဆောင်ရွက်နိုင်ကြမည် ဖြစ်သည်။ ကျွန်တော်တို့ နှစ်ဖက်အကြား ရင်ကြားစေ့ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ရာတွင် အခက်အခဲများစွာ ရှိခဲ့သည်။ သူ့ဘက်ကိုယ့်ဘက်။ လုပ်ဖော်ကိုင်ဘက်အချို့၏ နားလည်မှု၊ ယုံကြည်မှုတို့ ပြည့်ပြည့်စုံစုံ ရရှိမှု မရှိကြောင်းလည်း မှန်းဆ၍ ရနိုင်ပါသည်။ အထူးသဖြင့် ကျွန်တော့်ဘက်က ပုဂ္ဂိုလ်အချို့သည် ယင်းကိစ္စအတွက် ကျွန်တော့်ကို အပြစ်မြင်သူများရှိခဲ့သည်ဆိုခြင်းကို ခန့်မှန်း၍ရနိုင်ကြပါသည်။ သူနှင့်ကျွန်တော် ဆက်ဆံမှုများကြောင့် သူ့ပါတီအတွင်းမှာ မည်သို့ရှိသည်ကို မသိရသော်လည်း ကျွန်တော့်ပါတီအတွင်းမှာတော့ ကျွန်တော့်အပေါ် အမျိုးမျိုးပြောဆိုစွပ်စွဲမှုများရှိသည်။ ကျွန်တော်ကတော့ ကိုယ်တရားမပျက်ဖို့ နိုင်ငံသားများအပေါ်၊ နိုင်ငံတော်အပေါ်နှင့် အဖွဲ့အစည်းအပေါ် သစ္စာမပျက်ဖို့ တရားဝင်ချမှတ်ထားသော မူဝါဒလမ်းစဉ်အပေါ် နည်းလမ်းတကျ လိုက်နာစောင့်ထိန်းရန်သာဖြစ်သည်ဟု ခံယူထားရှိဆောင်ရွက်ခဲ့သည်။ ထိုစိတ်ထားအပေါ် အခြေခံကာ ပါတီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင်ပါရှိသည့်

**(၁) နိုင်ငံတော်နှင့် နိုင်ငံသားအကျိုးအတွက်ဆိုလျှင် မည်သည့် ပုဂ္ဂိုလ်၊ မည်သည့်ပါတီ၊ မည်သည့်အဖွဲ့အစည်းနှင့်မဆို ပူးပေါင်းဆောင်ရွက်ရန်**

**(၂) ပါတီအချင်းချင်း ရန်သူလို၊ ရန်ဘက်လို သဘောမထားဘဲလုပ်ဖော်ကိုင်ဘက်များသဖွယ် သဘောထားရန်၊**

**(၃) လူပုဂ္ဂိုလ်အကျိုးစီးပွားနှင့် ပါတီအကျိုးစီးပွားယှဉ်လာလျှင် ပါတီအကျိုးစီးပွားကို ဦးစားပေးရန်၊ ပါတီအကျိုးစီးပွားနှင့် နိုင်ငံအကျိုးစီးပွားယှဉ်လာလျှင် နိုင်ငံအကျိုးစီးပွားကိုသာ ဦးစားပေးရန်စသည့် မူဝါဒ (၃) ရပ်ကို ကျွန်တော်အလေးထားသည်။**

ဒီမူ၊ ဒီစည်းမျဉ်း။ စည်းကမ်းကို သစ္စာရှိရှိလက်တွေ့လိုက်နာသူ ကျွန်တော်ဟာ နောင် ဘာဖြစ်လာမည်ကို ကျွန်တော်မမှန်းဆနိုင်ခဲ့။

## နိုင်ငံသားများ၏ အဓိကစောင့်ထိန်းရမည့် သစ္စာတရား

**"သစ္စာ"** ကို - **မှန်ကန်ခြင်း**ဟူသော သာမန်အားဖြင့် နားလည်ပြောဆိုကြသည်။ တကယ်တမ်းတွင်မူ အမှန်တရားအပေါ် မှန်ကန်စွာ စောင့်ထိန်းပြုမူ ပြောဆိုဆောင်ရွက်ခြင်းဖြစ်သည်။

"နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ ကျေးဇူးသစ္စာကိုစောင့်သိရိုသေခြင်းသည် နိုင်ငံသားတစ်ဦးအတွက် အမွန်မြတ်ဆုံးနှင့် အမြင့်မြတ်ဆုံး" ဖြစ်၍ နိုင်ငံကိုချစ်ကြသော နိုင်ငံသားများ၏ အဓိက စောင့်ထိန်းရမည့် သစ္စာတရားသည် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ဖော်ဆောင်ခြင်းနှင့် ကာကွယ်စောင့်ရှောက်ခြင်းဖြစ်သည်ကို ကျွန်တော်တို့ ခံယူထားပါသည်။

## အာဇာနည်နေ့ အခမ်းအနားသို့ တက်ရောက်ဂါရဝပြုခြင်း

ကျွန်တော်၏စိတ်တွင် နှစ်ပေါင်းများစွာကတည်းက ဆောင်ရွက်လိုသည့် ဗိုလ်ချုပ်နှင့် ပတ်သက်သောကိစ္စတစ်ခုကိုလည်း သူနှင့်တွေ့ဆုံပြီးနောက် ဆောင်ရွက်နိုင်ခဲ့သည်။ ကျွန်တော်တို့ နိုင်ငံတွင် အာဇာနည်နေ့နှင့် စပ်လျဉ်း၍ ယခင်ကကျင်းပကြရာ၌ သူ့ခေတ် သူ့အခြေအနေအရ ဆောင်ရွက်ကြသည်ကို စိတ်ထဲတွင်အားမလိုအားမရ ရှိနေခဲ့သည်။



၁၉-၇-၂၀၁၅ ရက်နေ့(၆၈)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားတွင် ဒေါက်တာ စိုင်းမောက်ခမ်း သူရဦးရွှေမန်း ဦးခင်အောင်မြင့်နှင့်ဦးထွန်းထွန်းဦးတို့က ကျဆုံးလေပြီးသော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ်ဗိမာန်၌ လွမ်းသူပန်းခွေချ အလေးပြုခဲ့ကြစဉ်



(၆၈)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားသို့ တက်ရောက်လာကြသည့် သူရဦးရွှေမန်းနှင့် ဦးထွန်းထွန်းဦးတို့က
အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်



အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ ခေါင်းအာင်ဆန်းစုကြည်နေအိမ်တွင်
သံဃာတော်များထံမှ ပရိတ်တရားနာယူခဲ့စဉ်



အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ ၁၉-၇-၂၀၁၄ ရက်နေ့တွင် သီတဂူဆရာတော်၊ အရှင်သန္တာဓိကနှင့်
သံဃာတော်များအား ဒေါ်အောင်ဆန်းစုကြည်နေအိမ်တွင် ဆွမ်းဆက်ကပ်လှူဒါန်းစဉ်

**"သစ္စာ"** ကို - မှန်ကန်ခြင်း ဟုသာ
သာမန်အားဖြင့် နားလည်ပြောဆိုကြသည်။
တကယ်တမ်းတွင်မူ အမှန်တရားအပေါ် မှန်ကန်စွာ
စောင့်ထိန်းပြုမူပြောဆိုဆောင်ရွက်ခြင်းဖြစ်သည်။
"နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ ကျေးဇူးသစ္စာကိုစောင့်သိရိုသေခြင်းသည်
နိုင်ငံသားတစ်ဦးအတွက် အမွန်မြတ်ဆုံးနှင့် အမြင့်မြတ်ဆုံး" ဖြစ်၍
နိုင်ငံကိုချစ်ကြသော နိုင်ငံသားများ၏ အဓိကစောင့်ထိန်းရမည့်
သစ္စာတရားသည် နိုင်ငံတော်နှင့် နိုင်ငံသားများ၏အကျိုးစီးပွားကို
ဖော်ဆောင်ခြင်းနှင့် ကာကွယ်စောင့်ရှောက်ခြင်းဖြစ်သည်ကို
ကျွန်တော်တို့ခံယူထားပါသည်။

ထို့ကြောင့် အာဏာနည်းနေ့ ကျင်းပပုံ ပြောင်းလဲရေးအတွက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် ဆွေးနွေးပြီးနောက် ၂၀၁၃ ခုနှစ် နောက်ပိုင်းတွင် ကျင်းပသည့် အာဏာနည်းနေ့အခမ်းအနားသို့ ကျွန်တော်တက်ရောက်ဂါရဝပြုနိုင်ခဲ့သည်။ ထို့နောက် သူ၏ နေအိမ်တွင် ပြုလုပ်သော အာဏာနည်းခေါင်းဆောင်ကြီးများအတွက် ရည်စူးသည့် ဆွမ်းကပ်အလှူသို့လည်း တက်ရောက်ဖြစ်ခဲ့သည်။

## အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ရင်ကြားစေ့ရေး

ကျွန်တော်၏စိတ်တွင် တိုင်းပြည်အရေးက အရေးကြီးသည်။ ပြည်သူ့မျက်နှာ ကြည့်ရမည်။ ဘာပဲလုပ်လုပ်နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာမြဲနေရမည်ဟု ခံယူထားပြီး ရင်ကြားစေ့ရေးကို ရှေ့တိုးဆောင်ရွက်ခဲ့သည်။ ထိုသို့သူနှင့် ရင်းနှီးသည့် ဆက်ဆံရေးထူထောင်ခဲ့ခြင်းသည် အချို့ကဝေဖန်နေကြသလို ရွေးကောက်ပွဲတွင် ကျွန်တော့်ပါတီ မဲရှုံးသည့်အခါ သူ့ထံခိုလှုံရန် မဟုတ်ခဲ့ပါ။ ပါတီကိုကျွန်တော်ဦးဆောင် နေသည့် ကာလတွင်ကျွန်တော်သည်မူဝါဒနှင့်အညီဆောင်ရွက်ချက်များကြောင့်မိမိကိုယ်မိမိယုံကြည်မှု အပြည့်ရှိပြီးရွေးကောက်ပွဲတွင် ကိုယ့်ပါတီလည်းနိုင်မည်ဟု တွက်ဆထားသဖြင့် ကိုယ်နိုင်ခဲ့လျှင် ကိုယ့်အဖွဲ့တွင် သူ့ကိုထိုက်တန်သည့်နေရာတွင် တာဝန်ပေးလိုသောကြောင့် ဖြစ်သည်။ သူ့ကိုလည်း အစောကြီးကတည်းက ဒီအကြောင်း ပွင့်ပွင့်လင်းလင်းပြောခဲ့သည်။

**"ကျွန်တော်တို့နိုင်ရင် သင့်တော်ထိုက်တန်တဲ့နေရာက တာဝန်ယူပြီးကူပေးပါ။ အစ်မနိုင်ခဲ့ရင်တော့ အစ်မ သဘောအတိုင်းပါပဲ"**

ဟူ၍ ကျွန်တော် သူ့ကိုပြောခဲ့သည်။

လူပုဂ္ဂိုလ် အချင်းချင်းအပြင် ပါတီအချင်းချင်း နားလည်ရေး၊ အလေးထားရေးနှင့် နိုင်ငံ့အကျိုးအတွက် ညှိနှိုင်းဆောင်ရွက်နိုင်ရေးတို့ကို ရည်ရွယ်ပြီး ထိပ်သီးခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးရန် ကြိုးစားခဲ့သည်။ သူ့ပါတီဘက်က သူ၊ ဦးဝင်းမြင့်နှင့်ဒေါက်တာဇော်မြင့်မောင် ကျွန်တော့်ဘက်က ဦးအောင်သောင်း၊ သူရဦးအေးမြင့်၊ ဦးသိန်းဇော်တို့ပါဝင်ကြသည်။ ကျွန်တော်၏ ရုံးခန်းတွင်တွေ့ဆုံမှုများကို လျှို့ဝှက်ခြင်းမရှိသလို ထုတ်ဖော်ပြောဆို ကြေညာခြင်းလည်း မပြုခဲ့ပေ။

သူကလည်း ကျွန်တော့အပေါ် အလေးထားပုံရသည်။ ရင်းနှီးပွင့်လင်းစွာ အမြင်အလှန် ဆွေးနွေးကြသကဲ့သို့ ငြင်းခုံရသည်လည်း ရှိသည်။ သူကြိုးပမ်းအားထုတ်နေသည်က အမျိုးသား ပြန်လည်သင့်မြတ် ရေး သို့မဟုတ် ရင်ကြားစေ့ရေးအတွက် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်လိုခြင်း ဖြစ်သည်။ နိုင်ငံတော်သမ္မတ၊ ကျွန်တော်နှင့်သူတို့တွေ့ဆုံဆွေးနွေးရန်၊ အလားတူပင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် တွေ့ဆုံဆွေးနွေးရန် ကြိုးပမ်းခဲ့သည်။ ၂ ပွင့်ဆိုင်၊ ၃ ပွင့်၊ ၄ ပွင့်ဆိုင် စသည်ဖြင့် အကြိမ်ကြိမ် ကြိုးပမ်းသော်လည်း ဖြစ်မြောက်ခြင်း မရှိခဲ့ဘဲ နောက်ဆုံးတွင် လွှတ်တော်က ၆ ပွင့်ဆိုင်တွေ့ရန်အဆိုကို တိုက်တွန်းမှု ကြောင့် ၂၀၁၅ ခုနှစ် ဧပြီလ ၁၀ ရက်နေ့တွင် တစ်ကြိမ်ခဏတာမျှသာ တွေ့ဆုံကြပြီးနောက် ရွေးကောက်ပွဲပြီးသည့်အထိ ဘာမှမယ်မယ်ရရ မဖြစ်ခဲ့ပါ။ ထိုတွေ့ဆုံမှု မတိုင်မီ ၂၀၁၅ ခုနှစ် ဇန်နဝါရီ လ ၁၅ ရက်နေ့တွင်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့များမှ တိုင်းရင်းသား ရေးရာဝန်ကြီးအားလုံး အပါအဝင် ၄၈ ဦး တက်ရောက်ပြီး တွေ့ဆုံကြရသည်။ အများနှင့် ရောနှောတွေ့ဆုံရခြင်းဖြင့် ရုပ်ပြဟန်ပြဆန်ဆန် အဆုံးသတ် သွားခဲ့ရသည်မှာ ဝမ်းနည်းစရာကောင်းလှသည်။ အကယ်၍ ထိုစဉ်ကမိမိတို့ ကြိုးပမ်းခဲ့သည့် ၂ ပွင့်ဆိုင်၊ ၃ ပွင့်ဆိုင်၊ ၄ ပွင့်ဆိုင်၊ ၆ ပွင့်ဆိုင် တွေ့ဆုံမှုများကို ရိုးသားစွာနှင့် ရင်းနှီးပွင့်လင်းစွာ လက်ခံ တွေ့ဆုံ၍ နှစ်ဖက်သဘောတူညီချက်များ ရယူနိုင်ကြမည်ဆိုလျှင် ယနေ့အချိန်တွင် အမျိုးသားရင်ကြားစေ့ရေးသည် အတော်ခရီးရောက်နေမည်ဖြစ်ကာ ငြိမ်းချမ်းရေး လုပ်ငန်းများလည်း ယခုအခြေအနေထက် အောင်မြင် ပေါက်မြောက်နိုင်ဖွယ်ရှိသည်။

**အကယ်၍**
**ထိုစဉ်ကမိမိတို့ ကြိုးပမ်းခဲ့သည့်**
**၂ ပွင့်ဆိုင်၊ ၃ ပွင့်ဆိုင်၊ ၄ ပွင့်ဆိုင်၊ ၆ ပွင့်ဆိုင်တွေ့ဆုံမှုများကို**
**ရိုးသားစွာနှင့်ရင်းနှီးပွင့်လင်းစွာလက်ခံတွေ့ဆုံ၍**
**နှစ်ဖက်သဘောတူညီချက်များ ရယူနိုင်ကြမည်ဆိုလျှင်**
**ယနေ့အချိန်တွင် အမျိုးသားရင်ကြားစေ့ရေးသည်**
**အတော်ခရီးရောက်နေမည်ဖြစ်ကာ ငြိမ်းချမ်းရေးလုပ်ငန်းများလည်း**
**ယခုအခြေအနေထက် အောင်မြင်ပေါက်မြောက်နိုင်ဖွယ်ရှိသည်။**




ဒေါ်အောင်ဆန်းစုကြည်၊ သူရဦးရွှေမန်းနှင့် ဦးခင်အောင်မြင့်တို့ ကရင်ပြည်နယ်နေ့ ဂုဏ်ပြုညစာစားပွဲသို့တက်ရောက်စဉ်



ဒေါ်အောင်ဆန်းစုကြည်၊ သူရဦးရွှေမန်းနှင့် ဦးခင်အောင်မြင့်တို့ ချင်းပြည်နယ်နေ့ ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်စဉ်



ဒေါ်အောင်ဆန်းစုကြည်၊ သူရဦးရွှေမန်းနှင့် ဦးခင်အောင်မြင့်တို့ မွန်ပြည်နယ်နေ့ ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်စဉ်



ဒေါ်အောင်ဆန်းစုကြည်၊ သူရဦးရွှေမန်းနှင့် ဦးခင်အောင်မြင့်တို့ ချင်းပြည်နယ်နေ့ ဂုဏ်ပြုညစာစားပွဲသို့တက်ရောက်စဉ်

## သတင်းမီဒီယာများနှင့်ပူးတွဲတွေ့ဆုံမှုများက ရိုးသားခြင်းနှင့် ပွင့်လင်းမှုကိုပြသည်

ပထမအကြိမ်လွှတ်တော်ကာလအတွင်းတွင် ကျွန်တော်နှင့်သူ နှစ်ဦးပေါင်း၍ သတင်းမီဒီယာများကို တွေ့ဆုံခဲ့မှုများလည်း ရှိသည်။ ထိုသို့နှစ်ဦး ပူးတွဲတွေ့ဆုံခဲ့သည့်အတွက် နှစ်ဦးလုံးက ပြောစရာရှိသည်များကို မီဒီယာများအား ပွင့်ပွင့်လင်းလင်းပြောဆိုခွင့် ရရှိသကဲ့သို့ တစ်ဖက်ကလည်း တစ်ဦးပြောသည့် ကိစ္စရပ်များအပေါ် နောက်တစ်ဦးက ဖြည့်စွက် ရှင်းလင်း ပြောကြားခွင့် ရရှိခဲ့သည်။ တစ်ခါတစ်ရံတွင်လည်း သတင်းထောက်အချို့၏ မေးခွန်းအချို့ကြောင့် နှစ်ဦးသားအပြန်အလှန် သူတင်ကိုယ်တင်ဖြေရသည်မျိုးလည်း ရှိတတ်သည်။

ဥပမာအနေဖြင့် ၂၀၁၃ ခုနှစ် ဇူလိုင်လ ၁၈ ရက်နေ့က သတင်းမီဒီယာများနှင့် နှစ်ဦးပေါင်း၍တွေ့ဆုံခဲ့စဉ် Hot News ဂျာနယ်သတင်းထောက်က -

> **"ဥက္ကဋ္ဌကြီးအနေနဲ့ သမ္မတဖြစ်ချင်တယ်။ အဲဒီတော့ ဒေါ်အောင်ဆန်းစုကြည် အနေနဲ့ သမ္မတဖြစ်ခွင့်ရရင်ဖြစ်ချင်တယ်လို့ ပြောဆိုထားတာရှိပါတယ်။ တကယ်လို့ နှစ်ယောက်ထဲက တစ်ယောက်ကို ရွေးခဲ့ရမယ်ဆိုရင် ဘယ်သူ့ကို ရွေးမှာလဲ။ ပြီးတော့ တစ်ယောက်နဲ့ တစ်ယောက်ရဲ့ အားသာချက်၊ အားနည်းချက်ကို တစ်ချက်လောက် ပြောပြပေးပါ"**

ဟူ၍မေးရာ သူက-

> **"မှန်မှန်ကန်ကန် ယှဉ်ပြိုင်ချင်တယ်ဆိုလို့ရှိရင်တော့ မျှတအောင်လုပ်ပေး ရမှာပေါ့။ အဲဒီတော့ ဥက္ကဋ္ဌကြီးအနေနဲ့ ကျွန်မနဲ့ ယှဉ်ပြိုင်ရဲတယ်ဆိုလို့ရှိရင်တော့ ကျွန်မသမ္မတ ဖြစ်နိုင်အောင်လို့ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြောင်းလဲပြီးတော့ နောက်ဆက်ဘာများ လုပ်ပေး ရမလဲ။ အဲဒီလို မလုပ်ပေးဘူးဆိုလို့ရှိရင်တော့ မမှန်ကန်တဲ့ယှဉ်ပြိုင်မှုဖြစ်လို့ ဒီလိုပဲ ကျွန်မကန့်ကွက်မှာပဲ။ အဲဒီတော့ ဘယ်သူကတော့သာတယ်။ နာတယ်ဆိုတာ.. နိုင်ငံရေးမှာရှိတယ်ဆိုရင် လူတစ်ယောက်ကအမြဲပဲ တစ်ချိန်လုံး သာနေတာပဲ မဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ နိုင်ငံရဲ့လိုအပ်ချက်အရ၊ ပြည်သူတွေရဲ့ လိုအပ်ချက်အရဒီခေါင်းဆောင်လုပ်တဲ့သူတွေရဲ့အရည်အချင်းလိုအပ်ချက်တွေကလည်း**



ဒေါ်အောင်ဆန်းစုကြည်နှင့် သူရဦးရွှေမန်းတို့ ၁၈-၇-၂၀၁၃ ရက်နေ့ ၁၂:၀၀ နာရီအချိန်တွင်
လွှတ်တော်ရုံးဆောင် မီဒီယာခန်းမ၌ မီဒီယာအဖွဲ့ဝင်များနှင့် တွေ့ဆုံစဉ်

**ပြောင်းသွားကြပါတယ်။ ဘယ်သူကမှ ဒါကို ထာဝရအစဉ်အမြဲ သာနေတယ်ဆိုတာ မရှိနိုင်ပါဘူး။ အဲဒါကြောင့်မို့လို့ ကိုယ်သာတယ်၊ သူသာတယ်ဆိုတာ ပြောစရာအကြောင်းမရှိပါဘူး။ နောက်ဆုံးကျတော့ ပြည်သူလူထုက ရွေးချယ်မှာပဲ။ အဲဒီတော့ နိုင်အောင်လုပ်မယ်ဆိုတာဟာ အလုပ်တစ်ခုကို လုပ်လို့ရှိရင် မှန်မှန်ကန်ကန်နဲ့ ပြတ်ပြတ်သားသားလုပ်လို့ ရှိရင်တော့ အနိုင်ရနိုင်တယ်လို့ ကျွန်မတို့ ဒီလိုပဲ ယုံကြည်တယ်။ ဒီအတိုင်းပဲ ကျွန်မတို့ဆက်လက်လုပ်သွားမှာပဲ။ ဒါက ကိုယ်ကသာလို့ သူကသာလို့ ဒီလိုသဘောနဲ့ မဟုတ်ပါဘူး။ ပြည်သူလူထုရဲ့ ထောက်ခံမှုရ အောင်လို့ ကျွန်မတို့ မှန်မှန်ကန်ကန်လုပ်နိုင်တယ်လို့ ယုံကြည်တဲ့ သဘောနဲ့ လုပ်ဆောင်တာ ဖြစ်ပါတယ်"**

ဟုဖြေခဲ့သည်။ သတင်းထောက်က ဆက်လက်၍ကျွန်တော့်ကို **"ဥက္ကဋ္ဌကြီးအနေနဲ့ သမ္မတဖြစ်ခွင့်ရမယ်ဆိုရင်ကော အမြင်လေးပေါ့။ အားနည်းချက်၊ အားသာချက်လေး ပြောပေးပါဦး"** ဟုမေးမြန်းရာ သူကပင်သတင်းထောက် အမေးကိုချက်ချင်း ဝင်ဖြေလိုက်သည်မှာ -

**"ကျွန်မက အသက်ပိုကြီးတယ်နော်။ ကျွန်မကအရင်ဖြစ်သင့်ပြီ"** ဟူ၍ ဖြစ်သည်။

ထိုသို့ ပြောလိုက်သည်တွင် အားလုံးရယ်မောကြရသည်။ သူသည် အလွန်ထက်မြက်သူ၊ သွက်လက်သူဖြစ်ရာ ထိုကဲ့သို့ မေးခွန်းများကို လျင်မြန်စွာစဉ်းစားဖြေကြားတတ်သူလည်း ဖြစ်သည်။ ကျွန်တော်ကလည်း သတင်းထောက်၏ အမေးကို **"ဒီမေးခွန်းကို ဥက္ကဋ္ဌ**

**ကြီး ဖြေစရာမလိုတဲ့နဲ့ ဒေါ်အောင်ဆန်းစုကြည်ဖြေတာ လုံလောက်တယ်လို့ ယူဆပါတယ်"** ဟုသာ ဖြေဆိုလိုက်ပါသည်။

ဤမျှနှင့် မရပ်သေးဘဲ နောက်ထပ်ဆက်လက်၍ **"၂၀၁၅ မှာ တကယ်လို့ပြည်သူက နေပြီးတော့ အန်ကယ်တို့နှစ်ယောက်ကို ရွေးချယ်လိုက်ပြီးတဲ့အခါမှာ အန်ကယ်က သမ္မတဖြစ်သွားမယ်။ အန်တီစုက ဒုတိယသမ္မတဖြစ်သွားမယ်ဆိုရင် အန်တီစုဘယ်လို သဘောရပါသလဲ။ ၂၀၁၅ မှာ ဦးရွှေမန်းက သမ္မတဖြစ်မယ်၊ အန်တီစုက ဒုတိယသမ္မတ ဖြစ်မယ်ဆိုရင် အန်ကယ်ဘယ်လိုသဘောရပါသလဲ"** ဟု သတင်းထောက်က မေးလာပြန်ပါသည်။ ထိုအမေးကို သူက -

"ပြောတဲ့ အကြောင်းပေါ်မှာ မူတည်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေကို မပြောင်းရင် ဒုသမ္မတပဲဖြစ်မယ်ဆိုရင် မတရားဘူးလို့ ပြောရမှာပဲ။ ဖွဲ့စည်းပုံအခြေခံ ဥပဒေပြောင်းပြီး လို့ရှိရင်တော့ ဘယ်သူပဲဖြစ်ဖြစ် ပြည်သူကနေပြီးတော့ ရွေးချယ်တဲ့သူကို ကျွန်မတို့ လက်ခံရမှာပဲ"

ဟုဖြေခဲ့သည်တွင် ကျွန်တော်က သတင်းထောက်အား -

**"ဟဲလေ။ ခုနကမေးရင် ရိုးရိုးပဲမေးပါ။ ရန်တိုက်မပေးပါနဲ့။ ကျွန်တော်တို့ဘယ်တော့မှ ရန်ဖြစ်မှာမဟုတ်ပါဘူး။"** ဟု ရယ်မောကာ ဝင်ပြောလိုက်ပါသည်။



ဒေါ်အောင်ဆန်းစုကြည်နှင့် သူရဦးရွှေမန်းတို့ ၂၆-၃-၂၀၁၄ ရက်နေ့ ၁၆း၄၅ နာရီအချိန်တွင် ဇမ္ဗူသီရိဆောင် မီဒီယာခန်းမ၌ သတင်းမီဒီယာများနှင့် တွေ့ဆုံစဉ်



ဒေါ်အောင်ဆန်းစုကြည်၊ သူရဦးရွှေမန်းနှင့် ဦးသိန်းဇော်တို့ ၁၈-၇-၂၀၁၃ ရက်နေ့ ၁၂၀၀ နာရီအချိန်တွင် ဖျူ့ဆိုရီဆောင် မီဒီယာခန်းမ၌ သတင်းမီဒီယာများနှင့် တွေ့ဆုံစဉ်

အလားတူ မေးခွန်းမျိုးကိုလည်း ၂၀၁၃ ခုနှစ် ဇွန်လအတွင်းက ကျွန်တော်၏ အမေရိကန်ခရီးစဉ်တွင် RFA သတင်းဌာနက မေးမြန်းသည်မှာ-

**"ဒေါ်အောင်ဆန်းစုကြည် သမ္မတဖြစ်လို့ရှိရင်ရော မြန်မာနိုင်ငံအနာဂတ် ပိုကောင်းလာလိမ့်မယ်လို့ရော ဥက္ကဋ္ဌကြီးတစ်ဦးတည်း အနေနဲ့ပေါ့ ယုံကြည် ပါသလားခင်ဗျ"**

ဟူ၍ဖြစ်သည်။ ထိုမေးခွန်းကို ကျွန်တော်ဖြေခဲ့သည်မှာ -

**"ဒါကတော့ အခြေအနေစောင့်ကြည့်ရမယ့် သဘောရှိပါတယ်။ ဘယ်သူခေါင်းဆောင်ဖြစ်တဲ့အချိန်မှာ ကိုယ့်နိုင်ငံပိုကောင်းအောင်တော့ လုပ်ကြပါတယ်။ စေတနာကောင်းသလို လုပ်နည်းလုပ်ဟန်မှန်မှလည်း တိုးတက်မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒေါ်အောင်ဆန်းစုကြည်မှာလည်း စေတနာအပြည့်ရှိကြောင်း သိနားလည်ပါတယ်။ သို့ရာတွင် လုပ်နည်းလုပ်ဟန်အပိုင်းနဲ့ စွမ်းဆောင်မှုအပိုင်းကိုတော့ စောင့်ကြည့်မှပဲပြောလို့ရမယ့်အနေအထား ဖြစ်ပါတယ်"** ဟု ဖြေခဲ့ပါသည်။

## နိုင်ငံတော်နှင့် နိုင်ငံသားများ၏အကျိုးကို အထိရောက်ဆုံးနှင့် အကျယ်ပြန့်ဆုံး ဖော်ဆောင်နိုင်မည့်အခွင့်အရေးကို ရယူလိုသူ

RFA က ဆက်လက်မေးမြန်းသည်မှာ -

**"ဒေါ်အောင်ဆန်းစုကြည်က NLD ပါတီရဲ့ ဥက္ကဋ္ဌအနေနဲ့ပေါ့၊ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲမှာ သမ္မတနေရာဝင်ပြိုင်ချင်တယ်လို့ ပြောပါတယ်။ ဥက္ကဋ္ဌကြီး အနေနဲ့ရော ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီရဲ့ ဥက္ကဋ္ဌအနေနဲ့ပေါ့ခင်ဗျ။ ၂၀၁၅ ခုနှစ် ရွေး ကောက်ပွဲမှာ ဝင်ပြိုင်ချင်တဲ့ဆန္ဒ၊ ဒါမှမဟုတ် သမ္မတဖြစ်ချင်တဲ့ အာသီသများ ရှိပါသလား။ သိပါရစေခင်ဗျ"**

ဟုဖြစ်သည်။ ထိုမေးခွန်းကို ကျွန်တော်ဖြေဆိုခဲ့သည်မှာ -

**"တိုတို ဖြေရမယ်ဆိုရင်တော့ မိမိလည်းဝင်ရောက်ယှဉ်ပြိုင်မှာဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုရင် နိုင်ငံနှင့်နိုင်ငံသားအကျိုးစီးပွားကို ဖော်ဆောင်တဲ့ နေရာမှာ သမ္မတက အရေးပါတယ်ဆိုလို့ရှိရင် သမ္မတဖြစ်ချင်ပါတယ်။ မိမိသည် ဒီထက် အရေးပါတဲ့ နေရာရှိတယ်ဆိုရင်လည်း အဲဒီအရေးပါတဲ့နေရာကို မိမိဝင်ရောက် ဆောင်ရွက်လိုပါတယ်"**

ဟူ၍ ဖြစ်သည်။ အဓိကဆိုလိုရင်းဖြစ်သည့် "နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးကို အထိရောက်ဆုံးနှင့် အကျယ်ပြန့်ဆုံးဖော်ဆောင်နိုင်မည့်အခွင့်အရေးကို ရယူလိုခြင်း" ပင်ဖြစ်သည်။ အမေးအဖြေအပြည့်အစုံသိလျှင်ပိုမိုစိတ်ဝင်စားဖွယ်ကောင်းပြီး သုံးသပ်မှု များပြုနိုင်မည်ဟုယူဆပါသည်။

**( RFAသတင်းဌာန၏ မေးမြန်းမှုနှင့် ဖြေကြားချက် အပြည့်အစုံကို နောက်ဆက်တွဲ (က) တွင် ဖော်ပြထားပါသည်။ )**

ထို တွေ့ဆုံမေးမြန်းမှုမှာပင် ကျွန်တော့်ကို ၂၀၁၁ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ ကာလကိုသုံးသပ်၍ မြန်မာနိုင်ငံ၏ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးအတွက် အကြီးမား ဆုံးစိန်ခေါ်မှု ဘာဖြစ်မလဲဟုမေးမြန်းသည်။

ကျွန်တော်က ဖြေဆိုခဲ့ရာတွင် **"အဓိကကတော့ သူများတွေပြောနေတဲ့ mind-set ပေါ့။ လူတွေရဲ့စိတ်ထား။ အဲဒါအပြင် ဒီမိုကရေစီဆိုတာဘာလဲ။ ဒီမိုကရေစီ ကျင့်စဉ်**

ဆိုတာဘာလဲ။ ဒီဟာကို အားလုံးနားလည်ပြီးတော့ မှန်မှန်ကန်ကန် ကျင့်သုံးဖို့လိုပါတယ်။ ဒီမိုကရေစီကို နာမည်လောက်သာသိပြီးတော့ ဒီမိုကရေစီရဲ့သဘောသဘာဝကို၊ အနှစ်သာရကို မသိဘဲနဲ့လုပ်ချင်ရာလုပ်မယ် ဆိုလို့ရှိရင် မိမိတို့ပြောင်းလဲလိုက်တဲ့ ဒီမိုကရေစီဟာ အကျိုးထက်အပြစ်တွေရသွားမှာ စိုးရိမ်ပါတယ်။ ဒီဟာသည်အကြီးမားဆုံး၊ စိန်ခေါ်မှုလို့ မိမိမြင်ပါတယ်"

ဟူ၍ ဖြစ်သည်။ ကျွန်တော်တို့၏ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးဖြစ်စဉ်သည် ဆောင်ရွက်ဆဲအဆင့်တွင်သာ ရှိသေးသည့်အတွက် လက်ရှိတွင်လည်း ဒီအတိုင်းမှန်ကန်နေဆဲဟု ဆိုရမည်ဖြစ်သည်။

RFA က ဆက်လက်၍ ဒေါ်အောင်ဆန်းစုကြည်နဲ့ လွှတ်တော်ထဲမှာ အတူလက်တွဲလုပ်ရတဲ့အတွက် ဥက္ကဋ္ဌကြီးရဲ့ ခံစားချက်အတွေ့အကြုံပေါ့ခင်ဗျ ပိုပြီးတော့ အရင်ကထက်စာရင်လုပ်ငန်းတွေများ၊ ပိုတွင်ကျယ်လာသလား။ ဒေါ်အောင်ဆန်းစုကြည် မရှိခင်ကာလလွှတ်တော်နဲ့ ဒေါ်အောင်ဆန်းစုကြည်ရှိပြီးနောက်ပိုင်းလွှတ်တော်ပေါ့လေ၊ ဥက္ကဋ္ဌကြီး နည်းနည်းခွဲခြားပြီး ပြောပြပေးစေချင်ပါတယ် ဟူ၍မေးရာ ကျွန်တော်ဖြေခဲ့သည်မှာ -

"လုပ်ငန်းတွေပိုပြီးတော့ တွင်ကျယ်လာတယ်၊ အောင်မြင်လာတယ်လို့ ပြောနိုင်ပါတယ်။ ဒီလိုဖြစ်ရခြင်း၊ အကြောင်းရင်းကို ပြန်ပြီးတော့ ပြောချင်တယ်။ မြန်မာနိုင်ငံဟာ တိုင်းရင်းသား၊ စည်းလုံးညီညွတ်ရေး ရအောင် ကြိုးစားတယ်။ အဲဒီလိုပဲ မိမိတို့မြန်မာနိုင်ငံ အမျိုးသားပြန်လည်သင့်မြတ်ရေးရရှိအောင် ကြိုးစားတယ်။ အဲဒီနည်းတူပဲ မိမိတို့နိုင်ငံပဋိပက္ခများ၊ ချုပ်ငြိမ်းအောင် မိမိတို့ကြိုးစားတယ်။ ဒီကြိုးစားမှုတွေဟာ မိမိတို့ထင်သလောက် မအောင်မြင်ခဲ့ဘူး။ မအောင်မြင်ခဲ့တဲ့နေရာမှာ အခုဒေါ်အောင်ဆန်းစုကြည် လွှတ်တော်ထဲကို ရောက်လာတယ်။ ရောက်လာတာ ဒေါ်အောင်ဆန်းစုကြည်သည် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ဥက္ကဋ္ဌတစ်ဦးဖြစ်သလို နိုင်ငံရေးပါတီတစ်ရပ်ရဲ့ ခေါင်းဆောင်လည်းဖြစ်တယ်။ မိမိတို့နိုင်ငံမှာ အမျိုးသားပြန်လည် သင့်မြတ်ရေး ဆောင်ရွက်ချင်တယ်ဆိုရင်ပါတီများနဲ့ မိမိတို့ပါတီအချင်းချင်း၊ လုပ်ဖော်ကိုင်ဘက်လိုသဘောထားပြီး ဆောင်ရွက်ဖို့လိုတယ်။ ဒါကြောင့်မို့လို့ ဒေါ်အောင်ဆန်းစုကြည်ကို မှတည်ပြီးပြောတဲ့နေရာမှာ ဒေါ်အောင်ဆန်းစုကြည်သည်

အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ဥက္ကဋ္ဌဖြစ်သလို မိမိလည်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီရဲ့ ခေါင်းဆောင်တစ်ဦးလည်း ဖြစ်တယ်။ ဒါကြောင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆောင်ရွက်မယ်ဆိုရင် ပါတီအချင်းချင်းလည်း လုပ်ဖော်ကိုင်ဖက်လို သဘောထားဖို့လိုတယ်။ မိမိတို့ဟာ ရန်သူမဟုတ်ကြဘူး။ နိုင်ငံကောင်းအောင် လုပ်တဲ့နေရာမှာ ကိုယ့်ပါတီ၊ ကိုယ့်နိုင်ငံကောင်းအောင်လုပ်ကြတာဖြစ်တဲ့အတွက် နိုင်ငံကောင်းအောင် ဒေါ်အောင်ဆန်းစုကြည် လွှတ်တော်ထဲ ရောက်လာပြီး လက်တွဲဆောင်ရွက်တဲ့အတွက် ပိုမိုအောင်မြင်မှု ရှိတယ်လို့ ပြောနိုင်ပါတယ်"

မိမိတို့ နိုင်ငံမှာ အမျိုးသားပြန်လည်သင့်မြတ်ရေး ဆောင်ရွက်ချင်တယ်ဆိုရင်
ပါတီများနဲ့ မိမိတို့ပါတီအချင်းချင်း လုပ်ဖော်ကိုင်ဖက်လို သဘောထားပြီး
ဆောင်ရွက်ဖို့လိုတယ်။ ဒါကြောင့်မို့လို့ ဒေါ်အောင်ဆန်းစုကြည်ကို
မှတည်ပြီးပြောတဲ့နေရာမှာ ဒေါ်အောင်ဆန်းစုကြည်သည်
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌဖြစ်သလို
မိမိလည်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီရဲ့
ခေါင်းဆောင်တစ်ဦးလည်း ဖြစ်တယ်။
ဒါကြောင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆောင်ရွက်မယ်ဆိုရင်
ပါတီအချင်းချင်းလည်း လုပ်ဖော်ကိုင်ဖက်လို သဘောထားဖို့လိုတယ်။
မိမိတို့ဟာ ရန်သူမဟုတ်ကြဘူး။
နိုင်ငံကောင်းအောင် လုပ်တဲ့နေရာမှာ ကိုယ့်ပါတီ၊ ကိုယ့်နိုင်ငံကောင်းအောင်
လုပ်ကြတာဖြစ်တဲ့အတွက် နိုင်ငံကောင်းအောင်
ဒေါ်အောင်ဆန်းစုကြည် လွှတ်တော်ထဲရောက်လာပြီး
လက်တွဲဆောင်ရွက်တဲ့အတွက် ပိုမိုအောင်မြင်မှုရှိတယ်လို့ ပြောနိုင်ပါတယ်။

## ကျွန်တော်နှင့် ဘီဘီစီအင်တာဗျူးမှ ကောက်နုတ်ချက်

၂၀၁၅ ခုနှစ် ဇူလိုင်လ ၂၈ ရက်နေ့တွင် ရန်ကုန်မြို့ အင်းလျားလမ်း အမှတ် (၅၉) ရှိ လွှတ်တော်ရုံးခွဲ (ရန်ကုန်) ၌ ပြုလုပ်သည့် ဘီဘီစီမြန်မာပိုင်းအစီအစဉ်၏ ထိုစဉ်က ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်နေသော ကျွန်တော်နှင့်အင်တာဗျူးမှ သူနှင့်ဆက်စပ်၍ မေးမြန်းမှုများကို ဖြေကြားခဲ့ရသည်။

ဘီဘီစီက ကျွန်တော်တို့သိရသလောက်တော့ ဒေါ်အောင်ဆန်းစုကြည်နဲ့မကြာခဏ သီးသန့်တွေ့ဆုံမှုတွေရှိနေတယ်လို့ သိရပါတယ်။ ဒီတော့ဒေါ်အောင်ဆန်းစုကြည်နဲ့ ဥက္ကဋ္ဌကြီးကြားမှာ တစ်ဖက်နဲ့တစ်ဖက်အပြန်အလှန်နားလည်မှု၊ သဘောတူညီမှု ယူထားတာများရှိပါသလားဟုမေးမြန်းရာ ကျွန်တော်က -

**"ရှိပါတယ်။ နားလည်မှု၊ သဘောတူညီမှု၊ ယုံကြည်မှုတွေရှိပါတယ်။ ဒါကဘာလဲဆိုရင် ကျွန်တော်တို့နိုင်ငံတော်နဲ့ နိုင်ငံသားအကျိုးစီးပွားအတွက်ဆိုရင် ကျွန်တော်တို့**



ဒေါ်အောင်ဆန်းစုကြည်၊ သူရဦးရွှေမန်းနှင့် ဗြိတိန်နိုင်ငံ ကာကွယ်ရေးဦးစီးချုပ် General David Richards တို့ ၃-၆-၂၀၁၃ ရက်နေ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌရုံးခန်းတွင် တွေ့ဆုံဆွေးနွေးပြီးနောက် မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်

**ညှိနှိုင်းပူး ပေါင်းဆောင်ရွက်မယ်၊ ရွေးကောက်ပွဲကျရင်တော့ အနိုင်ရအောင် ပြိုင်ကြမယ်။ ဒါကျွန်တော်တို့ရဲ့ နားလည်မှု၊ ယုံကြည်မှုပဲ။ ပြောရမယ်ဆိုရင် (Gentleman's Agreement) လူကြီးလူကောင်းသဘောတူညီချက်ဖြစ်ပါတယ်"**

လို့ ပြောခဲ့ပါတယ်။

ဆက်လက်၍ ဘီဘီစီက အစိုးရနဲ့စစ်တပ်ကတစ်ဖက်၊ ဦးကျော်ထူးကြီးနဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ကတစ်ဖက်ဖြစ်နေတဲ့ အခြေအနေမျိုးမှာ ဒီလိုမျိုးဖြစ်နေကြတာတွေကို အချို့ကလည်း နိုင်ငံရေးကစားကွက်၊ ပြည်ခိုင်ဖြိုးပါတီရဲ့ကစားကွက်တစ်ခုအနေနဲ့ မြင်တဲ့ လူတွေလဲမြင်ကြပါတယ်။ ဒါကလည်း တပ်မတော်ဦးဆောင်မှုနဲ့ ပြည်ခိုင်ဖြိုး အသင်းကြီးကနေ ပြည်ခိုင်ဖြိုးပါတီအဖြစ် ပြောင်းလဲလာတယ်ဆိုတော့ လူတွေရဲ့ စိတ်ထဲမှာ သံသယတော့ရှိနေကြပါတယ်။ ဒီတော့ ဒီသံသယတွေ ပြေပျောက်အောင် ဘယ်လိုများဆောင်ရွက်နိုင်မလဲဟု မေးမြန်းရာ ကျွန်တော်က

**"အဲဒီတော့ မေးခွန်းကိုမေးမယ်ဆိုရင် ကာယကံရှင် ဒေါ်အောင်ဆန်း စုကြည်ကိုလည်း မေးသင့်ပါတယ်။ ထို့နည်းတူစွာပဲ ကျွန်တော့်ခုနကမိတ်ဆွေပြောတဲ့ တပ်မတော်တို့ အစိုးရအဖွဲ့တို့ကို မေးခွင့်ရှိရင် မေးသင့်ပါတယ်။ ကျွန်တော်ကတော့ စကားကို အနုတစ်မျိုး၊ တော်ကြာတစ်မျိုး ပြောတတ်တဲ့ အလေ့မရှိပါဘူး။ ကျွန်တော်တို့က တည်ကြည် ဖြောင့်မတ်စွာပဲ အလုပ်တစ်ခုကို လုပ်ချင်ပါတယ်။ အချို့ကလည်း ကျွန်တော့ကို ပြောပါတယ်။ အရာရာကို ရိုးသားပြီးဆောင်ရွက်လို့ မရဘူး။ နိုင်ငံရေးက ရှုပ်ထွေးတယ်။ ဒါကြောင့် မို့လို့ အမေးမျိုး၊ အပြောမျိုးရှိပါတယ်။ ကျွန်တော်ကတော့ တည်ကြည်ဖြောင့်မတ်မှုပဲ လိုလားပါတယ်။ ကျွန်တော်ပရိယာယ်နဲ့ ဆောင်ရွက်နေတာ မဟုတ်ဘဲနဲ့ အရှိအတိုင်းပဲဆောင်ရွက်နေခြင်းဖြစ်ပါတယ်"**

လို့ ပြောခဲ့ပါတယ်။

ပြီးတော့ ဘီဘီစီက ဒီမေးခွန်းက ထင်မြင်ယူဆချက်နဲ့ မေးတာပါ။ တကယ်လို့များ ၂၀၁၅ ရွေးကောက်ပွဲမှာ ဦးကျော်ထူးကြီးမျှော်မှန်းသလို သမ္မတဖြစ်မလာခဲ့ဘူးဆိုရင် နိုင်ငံရေးကနေအနားယူဖို့ အစီအစဉ်ရှိပါသလားဟုမေးမြန်းရာ ကျွန်တော်က

**"နိုင်ငံရေးကတော့ ခန့်မှန်းရတာ ခက်ပါတယ်။ ဒါပေမယ့် နိုင်ငံရေးသမားတို့ နိုင်ငံရေးပါတီတို့ ဆိုတာ မျှော်မှန်းချက် ထားရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ**



ဒေါ်အောင်ဆန်းစုကြည်၊ သူရဦးရွှေမန်း၊ ဦးခင်အောင်မြင့်နှင့် အမေရိကန်သမ္မတ အိုဘားမားတို့
၁၄-၁၁-၂၀၁၄ ရက်နေ့ ၁၅း၀၀ နာရီအချိန်တွင် နေပြည်တော်ရှိ နန်းဝတီဟိုတယ်၌ တွေ့ဆုံဆွေးနွေးစဉ်

စစ်သားတစ်ယောက် ဖြစ်ခဲ့သလို ဗိုလ်ချုပ်အောင်ဆန်းပြောခဲ့တဲ့စကား အတိုင်းပါပဲ။ "Hope for the best, Prepare for the worst" အကောင်းဆုံးအတွက် မျှော်လင့်ထားသလို အဆိုးဆုံးအတွက်လဲ ပြင်ဆင်ထားပါပြီ။ အဲဒီလို ပြင်ဆင်တဲ့ နေရာမှာ ကျွန်တော့်ရဲ့ပြင်ဆင်မှုက ကျွန်တော်တို့အသက်ရှင် ကျန်းမာနေသရွေ့ နိုင်ငံနှင့်နိုင်ငံသားအကျိုးစီးပွားအတွက် ဆောင်ရွက်မယ်။ တာဝန်ပေးရင်ပေးတဲ့အပေါ် မူတည်ပြီး ဆောင်ရွက်မယ်။ ပြည်သူများရဲ့ အဆုံးအဖြတ်သာဖြစ်ပါတယ်" လို့ ပြောခဲ့ပါတယ်။ (ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌသူရဦးရွှေမန်းနှင့် ဘီဘီစီအင်တာဗျူးမှ ပို၍ပြည့်စုံသောကောက်နုတ်ချက်ကိုနောက်ဆက်တွဲ (ခ) အဖြစ်ဖော်ပြထားပါသည်။ )

**ကျွန်တော့်ရဲ့ပြင်ဆင်မှုက ကျွန်တော်တို့အသက်ရှင်ကျန်းမာနေသရွေ့**
**နိုင်ငံနှင့်နိုင်ငံသားအကျိုးစီးပွားအတွက်ဆောင်ရွက်မယ်။**
**တာဝန်ပေးရင်ပေးတဲ့အပေါ် မူတည်ပြီးဆောင်ရွက်မယ်။**
**ပြည်သူများရဲ့အဆုံးအဖြတ်သာဖြစ်ပါတယ်။**

## ပြည်သူ့ဆန္ဒနှင့် နိုင်ငံ့အကျိုးအတွက် အခြေခံဥပဒေပြင်ဆင်ရန် ကြိုးပမ်းကြခြင်း

တကယ်တော့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်လိုခြင်းသည် သူ့အတွက် မဟုတ်။ ပြည်သူ့ အတွက် နိုင်ငံ့အတွက် အဓိကဖြစ်သည်။ ပြည်သူများ၏ ဆန္ဒအပေါ်မူတည်ပြီး အခြေခံဥပဒေကို ပြင်ဆင်ခြင်းဖြင့် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှုဖြစ်စဉ် ပိုမိုလျင်မြန်လာနိုင်ခြင်း၊ နိုင်ငံ၏တည်ငြိမ်အေးချမ်းမှု ပိုမိုတိုးတက်ကောင်းမွန်လာခြင်း၊ အမျိုးသားပြန်လည်သင့်မြတ်ရေး ပိုမိုကောင်းမွန်လာခြင်းဆိုသည့် ရလဒ်ကောင်းများရရှိမည်ဟု ကျွန်တော့်အနေဖြင့် ယုံကြည်ခဲ့သည်။ ပြည်သူ့ဆန္ဒအတွက် ပြင်ရန်ကြိုးပမ်းခဲ့သည် ဆိုသော်လည်း၊ ပြည်သူ့ဆန္ဒ အလုံးစုံကို အကောင်အထည် ဖော်ဆောင်ရန် ကြိုးပမ်းခဲ့ခြင်း မဟုတ်ပါ။ ပြည်သူများလိုလားသည့် အချက်များထဲမှ တိုင်းပြည်အတွက်လည်း ကောင်းပြီး လက်တွေ့လည်း အမှန်တကယ် ပြုပြင်နိုင်ဖွယ်ရှိသည့် ပုဒ်မများကို ဦးစားပေး၍ ပြင်ဆင်ရန် ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။ ပြင်ဆင်ရာတွင် လုံးဝမပြင်သင့်သော ပုဒ်မများကို ဆက်လက်ထားရှိရမည်။ ပြင်ဆင်သင့်သည်ကို ပြင်ဆင်ပြီးထားရှိသင့်သည်တို့ကို ဆက်လက်ထားရှိမှသာ အထက် ဖော်ပြပါရည်ရွယ်ချက်များ ရရှိနိုင်မည်ဟု ယုံကြည်သည်။

အခြေခံဥပဒေပြင်ဆင်ရေးအတွက် ယင်းအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်အရ ပြင်ဆင်ရန် ဥပဒေမူကြမ်းကို ပြည်ထောင်စုလွှတ်တော်တွင် တင်သွင်းရမည်ဟု ဆိုသဖြင့် ပြည်ထောင်စုလွှတ်တော်က စတင်ဆောင်ရွက်ရမည်ဖြစ်ရာ ပြည်ထောင်စုလွှတ်တော်တွင် ကိုယ်စားလှယ်အများစု နေရာယူထားသည်မှာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက ဖြစ်သောကြောင့် ပါတီဘက်မှစတင်ကြိုးပမ်းရသည်။



ဒေါ်အောင်ဆန်းစုကြည် သူရဦးရွှေမန်းနှင့် သူရဦးအောင်ကို

ပါတီ၏ မူဝါဒ သဘောထား ဆုံးဖြတ်ချက်များကိုရယူကာ ပြည်ထောင်စုအစိုးရအဖွဲ့တွင် ပါဝင်သွားသည့် ပါတီဗဟိုအလုပ်အမှုဆောင်များနှင့် ပါတီဗဟိုအလုပ်အမှုဆောင် လွှတ်တော်ကိုယ်စားလှယ် ဖြစ်နေသူများ ညှိနှိုင်းကြရသည်။ အခြေခံဥပဒေကို ပြင်ဆင်ရန် မလိုလားသူများလည်း ပါတီခေါင်းဆောင်ပိုင်းတွင်အများအပြားရှိနေခဲ့သည်။

ပါတီဆိုင်ရာညှိနှိုင်းမှုများပြုလုပ်ပြီးနောက် ၂၀၁၃ ခုနှစ် မတ်လ ၁၅ ရက်နေ့ ပြည်သူ့လွှတ်တော်အစည်းအဝေး၌ **"ဖွဲ့စည်းပုံ အခြေခံဥပဒေ လေ့လာသုံးသပ်ရေး ကော်မတီ ဖွဲ့စည်းဆောင်ရွက်ရေး တိုက်တွန်းကြောင်း အရေးကြီးအဆို"** အား ဝက်လက်မဲဆန္ဒနယ်မှ သူရဦးအေးမြင့် က တင်သွင်း လာသည်ကို ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပြည်ထောင်စုလွှတ်တော်နာယကထံ သဝဏ်လွှာအဖြစ်ဆက်လက်ပေးပို့သည်။ မတ်လ ၂၀ ရက်နေ့ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် နာယက က သဝဏ်လွှာကို ဖတ်ကြားပြီး သူရဦးအေးမြင့်က အဆိုတင်သွင်းကာ မြစ်ကြီးနားမဲဆန္ဒနယ်မှ ဦးသိန်းဇော်က ထောက်ခံသည်။ ပြည်ထောင်စုလွှတ်တော်ကလည်းအဆိုကို လက်ခံဆောင်ရွက်ရန် သဘောတူသည်။

တကယ်တော့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရန်အတွက် လူတစ်ဦးတစ်ယောက်၏ ဆုံးဖြတ်ချက်၊ အကြံပြုချက်နှင့် ဆောင်ရွက်ခဲ့ခြင်းလည်း မဟုတ်ပါ။ ပြည်သူများ၏ အကြံပြုချက်များ၊ လိုလားချက်များကို ဦးစွာရယူခဲ့သည်။ ထိုအကြံပြုချက်နှင့် လိုလားချက်များအပေါ် တာဝန်ရှိသူများနှင့် ပညာရှင်များက လက်တွေ့ဖြစ်နိုင်သည်တို့ကို စိစစ်သုံးသပ်ခဲ့ကြသည်။ ထိုသုံးသပ်ချက် အပေါ်မူတည်၍ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်အားလုံး၏ အဆုံးအဖြတ်ကို ရယူဆောင်ရွက်ခဲ့ကြခြင်းသာဖြစ်သည်။ ဤပြင်ဆင်ရေးဆောင်ရွက်ချက်များလက်တွေ့ဖြစ်မြောက်အောင် ကျွန်တော်က လွှတ်တော်အတွင်းနှင့် ပါတီအတွင်း၊ ဦးဆောင်မှုပေးခဲ့ခြင်းသာဖြစ်သည်။

ဇူလိုင်လ ၂၅ ရက်နေ့တွင် **ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာ သုံးသပ်ရေးပူးပေါင်းကော်မတီ** ကို ပြည်ထောင်စုလွှတ်တော် ဒုတိယနာယကအား ဦးဆောင်စေကာ အဖွဲ့ဝင် ၁၀၉ ဦးဖြင့် ပြည်ထောင်စုလွှတ်တော်ကဖွဲ့စည်း၊ တာဝန်ပေးအပ်ခဲ့သည်။ ပူးပေါင်းကော်မတီသည် နိုင်ငံတစ်ဝန်းမှ အကြံပြုစာ ၂၈၂၄၇ စောင်နှင့် အကြံပြုချက် ၃၂၃၁၀ ချက်ကိုလက်ခံသုံးသပ်၍ ၂၀၁၄ ခုနှစ်ဇန်နဝါရီလ ၃၁ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံစာ တင်သွင်းသည်။ ယင်းအစီရင်ခံစာအပေါ် ပြင်ဆင်သည့် ဥပဒေကြမ်းပြုစုနိုင်သည်အထိ ဆောင်ရွက် ရန် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးဆောင်သည့် အဖွဲ့ဝင် ၃၁ ဦးပါ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်နိုင်ရေးအကောင်အထည် ဖော်မှုကော်မတီကို ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်က ဖွဲ့စည်းတာဝန်ပေးသည်။ ယင်းကော်မတီ၏ အစီရင်ခံစာကို ပြည်ထောင်စုလွှတ်တော်သို့တင်သွင်းပြီး လွှတ်တော်၏ ဆွေးနွေးအတည်ပြုချက်များအရ ဥပဒေမူကြမ်းကို ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ရယူဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ သို့သော် ကောင်းမွန်သောရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ခဲ့သော်လည်း ပင်ပန်းရကျိုး၊ ကြိုးစားရကျိုးမနပ်ခဲ့ပါ။

ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်း ၂ခုကိုပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ၂၀ ရာခိုင်နှုန်းကျော်က လက်မှတ်ရေးထိုးပြီး ၂၀၁၅ ခုနှစ် ဇွန်လ ၁၀ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းကြပါသည်။ ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်အောင်လည်း ယင်းဥပဒေကြမ်း ၂ ခုကို ဇွန် ၁၂ ရက်နေ့မှ ၁၄ ရက်နေ့အထိ နိုင်ငံပိုင်သတင်းစာများတွင် ပွင့်လင်းမြင်သာစွာ ဖော်ပြပေးခဲ့သည်။ ဥပဒေကြမ်း ၂ ခုဖြစ်ရခြင်းမှာ ပုဒ်မ ၄၃၆ (က) အရပြင်ဆင်ရန်နှင့် ပုဒ်မ ၄၃၆ (ခ) အရ ပြင်ဆင်ရန်ဟူ၍ သတ်မှတ်ချက်နှင့်အညီ ၂ ခုခွဲခြား တင်သွင်းရခြင်းကြောင့် ဖြစ်ပါသည်။ ပုဒ်မ ၄၃၆ (က)

ပါ ပုဒ်မတစ်ခုခုကို ပြင်ဆင်လိုလျှင် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်အားလုံး၏ ၇၅ ရာခိုင်နှုန်း ထောက်ခံမဲရရှိသည့်အပြင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပပြီး မဲဆန္ဒပေးပိုင်ခွင့်ရှိသူ အားလုံး၏ ထက်ဝက်ကျော် ထောက်ခံမဲ ရရှိဖို့လိုပါသည်။ ပုဒ်မ ၄၃၆(ခ) ပါ ပုဒ်မ တစ်ခုခုကို ပြင်ဆင်လိုလျှင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရန်မလိုပါ။

၂၀၁၅ ခုနှစ် ဇွန်လ ၂၅ ရက်နေ့ ပြည်ထောင်စုလွှတ်တော်၌ ဆန္ဒမဲလက်မှတ်အသုံးပြုပြီး လျှို့ဝှက်မဲဆန္ဒပေးသည့်နည်းဖြင့် လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူရာ၌ ပုဒ်မ ၄၃၆ (က) အရပြင်ဆင်သည့် ဥပဒေကြမ်းတွင် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ၏ အရည်အချင်း သတ်မှတ်ချက်များကိုဖော်ပြသည့် ပုဒ်မ ၅၉၊ ပုဒ်မခွဲ (ဃ) တွင် -

> **"စစ်ရေးအမြင်"** အစား **"ကာကွယ်ရေးအမြင်"** ဟု ပြင်ဆင်ရန်သာ ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ရယူနိုင်ခဲ့ပြီး ပြင်ဆင်သည့် ဥပဒေကြမ်းပါ အခြားသောပုဒ်မများမှာ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်အားလုံး၏ ၇၅ ရာခိုင်နှုန်းကျော်၏ ထောက်ခံမှုကို မရရှိသောကြောင့် ပြည်ထောင်စုလွှတ်တော် အဆင့်တွင်ပင် ပြင်ဆင်နိုင်ခြင်းမရှိပါ။

ပုဒ်မ ၅၉ (ဃ)ကို ဆက်လက်ပြင်ဆင်နိုင်ရန်မှာဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၃၆ (က)ပါပြင်ဆင်ခြင်းဆိုင်ရာပြဋ္ဌာန်းချက်အရ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရဦးမည်ဖြစ်ရာ ယင်းပုဒ်မခွဲတစ်ခုအတွက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပပြုလုပ်ပြီးဆက်လက်ပြင်ဆင်ဆောင်ရွက်ရေးလုပ်ငန်းစဉ်ကို ဆိုင်းငံ့ထားရန် ပြည်ထောင်စုလွှတ်တော်က ဆုံးဖြတ်ခဲ့ပါသည်။

ပုဒ်မ ၄၃၆ (ခ) အရ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းဇယား ၂ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ကောက်ခံရမည့် အခွန်အခများ ဇယား ၅ တို့ကို ထပ်မံဖြည့်စွက်၍ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရန်မလိုအပ်ဘဲ ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ဖြင့်ပင် ပြင်ဆင်နိုင်ခြင်းဖြစ်ပါသည်။ သို့သော်လည်း အဆိုးထဲမှအကောင်းအနေဖြင့်ဆိုလျှင် ပြင်ဆင်နိုင်ခဲ့သည့်ပုဒ်မများသည် ဖက်ဒရယ်ထူထောင်ရေးအတွက် များစွာအထောက်အပံ့ပြုသည့် ပုဒ်မများဖြစ်နေရာ ရှေ့တွင်ဆက်လက်ဆောင်ရွက်မည့် ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော်အတွက် အခြေခံများဖြစ်နိုင်ပါသည်။

## လောဘ၊ ဒေါသ၊ မောဟ၊ မာနများကြောင့်

၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီသည် ထိုစဉ်က အခြေအနေအပေါ် မူတည်ပြီး လွှတ်တော်နေရာ အများစုအနိုင်ရခဲ့သော်လည်း ၂၀၁၂ ခုနှစ် ကြားဖြတ် ရွေးကောက်ပွဲတွင် အရှုံးကြီးရှုံးခဲ့ရသည်။ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်က တောင်ပြို ကမ်းပြို အနိုင်ကြီး နိုင်သွားခဲ့သည်။

ထိုအချိန်တွင် ပြည်ခိုင်ဖြိုးပါတီ ခေါင်းဆောင်ပိုင်းမှ အချို့သည် မျှော်လင့်မထားသည့် ရလဒ်ကြောင့် အတော်ချောက်ချား သွားခဲ့ကြသည်ကို သတိပြုမိသည်။ ထိုအခြေအနေတွင် ကျွန်တော်က ပါတီကို ဦးဆောင်ခွင့် ရရှိသဖြင့် ပါတီခေါင်းဆောင်များနှင့် ညှိနှိုင်းတိုင်ပင်ပြီး ကိုယ့်ပါတီအပေါ် ယုံကြည်အားထားမှု အပြည့်အဝရှိရေးနှင့် ပါတီအောင်နိုင်ရေးကိုစွတို့ကို ဆောင်ရွက်ခဲ့သည်။ ပါတီဝင်များ စိတ်ဓာတ်ကောင်းမွန်ရေး၊ စိတ်ဓာတ်မြင့်မားရေးနှင့် ပါတီတွင်းစည်းလုံးညီညွတ်ရေးအတွက် မြန်လည် ကြိုးစားခဲ့ကြရသည်။

ဦးစွာအနေဖြင့် ပါတီတွင်းရှိ ပါတီဝင်အင်အား စာရင်းဇယား များကို မှန်ကန်အောင် ကြိုးစားခဲ့ရသည်။ ပါတီ၏ ပကတိအခြေအနေမှန်ကို နားလည်အောင် လုပ်ရသည်။ ကိုယ်စားလှယ်များကို ပါတီ အောက်ခြေ အဖွဲ့အစည်းမှ အဆင့်ဆင့်ရွေးချယ်ပြီး ပါတီညီလာခံကို ၂၀၁၂ ခုနှစ် အောက်တိုဘာလတွင် အောင်မြင်စွာကျင်းပပြုလုပ်နိုင် ခဲ့သည်။ ပါတီညီလာခံတွင် ပါတီညီလာခံ ကျင်းပရသည့် ရည်ရွယ်ချက်နှင့် ညီလာခံဆုံးဖြတ်ချက်များကို ချမှတ်နိုင်ခဲ့သည်။ ထို့အပြင် ပါတီဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းကို အတည်ပြုနိုင်ခဲ့သည်။ ထို့နောက် ပါတီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်ကိုလည်း ချမှတ်ပေးနိုင်ခဲ့သည်။

ပါတီညီလာခံပြီးနောက်တွင် ရွေးကောက်ပွဲအောင်နိုင်ရေးစီမံချက်များ ရေးဆွဲဆောင်ရွက်ခဲ့သည်။ စီမံချက် အကောင်အထည်ဖော်ရန်အတွက် လူရွေးချယ်ပြီးနောက် ရွေးကောက်ပွဲဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ လိုက်နာရမည့် ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ၊ ဆောင်ရန် ရှောင်ရန်များစသည်တို့နှင့်စပ်လျဉ်း၍ သင်တန်းများ ပေးခဲ့သည်။ ထို့နောက် လိုအပ်သည့်ပြင်ဆင်လေ့ကျင့်မှုများပြီးသည့်အချိန်တွင် သက်ဆိုင်ရာ နယ်မြေများသို့ ကွင်းဆင်းဆောင်ရွက်ရန် တာဝန်ပေးစေလွှတ်ခဲ့သည်။

အလားတူ သုတေသနလုပ်ငန်းများကို အလေးထားဆောင်ရွက်ခဲ့သည်။ ပြည်သူ့ အခြေအနေကို ထိရောက်စွာ လေ့လာသုတေသနမပြုနိုင်ဘဲ ပါတီအောင်နိုင်မည်မဟုတ်သည့်အတွက် ဖြစ်သည်။ ခေါင်းဆောင်ပိုင်းတွင်လည်း ပါတီအလုပ်အမှုဆောင် ကော်မတီ အစည်းအဝေးများကို ပုံမှန်ကျင်းပပြီး ပါတီရေးရာနှင့် ပြည်သူ့ရေးရာတို့ကို မျက်ခြည်မပြတ် ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ခဲ့ရာတွင်လည်း အခက်အခဲများစွာနှင့် ရင်ဆိုင်ခဲ့ရသည်။ ပါတီ ညီလာခံစတင်ကျင်းပစဉ်ကတည်းက ပါတီထိပ်တန်းခေါင်းဆောင်အချို့က သူတို့လိုလားသည့်အချက်များကိုသဘောမတူပါက ပါတီမှ နုတ်ထွက်မည်ဟု ခြိမ်းခြောက်ပြောကြားမှုများနှင့် ကြုံရသည်။

ပါတီမှထွက်သွားခွင့် ပြုလိုက်မည်ဆိုလျှင် ထိုပုဂ္ဂိုလ်များ၏ ဂုဏ်သိက္ခာနှင့် အခွင့်အရေးများဆုံးရှုံးမှု မဖြစ်စေလိုသည့်အတွက် အဘက်ဘက်မှဆင်ခြင်စဉ်းစား၍ ငုံ့ညှာသော အားဖြင့် ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်ပေးခဲ့ရသည်။ ပါတီတွင် ဆက်လက်ပါဝင်နိုင်ရန် တောင်းဆိုမှုများကို လိုက်လျောပေးခဲ့သည်။

သို့သော် ထိုသို့ထောက်ထားငုံ့ညှာစွာ ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်ခဲ့မှုကြောင့်ပင် ဩဂုတ်လ ၁၂ ရက်နေ့ညဖြစ်စဉ်ကဲ့သို့သော ကိစ္စရပ်များပေါ်ပေါက်လာခဲ့ရသည်ဟု ဆိုရမလိုဖြစ်သည်။ ထိုဖြစ်စဉ်ကို အချို့က သန်းခေါင်ယံအာဏာသိမ်းပွဲဟု ဆိုကြသည်။

ထိုဖြစ်စဉ်ကြောင့် မူလကပါတီအောင်နိုင်ရေး ပြင်ဆင်ကြိုးပမ်းခဲ့မှုများမှာ သဲထဲရေသွန် ဖြစ်ခဲ့ရသည်။ လောဘ၊ ဒေါသ၊ မောဟနှင့်မာန်မာနတို့အပေါ် အခြေခံကာ ဆောင်ရွက်ခဲ့သည့် ဖြစ်စဉ်အပေါ် သင်ခန်းစာယူဖွယ်ဖြစ်သည်။

ကျွန်တော့်အနေဖြင့်လည်း အရာရာငုံ့ညှာ ထောက်ထားလွန်းသည့်အတွက် ယခုလိုဖြစ်ရပ်မျိုး ပေါ်ပေါက်ခဲ့ကာ ပါတီတိုးတက်ရေး၊ ပါတီစည်းလုံးညီညွတ်ရေးကို ပျက်ပြားစေသည့် ဆိုးကျိုးများဖြစ်ပေါ်ခဲ့သည်။ တိုင်းပြည်တွင် မညီမညွတ်အခြေအနေများကြောင့်

အချို့နိုင်ငံများက မိမိတို့နိုင်ငံအပေါ် စွက်ဖက်စော်ကားပြုလိုမှုမျိုးနှင့် ကြုံခဲ့ရသည်ကိုလည်း သတိပြုကြရန် လိုပေသည်။ ထို့ကြောင့် နိုင်ငံတွင် တာဝန်ရှိသူများအနေဖြင့် နိုင်ငံရေး သတိရှိရန် လိုသည်။ နိုင်ငံနှင့် ပြည်သူ့အကျိုးကို ကြည့်ကြရန်လိုပေသည်။

ထိုသို့ဆောင်ရွက်ခဲ့ရာတွင်လည်း
အခက်အခဲများစွာနှင့် ရင်ဆိုင်ခဲ့ရသည်။
ပါတီညီလာခံစတင်ကျင်းပစဉ်ကတည်းက
ပါတီထိပ်တန်းခေါင်းဆောင်အချို့က  သူတို့လိုလားသည့်အချက်များကို
သဘောမတူပါက ပါတီမှနုတ်ထွက်မည်ဟု
ခြိမ်းခြောက်ပြောကြားမှုများနှင့် ကြုံရသည်။
ပါတီမှထွက်သွားခွင့် ပြုလိုက်မည်ဆိုလျှင် ထိုပုဂ္ဂိုလ်များ၏
ဂုဏ်သိက္ခာနှင့် အခွင့်အရေးများဆုံးရှုံးမှု မဖြစ်စေလိုသည့်အတွက်
အဘက်ဘက်မှဆင်ခြင်စဉ်းစား၍ ငုံ့ညှာသောအားဖြင့်
ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်ပေးခဲ့ရသည်။
ပါတီတွင်ဆက်လက်ပါဝင်နိုင်ရန်တောင်းဆိုမှုများကို လိုက်လျောပေးခဲ့သည်။
သို့သော် ထိုသို့ထောက်ထားငဲ့ညှာစွာထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်ခဲ့မှုကြောင့်ပင်
ဩဂုတ်လ ၁၂ ရက်နေ့ညဖြစ်စဉ်ကဲ့သို့သောကိစ္စရပ်များ
ပေါ်ပေါက်လာခဲ့ရသည်ဟု ဆိုရမလိုဖြစ်သည်။
ထိုဖြစ်စဉ်ကို အချို့ကသန်းခေါင်ယံအာဏာသိမ်းပွဲဟုဆိုကြသည်။

## ၂၀၁၅ ခုနှစ် ဩဂုတ်လ ၁၂ ရက်နေ့ညဖြစ်စဉ်

ဩဂုတ်လ ၁၂ ရက်နေ့ဖြစ်စဉ် မတိုင်မီတွင်လည်း သတိပေးချက်များ ပေါ်ပေါက်ခဲ့သည်။ အလားတူ လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ပြန်လည်ရုပ်သိမ်းရန်ဆောင်ရွက်မှုနှင့်အတူ ပြောင်ပြောင်လုပ်မှုများနှင့် ဝေဖန် ပြစ်တင်မှု ခွဲခြားဆက်ဆံမှုတို့ တစ်စတစ်စ ကြီးမားလာခဲ့သည်။ ကျွန်တော်က နိုင်ငံ့အကျိုးစီးပွားအတွက် ပါတီများပူးပေါင်းဆောင်ရွက်ရေးကို အလေးထား ဆောင်ရွက်ခဲ့သည့်အပေါ် လုပ်ဖော်ကိုင်ဘက်အချို့က ကျွန်တော့်အား အမြင် မကြည်လင်ရာမှ ဩဂုတ်လ ၁၂ ရက်နေ့ည ဖြစ်စဉ်ဖြစ်ပေါ်သည့် အခြေအနေအထိ ရောက်ရှိသွားခဲ့ခြင်းဖြစ်သည်။ ထိုဖြစ်စဉ်ပေါ်ပေါက်လာသည့်အခါ သူကကျွန်တော့်ကို အားပေးပါသည် -

**“စိတ်ရှည်ပါ၊ စိတ်လိုက်မာန်ပါ မတုန့်ပြန်ပါနှင့်”** ဟုလည်း ပြောပါသည်။

**“ထောင်ဝင်စာ လာတွေ့မည်”** ဟူ၍ပင် ဆက်လက်၍ အားပေးစကား ပြောပါသည်။

ရွေးကောက်ပွဲတွင် ရွေးချယ်ခံကြမည့် ပါတီကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်လောင်းများအား ၂၀၁၅ ခုနှစ် ဩဂုတ်လ ၁၂ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဌာနချုပ်၌ ပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့က တွေ့ဆုံပြီး တာဝန်ရှိသူပါတီဥက္ကဋ္ဌအနေဖြင့် ပါတီအောင်နိုင်ရေးအတွက် အမှာစကားပြောကြားကာ နေ့လယ်စာအတူသုံးဆောင်ကြသည်။ ထိုနေ့ ညဦးပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့က

ပါတီဌာနချုပ်အား သိမ်းပိုက်စီးနင်းကာ ပါတီရုံးဝန်ထမ်းများကို စုဝေးထိန်းချုပ် လိုက်သည်။ ထို့နောက် အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် ပါတီမှပုဂ္ဂိုလ်အချို့က ဥက္ကဋ္ဌနှင့်အထွေထွေအတွင်း ရေးမှူးတို့၏ ရုံးခန်းများအပါအဝင် ရုံးခန်းများအား ဝင်ရောက်ရှာဖွေခြင်းများ ပြုလုပ်ပြီး နေရာချထားကြသည်။ ထိုနေ့သည် မြန်မာ့ရုပ်မြင်သံကြားသတင်းတွင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင် အချို့ကို နိုင်ငံတော်သမ္မတက နုတ်ထွက်ခွင့်ပြုကြောင်း ကြေညာခဲ့သည်။ ထိုသူတို့သည် ဩဂုတ်လ ၁၃ ရက်နေ့တွင် ပါတီအထွေထွေ အတွင်းရေးမှူးနှင့် ဗဟို အလုပ်အမှုဆောင်များ ဖြစ်လာကြသည်။ ထိုပုဂ္ဂိုလ်များအပါအဝင်အခြားပါတီ ခေါင်းဆောင် များသည် ရက်အတော်ကြာသည်အထိ ပါတီဌာနချုပ်တွင်ပင် နေရာယူ ညအိပ်ရုံးတက် နေခဲ့ကြသည်။

## ပါတီကို ကျွန်တော်ဦးဆောင်စဉ်ကာလ

ပါတီကထုတ်ဝေသည့် "ပြည်ထောင်စုနေ့စဉ်သတင်းစာ" တွင် မည်သည့်ပါတီ၊ မည်သည့်အဖွဲ့အစည်းကိုလည်းကောင်း၊ အစိုးရကိုလည်းကောင်း ပုတ်ခတ်တိုက်ခိုက် ထိုးနှက်ခြင်းမပြုရန် အစဉ်သတိပေးခဲ့သည်။

ဘာသာရေးဆိုင်ရာအကြောင်းအရာများသည် သိမ်မွေ့ပြီးထိလွယ်ရှလွယ်သည်ဖြစ်ရာ ဝေဖန်ရေးသားခြင်းမျိုးမပြုရန် လမ်းညွှန်ထိန်းကျောင်းခဲ့သည်။

နိုင်ငံရေးပါတီအချင်းချင်းရန်သူလို၊ ရန်ဘက်လိုသဘောမထားဘဲ နိုင်ငံကောင်းအောင်လုပ်ဆောင်ကြသည့် လုပ်ဖော်ကိုင်ဘက်များအဖြစ် သဘောထားရမည်ဟူ၍ မှာကြားလေ့ရှိသည်။

အဓိကရည်ရွယ်ချက်မှာ အမျိုးသားပြန်လည် သင့်မြတ်ရေးအတွက် ပါတီများအချင်းချင်း၊ အဖွဲ့အစည်းအချင်းချင်း၊ လူပုဂ္ဂိုလ်အချင်းချင်း၊ ဘာသာအယူဝါဒအချင်းချင်း ပဋိပက္ခနည်းစေလိုခြင်းပင်ဖြစ်ပြီး နိုင်ငံတော်အတွက် ပူးပေါင်းဆောင်ရွက်နိုင်ကြရန်ဖြစ်သည်။

## ပြည်သူ့အတွက် အထွေထွေရွေးကောက်ပွဲကို မထိခိုက်စေလိုပါ

နောက်ရက်တွင် နေအိမ်ဂိတ်ဝသို့ ပေးပို့လာသောစာအရ ကျွန်တော့်အား ပါတီဥက္ကဋ္ဌတာဝန်မှဖယ်ရှားကာ ဒုတိယဥက္ကဋ္ဌ ဦးဌေးဦးကို ပူးတွဲဥက္ကဋ္ဌအဖြစ်တာဝန်ပေးကြောင်းသိရှိရသည်။ သတင်းအမျိုးမျိုး ထွက်ပေါ်ကာ အခြေအနေရှုပ်ထွေးနေသည့်တိုင် မည်သို့သော ပြဿနာရှိစေကာမူ အချိန်ကာလအားဖြင့် ၂ လခန့်သာလိုတော့သည့် ရွေးကောက်ပွဲကျင်းပမည့်အစီအစဉ်ကို ထိခိုက်မှုမရှိစေလိုပါ။ မူလအစီအစဉ်အတိုင်း အောင်မြင်ချောမောစွာကျင်းပနိုင်ရေးအတွက် အဓိကဦးတည်ပြီး ကျွန်တော့်ဘက်က ဆောင်ရွက်ခဲ့သည်။ ကျွန်တော်၏အရေးကိစ္စ၊ ပါတီ၏အရေးကိစ္စရပ်များထက် နိုင်ငံ၏အရေး၊ ပြည်ထောင်စုကြီး၏ အရေးဖြစ်သော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးအား တစ်စုံတစ်ရာရွှေ့ဆိုင်းခြင်းမပြုဘဲ မူလကြေညာထားသည့် နေ့ရက်တွင်ကျင်းပနိုင်ရေးသည်သာ ဦးစားပေးရမည့် လုပ်ငန်းကြီးဖြစ်သည်ဟု ခံယူဆောင်ရွက်ခဲ့သည်။

ယင်းနောက် ၂၀၁၅ ခုနှစ် ဩဂုတ်လ ၁၈ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော် ပြန်လည်ကျင်းပရာ ထိုနေ့အစည်းအဝေးတွင် လွှတ်တော်သို့ အောက်ပါအတိုင်း ကျွန်တော် ရှင်းလင်းတင်ပြခဲ့သည်-

**"ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီအတွင်း၊ လတ်တလော ဖြစ်ပေါ်နေသော ကိစ္စရပ်များကို လွှတ်တော်အတွင်း၊ ယူဆောင်လာခြင်း၊ မပြုစေလိုသည့်အမြင် ထိုကိစ္စကြောင့် ထပ်မံပြီးပြဿနာဖြစ်လာအောင်၊ ပြဿနာကို ပိုကြီးထွားလာအောင် မဖြစ်စေလိုပါ။ နိုင်ငံတော်၏ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှုဖြစ်စဉ်ကို တည်ငြိမ်ချော**

မွေ့ရွာ ကူပြောင်းအောင်မြင်ရေးအတွက် နီးကပ်လာပြီဖြစ်သော အထွေထွေရွေး ကောက်ပွဲကို မထိခိုက်စေလိုပါ။ ကျွန်တော်သည် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အလှည့်ကျ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုး ရေးပါတီ၏ အကြီးအကဲဖြစ်နေသည့်အတွက် တိုက်ရိုက်သက်ဆိုင်နေ၍ ပြည် ထောင်စုလွှတ်တော် ကိုယ်စားလှယ်များကို လိုအပ်သလောက်သော အသိပေးရှင်းလင်း တင်ပြခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံအတွင်း တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများကလည်း နိုင်ငံတော်အပေါ် ယုံကြည်မှုရှိစေရေး အတွက် အလေးထား စဉ်းစားသုံးသပ် ဆောင်ရွက်ရန်လိုအပ်ချိန်ဖြစ်ပါတယ်။ ဤကိစ္စနှင့်စပ်လျဉ်း၍ ကျွန်တော့်အနေ ဖြင့် မည်သည့်ပြဿနာမှ ထပ်မံပေါ်ပေါက်စေလိုသော ဆန္ဒမရှိဘဲ နိုင်ငံတော်တည်ငြိမ်ပြီး နိုင်ငံသူ နိုင်ငံသားများစိတ်အေးချမ်းသာစွာ ရှိနေမှုကိုသာ လိုလားပါတယ်။ သို့ပါ၍ သက်ဆိုင်သူများနှင့် တာဝန်ရှိသူများမှ နိုင်ငံအပေါ် မေတ္တာ စေတနာထားပြီး ပြည်သူများ ယုံကြည်စိတ်ချစွာနှင့် တရားဥပဒေရဲ့အကာအကွယ် ရရှိနေကြောင်းကို လက်တွေ့ပြသမှုဖြင့် အုပ်ချုပ်ရေး၊ တရားရေးမဏ္ဍိုင်နှင့် ဥပဒေပြု လွှတ်တော်တို့က ပူးပေါင်းညှိနှိုင်းဆောင်ရွက်နိုင်ရေးအတွက် ကိုယ်စားလှယ်များမှ တစ်ဆင့် အသိပေးတင်ပြခြင်းသာဖြစ်ပါတယ်"

## မည်သူ့တရားပျက်ပျက် ကိုယ်မပျက်ရန် ဂရုပြု

ဩဂုတ်လ ၁၈ ရက်နေ့နောက်ပိုင်းတွင် လွှတ်တော်အစည်းအဝေးများအား ပုံမှန် ဆက်လက် ကျင်းပခဲ့ရာ ပြည်ခိုင်ဖြိုးပါတီ၏ ဝဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ။ ပါတီ ခေါင်းဆောင်ပိုင်း ပုဂ္ဂိုလ်များနှင့် မျက်နှာချင်းဆိုင်တွေ့ဆုံရာတွင် အချို့ကမျက်နှာ အမူအရာ ပုံမှန်မဟုတ်ဘဲ ဖြစ်လျက်ရှိနေကြသည်။

အချို့က မျက်နှာပူသလို၊ အားနာသလို ဖြစ်နေကြသည်ကို သတိပြုမိသည်။ ပါတီကိစ္စကို လွှတ်တော်တွင်း သယ်မလာရန် ပြောကြားပြီးနောက်တွင် သူတို့စိတ်သက် သာရာရသည့် မျက်နှာအမူအရာမျိုး ဖြစ်လာကြသည်။

တစ်ရက်တွင် ဦးဌေးဦးကို ခေါ်တွေ့ပြီး **"ကိစ္စအားလုံးက သူ့ဟာသူဖြစ်ပြီးပြီ။ စိတ်ထဲမှာ အမိကမထားပါနဲ့၊ ကိုယ်လုပ်စရာရှိတာ ပုံမှန်အတိုင်းဆက်လုပ်ပါ"** ဟု ကျွန်တော်ပြောခဲ့သည်။ ယင်းနောက်ပိုင်းတွင် လွှတ်တော်ကော်မတီများလည်း ပုံမှန်အတိုင်း

လုပ်ငန်းများ ဆောင်ရွက်နိုင်လာ ကြသည်။

နိုင်ငံတော်၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလမ်းလွဲသွားမည်ကိုလည်း မလိုလားပါ။ ဒီအခြေအနေအထိ ရောက်ရှိအောင်ပင် ကျွန်တော်တို့များစွာ ကြိုးစားခဲ့ကြရပါသည်။ ပါတီကိုလည်း ပြည်သူကို ရှေးရှုသည့် ပါတီတစ်ခု ဖြစ်ရန်ကြိုးပမ်းခဲ့ပါသည်။ ပါတီအစည်းအဝေးနှင့် တွေ့ဆုံပွဲများတွင် ကျွန်တော်မှာကြားပြောဆိုလေ့ရှိသည်က -

**“သူများကို အပြစ်မပြောနဲ့ ကိုယ့်အပြစ်မဖြစ်အောင်နေ၊ သူများကို မကောင်းမပြောနဲ့ ကိုယ်ကောင်းအောင်နေ၊ ဘယ်သူ တရားပျက်ပျက် ကိုယ်မပျက်စေနဲ့ ဘာပဲလုပ်လုပ် တရားနည်းလမ်းတကျ ဆောင်ရွက်ကြ”** ဟူ၍ဖြစ်သည်။

ပါတီကို ကျွန်တော်ဦးဆောင်စဉ်ကာလ ပါတီကထုတ်ဝေသည့် **“ပြည်ထောင်စုနေ့စဉ်သတင်းစာ”** တွင် မည်သည့်ပါတီ၊ မည်သည့်အဖွဲ့အစည်းကိုလည်းကောင်း၊ အစိုးရကိုလည်းကောင်း ပုတ်ခတ်တိုက်ခိုက် ထိုးနှက်ခြင်းမပြုရန် အစဉ်သတိပေးခဲ့သည်။ ထို့အတူ ဘာသာရေးဆိုင်ရာအကြောင်းအရာများသည် သိမ်မွေ့ပြီးထိလွယ်ရှလွယ်သည်ဖြစ်ရာ ဝေဖန်ရေးသားခြင်းမျိုးမပြုရန် လမ်းညွှန်ထိန်းကျောင်းခဲ့သည်။ ထို့အပြင် နိုင်ငံရေးပါတီ အချင်းချင်း ရန်သူလို၊ ရန်ဘက်လို သဘောမထားဘဲ နိုင်ငံကောင်းအောင် လုပ်ဆောင်ကြသည့် လုပ်ဖော်ကိုင်ဘက်များအဖြစ် သဘောထားရမည်ဟူ၍ မှာကြားလေ့ရှိသည်။ ထိုဆောင်ရွက်ချက်များ၏ အဓိကရည်ရွယ်ချက်မှာ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ပါတီများအချင်းချင်း၊ အဖွဲ့အစည်း အချင်းချင်း၊ လူပုဂ္ဂိုလ်အချင်းချင်း၊ ဘာသာ အယူဝါဒအချင်းချင်း ပဋိပက္ခနည်းစေလိုခြင်းပင်ဖြစ်ပြီး နိုင်ငံတော်အတွက် ပူးပေါင်းဆောင်ရွက် နိုင်ကြရန်ဖြစ်သည်။ သို့သော် ထိုကြိုးပမ်းချက်များ အားလုံးသည် ဩဂုတ်လ ၁၂ ရက်နေ့ ဖြစ်စဉ်နှင့်အတူအားလုံး သဲထဲရေသွန် ဖြစ်ခဲ့ရသည်။

**နိုင်ငံတော်၏ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလမ်းလွဲသွားမည်ကိုလည်း မလိုလားပါ။ ဒီအခြေအနေအထိရောက်ရှိအောင်ပင် ကျွန်တော်တို့များစွာကြိုးစားခဲ့ကြရပါသည်။ ပါတီကိုလည်း ပြည်သူကိုရှေးရှုသည့်ပါတီတစ်ခုဖြစ်ရန်ကြိုးပမ်းခဲ့ပါသည်။**

## ရွေးကောက်ပွဲအကြိုကာလ ကျေးလက်ပြည်သူများထံ သွားရောက်ခြင်း

ပဲခူးတိုင်းဒေသကြီး ဖြူးမဲဆန္ဒနယ်တွင် ပြည်ထောင်စု ကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးပါတီ ကိုယ်စားပြု ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်းအဖြစ် မူလပြင်ဆင်လျာထားသည့်အတိုင်း ကျွန်တော် ဝင်ရောက် အရွေးချယ်ခံသည်။ တိုက်ခိုက်မှု၊ ဖိနှိပ်မှု၊ ရှုပ်ထွေးမှုတို့အကြားမှ မွေးဇာတိ ဖြူးမြို့နယ်တွင် ဝင်ရောက်အရွေးခံခြင်းဖြစ်သည်။ ရွေးကောက်ပွဲမဲဆွယ်စည်းရုံးရေးကာလတွင် မဲဆန္ဒနယ်တစ်ခုလုံးရှိ ပြည်သူများထံသို့ လှည့်လည်ခဲ့သည်။ ရွာတိုင်း၊ မြို့တိုင်းသို့ မဖြစ်မနေရောက်အောင်သွားသည်။ ပြည်သူများနှင့် တွေ့ဆုံစကားပြောသည်။ သူတို့၏ အခြေအနေနှင့် လိုအင်ဆန္ဒများကိုလည်း အလေးထား နားထောင်သည်။ ပြည်တွင်းပြည်ပမီဒီယာများကလည်း ကျွန်တော်၏ မဲဆွယ်စည်းရုံးရေးခရီးစဉ် စတင်သည့်နေ့မှ စတင်၍ ခရီးစဉ်တစ်လျှောက်လုံးတွင် လိုက်ပါခဲ့ကြသည်။ ကျွန်တော် သွားသမျှ ခရီးစဉ်တိုင်း၊ ရွာတိုင်း၊ မြို့တိုင်းသို့ ကျွန်တော်၏ ဇနီးဖြစ်သူကလည်း မမောနိုင် မပန်းနိုင် လိုက်ပါအားပေးခဲ့သည်။

ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးကာလသည် ပင်ပန်းသော်လည်း ပျော်စရာကောင်းပါသည်။ အကြောင်းမှာ ရလဒ်ကောင်းများအတွက် မျှော်လင့်နိုင်ခဲ့သောကြောင့်လည်း ဖြစ်သည်။ နောက်တစ်ချက်မှာ ကျွန်တော်သည် စိတ်ဆန္ဒရှိသည့်တိုင် မွေးဇာတိရှိ ကျေးရွာတံ့ ဒေသစုံကို ယခင်ကမသွားရောက်နိုင်ခဲ့ပါ။ ရွေးကောက်ပွဲအကြိုကာလတွင်မူ မဲဆွယ်စည်းရုံးရေးအတွက် အလုပ်တာဝန်များ အားလုံးခေတ္တရပ်နားထားချိန် ဖြစ်၍ ဇာတိမြေရှိ နေရာဒေသစုံကို သွားရောက်ကာ ပြည်သူများနှင့် တွေ့ဆုံ စကားပြောခွင့်ရသဖြင့် အနှစ်နှစ်အလလ က ဆန္ဒများ ပြည့်ဝလာခြင်းကြောင့်လည်း ပျော်ရွှင်စရာဖြစ်ခဲ့ပါသည်။



သူရဦးရွှေမန်း ၉-၈-၂၀၁၅ ရက်နေ့က ဖြူး-ဘန်းလောင်း လမ်းတစ်လျှောက် ခြတ်သန်းသွားလာစဉ် ကျော်လှကြီးရွာနှင့် အကျပ်အင်းရွာတို့မှ ကောက်စိုက်သမများက ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးခဲ့ကြသည်

## ရွေးကောက်ပွဲ ရှုံးခဲ့ပြီ

ရွေးကောက်ပွဲနေ့အထိ ကျွန်တော်အနိုင်ရလိမ့်မည်ဟုသာ ထင်ထားသည်။ နိုဝင်ဘာ ၈ ရက်နေ့ ညဦးပိုင်း ၈ နာရီလောက်တွင် မဲရလဒ်အခြေအနေများ ကောင်းသည်ဟု သိရှိရသည်။ ကျွန်တော်အနိုင်ရနေသည်။ ကျွန်တော့်ဇနီးကလည်း **"သူ့အခြေအနေရော ဘယ်လိုလဲ၊ သူနိုင်မှဖြစ်မည်၊ နိုင်စေချင်သည်"** ဟုပြောပြီး ကျွန်တော့်ကိုမေးသည်။ ကျွန်တော်က **"သိရသလောက် အခြေအနေ ကောင်းပါတယ်၊ နိုင်မှာပါ"** ဟု ပြန်ပြောခဲ့သည်။ ကျွန်တော်၏ မဲရလဒ်များမှာမူ ည ၁၀ နာရီနောက်ပိုင်းတွင် နည်းနည်းကျဲလာသည်။ ဝင်လာသည့်သတင်းများတွင်လည်း အချို့မဲရုံများတွင် ကျွန်တော်ရှုံးနေသည်။ ည ၁၁ နာရီ နောက်ပိုင်းတွင် တာဝန်ပေးထားသူများ၏ ဖြေဆိုမှုကိုအားမရဖြစ်မိသည်။ ကျွန်တော် သဘောပေါက်ပြီ။ အခြေအနေမကောင်းတော့သဖြင့် သတင်းလာမပို့ခြင်းဖြစ်မည်။

အခြေအနေကို ရိပ်စားမိသော ကျွန်တော့် ဇနီးက **"ဒီကို ဘယ်သူမှ မလာတော့နဲ့"** ဟုပြောကာ မီးမှိတ်ပြီး ဘုရားခန်းသို့သွားသည်။ ခဏအကြာတွင် ငိုသံကြား၍ ဇနီးထံသွားရာ **"အဖေ ပင်ပန်းလွန်းသည်ကို စိတ်မကောင်းလို့ငိုတာ၊ လုပ်ရတာ မတန်ဘူး။ တချို့လူတွေ သစ္စာမရှိကြဘူး"** ဟု ပြောသည်။ ကျွန်တော်ဘာပြန်ပြောရမှန်းမသိသော်လည်း ခဏချင်းပင်

**"လာမဟေ့..ကိစ္စမရှိဘူး"** ဟု ပြော၍ အိပ်ရာသို့ ချော့ခေါ်ခဲ့သည်။

တကယ်တော့ မဲရှုံးလျှင် ကိစ္စများစွာရှိပါသည်။ ကျွန်တော်လည်း စိတ်ထဲမှာဝိုပါသည်။ ကျွန်တော့် ညီအစ်ကိုမောင်နှမများလည်း ငိုကြကြောင်းသိရသည်။ တစ်ချို့သွေးတက်ကြသည်ဟု နောက်မှသိရသည်။

သို့နှင့် အိပ်ရာဝင်သည့်အခါ ဇနီးကခုတင်ပေါ် ရောက်နှင့်သည်။ ကျွန်တော်က သေနတ်ကို ယူသည်။ ယခင်အတိုင်းခေါင်းအုံးအောက်တွင်ချသည်ကို ဇနီးကသိသောအခါ **"ရှင်ဒါတွေ လုပ်စရာ မလိုတော့ဘူး။ ရှင် မဲရှုံးသွားပြီလေ၊ ရှင့်ကို ရှုံးစေချင်တဲ့သူတွေ ကျေနပ်သွားပြီပဲ၊ ရှင်အန္တရာယ် မရှိတော့ပါဘူး"** ဟုပြောပါသည်။

သူပြောတာ မှန်နိုင်သော်လည်း ကျွန်တော်ကတော့လုပ်မြဲအတိုင်း လုံခြုံရေးအတွက် ဆက်ထားခဲ့သည်။ မဲရှုံးလို့ စိတ်မကောင်းတာ၊ ပူလောင်တာနှင့် အတွေးတွေ ဟိုရောက် ဒီရောက်မို့ အိပ်မပျော်တော့ပါ။ နံနက်လင်းအားကြီး ၄ နာရီတွင်ထပြီး ရလဒ်အခြေအနေတွေမေးကြည့်ပါသည်။ မသိစိတ်ကတော့ မျှော်လင့်ဆဲပဲရှိနေခဲ့သည်ဟုထင်ပါသည်။ တကယ်ဆန်းစစ်သည့်အခါ ကျွန်တော်ရှုံးတာ သေချာသွားပြီ။

ထိုညက သားကြီးနှင့် အတူတူရှိနေသည်။ သားငယ်က ရန်ကုန်မှာ။ ဒါပေမယ့် ကျွန်တော့်ထံ နံနက် ၄ နာရီလောက်ရောက်လာသည်။ နံနက် ၅ နာရီတွင် ကျွန်တော့်ရုံးအဖွဲ့နှင့် ကျွန်တော်၏ညီတို့ ရောက်လာကြသည်။ သူတို့ ကျွန်တော့်ကို အားပေးနှစ်သိမ့်မှု မပြုတော့ပါ။ ညီကတော့ သူရှုံးတာအရေးမကြီး။ ကျွန်တော်ရှုံးတာအတွက် ယူကျုံးမရဖြစ်နေသည်ကို သူ့ အပြုအမူတွေက ပြနေသည်။

ဇနီးက သူ့ထံ အဆက်အသွယ်လုပ်ရန် နံနက် ၅ နာရီခွဲတွင် တိုက်တွန်းသဖြင့် သူနှင့် စကားပြောရသည်။ သူ့အခြေအနေကိုမေးသည်။ ကျွန်တော့် အခြေအနေကိုပြောပြသည်။ NLD မှ ရွေးချယ်ခံ ဦးသန်းညွန့်ကိုလည်း ဖုန်းဆက်ပြီး ဂုဏ်ပြုစကားပြောဖို့ လုပ်နေကြောင်းပြောသည်။ သူက

> **"ရှုံးတယ်လို့ မပြောပါနဲ့၊ ယခင်လိုပဲ သူနှင့်အဆက်အသွယ်လုပ်ပါ၊ ဆက်ဆံပါ။ သက်ဆိုင်ရာက တရားဝင်ထုတ်ပြန်မှု မပြုသေးသော်လည်း ရရှိထားသော သတင်းအချက်အလက် ပေါ် မူတည်၍ နိုင်သူကို အသိအမှတ်ပြု၊ ဂုဏ်ပြုမယ့် ဥက္ကဋ္ဌကြီးရဲ့ လူကြီးလူကောင်းဆန်မှုကို လေးစားပါတယ်"**

ဟု ပြောပါသည်။

## ပြည်သူ့ဆန္ဒအားလေးစားသမှုဖြင့် အနိုင်ရသူကိုဂုဏ်ပြုခြင်း

ဦးသန်းညွန့်နှင့် နံနက် ၆ နာရီခွဲတွင် အဆက်အသွယ်ရသည်။ သူ့ကိုအသိ အမှတ်ပြုဂုဏ်ပြုစကား ပြောသည်။ သူ့အနေနှင့် ကျွန်တော့်ထံမှ ဒီသတင်းကို ရုတ်တရက်ကြီး ကြားလိုက်ရ၍ အံ့ဩသွားပုံရသည်။

ကျွန်တော် အခုလိုဖြစ်ရတာ စိတ်မကောင်းကြောင်း၊ ယခုနိုင်တာကလည်း သူ့အရည်အချင်းထက် အခြားအကြောင်းများလည်းရှိကြောင်း ပြန်ပြောရာ ကျွန်တော်က မြို့နယ်အတွက်နှင့် တိုင်းပြည်အတွက် ကြိုးစားဆောင်ရွက်ပေးရန်နှင့် ကျွန်တော်လည်း တတ်နိုင်သည့်ဘက်မှ ပါဝင်နေမည်ဖြစ်ကြောင်း ပြောခဲ့ပါသည်။

ကျွန်တော်၏ မဲရလဒ် အခြေအနေကို အများသိစေရန် ကျွန်တော်၏ လူမှုကွန်ရက် စာမျက်နှာတွင်လည်း -

> **"၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ဖြူးမြို့နယ်မှ အနိုင်ရခဲ့သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းညွန့်အား ယနေ့ (၉-၁၁-၂၀၁၅ ရက်နေ့) နံနက် ၆ နာရီ ၃၀ မိနစ်အချိန်တွင် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ကိုယ်တိုင်ဖုန်းဆက်၍ စကားပြောကြားပြီး ယခု စာမျက်နှာမှလည်း ထပ်ဆင့်ဖော်ပြအပ်ပါသည်"**

ဟူ၍ ဖော်ပြပေးခဲ့သည်။ နံနက် ၉ နာရီခန့်တွင် ကညွတ်ကွင်းမှ နေပြည်တော်သို့ပြန်ပါသည်။ ပြန်ခါနီး နှုတ်ဆက်ကြသူများနှင့် လမ်းတစ်လျှောက် တွေ့ကြသူများ၏ မျက်နှာများမှာ မကောင်းကြပါ။

## မဲရှုံးသော်လည်း အနိုင်ရရှိသူများထဲတွင် ကျွန်တော်လည်းပါသည်

ပြည်သူများသို့လည်း ကျွန်တော်၏ လူမှုကွန်ရက် စာမျက်နှာမှ နိုဝင်ဘာလ ၁၃ ရက်နေ့တွင် ဤသို့ တင်ပြခဲ့ပါသည်-

> "ကျွန်တော်မဲရှုံးလို့စိတ်မကောင်းဖြစ်ကြတဲ့ ပြည်သူပြည်သားများက ကျွန်တော့်ထံသို့ စာနာမှုများဖြင့် အားပေးနှစ်သိမ့်ခဲ့ကြပါတယ်။
> ကျွန်တော်မဲရှုံးခဲ့ပေမယ့် ဒီပြိုင်ပွဲမှာ ပြည်သူတွေ အနိုင်ရခဲ့တာဖြစ်လို့ ပြည်သူထဲက ပြည်သူတစ်ဦးဖြစ်တဲ့ ကျွန်တော်ဟာလည်း အနိုင်ရရှိသူတစ်ဦးပဲ ဖြစ်ပါတယ်။
> ကျွန်တော်ရောက်တဲ့နေရာ၊ ရတဲ့အချိန်၊ ရရာနည်းလမ်းများဖြင့် နိုင်ငံနဲ့ အများကောင်းကျိုးကို ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားပါ့မယ်။"

ဇနီးက သူ့ထံ အဆက်အသွယ်လုပ်ရန် နံနက် ၅ နာရီခွဲတွင်
တိုက်တွန်းသဖြင့် သူနှင့်စကားပြောရသည်။
သူ့အခြေအနေကိုမေးသည်။ ကျွန်တော့်အခြေအနေကိုပြောပြသည်။
NLD မှ ရွေးချယ်ခံ ဦးသန်းညွှန့်ကိုလည်းဖုန်းဆက်ပြီး
ဂုဏ်ပြုစကားပြောဖို့ လုပ်နေကြောင်းပြောသည်။
သူက- "**ရှုံးတယ်လို့ မပြောပါနဲ့။**
**ယခင်လိုပဲ သူနှင့်အဆက်အသွယ်လုပ်ပါ၊ ဆက်ဆံပါ။**
**သက်ဆိုင်ရာက တရားဝင်ထုတ်ပြန်မှု မပြုသေးသော်လည်း**
**ရရှိထားသော သတင်းအချက်အလက်ပေါ် မူတည်၍**
**နိုင်သူကို အသိအမှတ်ပြု၍ ဂုဏ်ပြုမယ့်**
**ဥက္ကဋ္ဌကြီးရဲ့ လူကြီးလူကောင်းဆန်မှုကို လေးစားပါတယ်**"
ဟု ပြောပါသည်။

## ရွေးကောက်ပွဲရလဒ်ကို အကောင်အထည်ဖော်ခြင်း

နိုဝင်ဘာလ ၁၀ ရက်နေ့စွဲဖြင့် ဒေါ်အောင်ဆန်းစုကြည် လက်မှတ် ရေးထိုးပေးပို့သော တွေ့ဆုံ ဆွေးနွေးရန်တောင်းဆိုသည့်စာ ကျွန်တော့်ထံ ၁၃ ရက်နေ့တွင် ရောက်ရှိလာသည်။ စာပါ အဓိကအကြောင်းအရာမှာ-

**"နိုဝင်ဘာလ ၈ ရက်နေ့ အထွေထွေရွေးကောက်ပွဲမှတစ်ဆင့် ဖော်ထုတ်ခဲ့သော လူထုဆန္ဒကို တည်ငြိမ်အေးချမ်းမှန်ကန်စွာ အကောင်အထည်ဖော်ခြင်းမှာ နိုင်ငံ၏ဂုဏ်သိက္ခာနှင့် ပြည်သူများ၏ နှလုံးစိတ်ဝမ်းအေးချမ်းရေးအတွက် လွန်စွာမှ အရေးကြီးပါသည်။ ဤကိစ္စနှင့်ပတ်သက်၍ အမျိုးသားပြန်လည်သင့်မြတ်ရေး သဘောထားကို အခြေခံပြီး နာယကကြီးနှင့် တွေ့ဆုံဆွေးနွေးလိုပါသည်။ ထို့ကြောင့် လာမည့်အပတ်အတွင်း နာယကကြီးအတွက် အဆင်ပြေမည့် အချိန်တွင် လာရောက်တွေ့ဆုံနိုင်ရေး စီစဉ်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်"**

ဟုပါရှိပါသည်။

ကျွန်တော့်ကဲ့သို့ပင် ဦးသိန်းစိန်နှင့် တပ်ချုပ်ထံသို့လည်းတွေ့ဆုံလိုကြောင်း စာရေးသား ပေးပို့ခဲ့သည်ဟု သိရပါသည်။ ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်နေ့ နံနက် ၉ နာရီ အချိန် တွင် လာရောက် တွေ့ဆုံနိုင်ပါကြောင်း ကျွန်တော်သူ့ထံ ပြန်ကြားခဲ့သည်။

နိုဝင်ဘာလ ၁၈ ရက်နေ့တွင် သမ္မတဦးသိန်းစိန်နှင့်ဇနီး၊ ကျွန်တော်နှင့် ကျွန်တော့်ဇနီးတို့တွေ့ဆုံဖြစ်သည်။ တွေ့ဆုံစဉ် ကျွန်တော်က သမ္မတကြီးကို **"ကျွန်တော်ကတော့ ရွေးကောက်ပွဲရှုံးသွားပြီ။ ပါတီလည်းအခြေအနေမကောင်းဘူးလို့ကြားရတယ်။ စိတ်မကောင်းပါဘူး။ ဒေါ်အောင်ဆန်းစုကြည်ကတော့ ကျွန်တော်နဲ့တွေ့လိုကြောင်း စာရေးထားတာရှိတယ်။ ကျွန်တော်ကတော့တွေ့မယ်လို့ ပြန်ပြောထားတယ်။ သမ္မတကြီးကိုလည်းတွေ့လိုကြောင်း စာပို့ထားတယ်လို့ သိရပါတယ်။ သမ္မတကြီးရောဘယ်လိုလဲ"** ဟုမေးရာ **"နောက်တစ်လ ကျော်လောက်မှပဲတွေ့ပါမယ်"** ဟု ပြန်ဖြေသည်။

## ပူးတွဲကြေညာချက်

နိုဝင်ဘာ ၁၉ ရက်နေ့တွင် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌရုံးခန်း၌ကျွန်တော် သူနှင့် တွေ့ဆုံပြီး အချက် (၅) ချက်ကို ပူးတွဲ ကြေညာချက်အဖြစ် ထုတ်ပြန်ခဲ့သည်-



ဒေါ်အောင်ဆန်းစုကြည်၊ သူရဦးရွှေမန်း၊ ဦးဝင်းမြင့် (ယခုနိုင်ငံတော် သမ္မတ)နှင့် ဒေါက်တာဇော်မြင့်မောင်တို့ ၁၉-၁၁-၂၀၁၅ ရက်နေ့ ၀၉:၀၀ နာရီအချိန်က ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌရုံးခန်းတွင် တွေ့ဆုံစဉ်



ဒေါ်အောင်ဆန်းစုကြည်၊ သူရဦးရွှေမန်း၊ ဦးဝင်းမြင့် (ယခုနိုင်ငံတော် သမ္မတ)နှင့် ဒေါက်တာဇော်မြင့်မောင်တို့
၁၉-၁၁-၂၀၁၅ ရက်နေ့ ဝ၉:ဝဝ နာရီအချိန်၌ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌရုံးခန်းတွင် တွေ့ဆုံစဉ်




ဒေါ်အောင်ဆန်းစုကြည်၊ သူရဦးရွှေမန်း၊ ဦးဝင်းမြင့် (ယခုနိုင်ငံတော်သမ္မတ)နှင့် ဒေါက်တာဇော်မြင့်မောင်တို့
၁၉-၁၁-၂၀၁၅ ရက်နေ့ ဝ၉:ဝဝ နာရီအချိန်က ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌရုံးခန်းတွင် တွေ့ဆုံစဉ်

ပွဲတွဲကြေညာချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) နိုဝင်ဘာလ ၈ ရက်နေ့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲမှ ထွက်ပေါ်လာသည့် ပြည်သူ့ဆန္ဒကို တည်ငြိမ်အေးချမ်းစွာ စနစ်တကျ အကောင်အထည် ဖော်ခြင်းဖြင့် နိုင်ငံတော်၏ ဂုဏ်သိက္ခာမြင့်မားရေးနှင့် ပြည်သူပြည်သားများ နှလုံးစိတ်ဝမ်း အေးချမ်းမှုရရှိ စေရန်၊

(ခ) "ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒလွှတ်တော် ဆန္ဒ၊ ပြည်သူတို့ မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်" ဆိုသည့် လွှတ်တော်၏ မူဝါဒဆောင်ပုဒ်နှင့်အညီ ပြည်သူများ၏ ရွေးချယ်တာဝန် ပေးမှုကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရန်

(ဂ) လွှတ်တော်များ ဖွဲ့စည်းရာတွင် အမျိုးသားပြန်လည် သင့်မြတ်ရေးနှင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကိုပါ အလေးအနက်ထား ရှုမြင်ဆောင်ရွက်ရန်၊

(ဃ) လွှတ်တော်ဆိုင်ရာ ကိစ္စရပ်များ၊ အခြားအရေးကြီးသောလုပ်ငန်းတာဝန်များအတွက် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ခြင်းဖြင့် အပြန်အလှန်ယုံကြည်လေးစားပြီး သဟဇာတဖြစ်သော အစဉ်အလာကောင်းများ ချမှတ်နိုင်ရန်၊

(င) ဒုတိယအကြိမ်လွှတ်တော်များကို ဥပဒေနှင့်အညီခေါ်ယူ ဖွဲ့စည်းနိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းပူးပေါင်းဆောင်ရွက်နေရန်။

တို့ကို နှစ်ဖက်သဘောတူညီမှုရရှိခဲ့ကြောင်း ပူးတွဲကြေညာအပ်ပါသည်။

## ဗိုလ်ချုပ်မှူးကြီး သန်းရွှေ (ငြိမ်း) နှင့် တွေ့ဆုံခြင်း

ရွေးကောက်ပွဲတွင် NLD အနိုင်ရရှိသည်ကို လက်ခံအသိအမှတ်ပြုရေးအတွက် နည်းလမ်းတကျဆောင်ရွက်နိုင်ရန်နှင့် ထိုမှတစ်ဆင့်ရင်ကြားစေ့ရေးကို စနစ်တကျဆက်လက်လုပ်ဆောင်နိုင်ရန်အရေးကြီးကြောင်း ကျွန်တော်ကောင်းစွာနားလည် ယုံကြည်ထားသည်။ ထို့အတူ သူကလည်း ကျွန်တော်ကဲ့သို့ပင် မျှော်မှန်းထားသည်ဟုသိရသည်။

ထိုကိစ္စအတွက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ (ငြိမ်း) သည်လည်း အရေးကြီး သည့် ပုဂ္ဂိုလ်တစ်ဦး ဖြစ်သည့်အတွက် သူနှင့်တွေ့ဆုံလိုကြောင်း ပြောသည်။ သူဗိုလ်ချုပ်မှူးကြီး သန်းရွှေ (ငြိမ်း) နှင့်တွေ့လိုသည်။ အကြောင်းမှာ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် နိုင်ငံတည်ဆောက်ရေးအတွက် အတွေ့အကြုံနှင့် အကြံဉာဏ်ကောင်းများ ရယူရန်ဖြစ်သည်။ သူနှင့်မတွေ့မီ ကျွန်တော့်ကို ဦးစွာသွားပြီးတွေ့ပေးပါဟု ပြောသည်။ ဤကိစ္စအတွက် သွားတွေ့သည့်အခါ လူကြီး၏အသက်အရွယ်နှင့် ဂုဏ်သိက္ခာကိုပို၍ လေးစားသမှု ပြုစေလိုသည်။ (သူက ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား အန်ကယ်ဟုခေါ်ကြောင်း သိရသည်) ထို့ကြောင့် စကားအသုံးအနှုန်းသတိထားပါဟု ကျွန်တော့်ကိုမှာပါသေးသည်။

ထို့နောက် ကျွန်တော် လာရောက်တွေ့ဆုံလိုကြောင်း ဗိုလ်ချုပ်မှူးကြီးသန်းရွှေ (ငြိမ်း)ထံ ခွင့်တောင်းရာ လာတွေ့ရန် ရက်နှင့်အချိန်ကို အကြောင်းပြန်လာပါသည်။ ကျွန်တော်ဗိုလ်ချုပ်မှူးကြီး သန်းရွှေ (ငြိမ်း)ထံသွားပါသည်။ တွေ့လျှင်တွေ့ချင်း ထုံးစံအတိုင်း နှုတ်ခွန်းဆက် စကားပြောပြီး လာရောက်တွေ့ဆုံရခြင်း၏ အဓိကရည်ရွယ်ချက်ကို ၁၀ မိနစ်အတွင်း ရှင်းပြပါသည်။

ဒေါ်အောင်ဆန်းစုကြည်က ဗိုလ်ချုပ်မှူးကြီးနှင့်တွေ့ဆုံပြီး နိုင်ငံ့ရေးရေးအတွက် ကောင်းအောင် မည်သို့ဆောင်ရွက်သင့်သည်ကို ဆွေးနွေး အကြံဉာဏ်ရယူလိုကြောင်း။ **သူ၏အခြေအနေကို ယခင်က ကောင်းစွာမသိခဲ့သော်လည်း လွှတ်တော်အတွင်း ရောက်လာသည့် နောက်ပိုင်းတွင် ပြောဆိုဆွေးနွေးရသည်မှာ အဆင်ပြေကြောင်း။ သူ၏ အသက်အရွယ်နှင့် အချိန်အခါအရထင်ပါကြောင်း။ တိုင်းပြည်ကိုလည်း တကယ်ချစ်ကြောင်း။ စကားကတိလည်းတည်ကြောင်း** ကျွန်တော်ကပြောပါသည်။

ဗိုလ်ချုပ်မှူးကြီးကလည်း -

**"အေး...ဟုတ်မယ်၊ ဒီလိုကြားသိရတော့ ဝမ်းသာတယ်။ အခုသူ နိုင်ငံ့ခေါင်းဆောင်ဖြစ်သွားပြီ။ တို့အသိအမှတ်ပြုရမယ်။ ဒီတစ်ကြိမ်တင် မဟုတ်ဘူး။ ၂၀၂၀ မှာလည်း ပြည်သူကရွေးရင် တို့အသိအမှတ်ပြုရမယ်။ သူ တိုင်းပြည်ကောင်းအောင် လုပ်ရင် တို့ကူရမယ်"**

ဟု ဝမ်းသာအားရ ပြန်ပြောသည်။

**"ဗိုလ်ချုပ်မှူးကြီး တွေ့မယ်ဆိုရင် ကျွန်တော်သူ့ကို ခေါ်လိုက်မယ်။ အသင့် စောင့်ဆိုင်းနေဖို့ ပြောထားပါတယ်"** ဟုပြောရာ-

**"အေးတွေ့မယ်။ ဒါပေမဲ့ အခုတော့မဟုတ်သေးဘူး။ မင်းကတွေ့ဖို့ သဘောတူပြီးဖြစ်သော်လည်း သမ္မတနှင့်တပ်ချုပ်တို့ကို အသိပေးဖို့လိုသေးတယ်။ ဒါကြောင့် တွေ့မယ့်ရက် ပြန်ပြောမယ်"**

ဟုပြောသည်။ အစစသတိထားပြီး ဆောင်ရွက်တတ်သည့် လူကြီးတစ်ဦးပါလားဟု ကျွန်တော့်စိတ်ထဲတွင်တွေးမိသည်။

ကျွန်တော်တို့နှစ်ဦး တွေ့ဆုံမှုမှာ ၂ နာရီခွဲခန့် ကြာပါသည်။ တွေ့ဆုံကြစဉ် ဗိုလ်ချုပ်မှူးကြီး မေးမြန်းသည်များကိုလည်း ကျွန်တော်ဖြေခဲ့သည်။ မမေးသော်လည်း သိလိုဟန်ရှိသည့်ကိစ္စရပ်များကိုလည်း ကျွန်တော်ပြောဖြစ်ခဲ့သည်။ ကျွန်တော်တို့နှစ်ဦး တွေ့ဆုံစကားပြောအပြီးတွင် ဗိုလ်ချုပ်မှူးကြီးအနေဖြင့် စိတ်လက်ပေါ့ပါးကာ မျက်နှာမှာလည်း ပိုမိုလန်းဆန်းအားတက်လာဟန်ရှိသည်ကို သတိပြုမိသည်။ တွေ့ဆုံခဲ့သည့် အခြေအနေအသေးစိတ်ကို ကျွန်တော် သူ့အား ပြန်လည်ပြောပြခဲ့သည်။

**ကျွန်တော်ပျော်ပါသည်။ သူတို့နှစ်ယောက်အတွက်သာမက တိုင်းပြည်တိုး တက်ရေးအတွက် အခြေအနေကောင်းများရရှိသွားပြီဟု ခံစားမိခြင်းကြောင့် ဖြစ်သည်။**

သူသွားရောက် မတွေ့ဖြစ်ခင်အထိ ဗိုလ်ချုပ်မှူးကြီးနှင့် ကျွန်တော် ၂ ကြိမ်တိုင် တွေ့ဆုံ စကားပြောဆိုရသည်။

**သူလည်း ဗိုလ်ချုပ်မှူးကြီးနှင့် တွေ့သည့်အခါ အမျိုးသားပြန်လည်သင့်မြတ်ရေး အတွက်ကို ရှေးရှုပြီး နိမ့်ချခြင်း၊ လေးစားခြင်းတို့ဖြင့် လူကြီးတစ်ဦးအပေါ် ပြုမူ ဆက်ဆံခဲ့သည်။ တော်ပါပေသည်။ လေးစားလောက်ပါသည်။**

သူတို့နှစ်ဦး တွေ့ဆုံပြီးနောက်တွင် ကျွန်တော်ဗိုလ်ချုပ်မှူးကြီးထံ နောက်တစ်ခေါက် ထပ်မံ၍သွားရောက်တွေ့ရသေးသည်။ လူကြီးနှစ်ဦး တွေ့ဆုံမှု အောင်မြင်စွာပြီးမြောက်ကာ နိုင်ငံ့ရေးရေးအတွက် အဓိကထားစဉ်းစားဆောင်ရွက်နေကြသည်ကို တွေ့မြင်သိရှိရသဖြင့် ဝမ်းမြောက်မိပါသည်။

ဗိုလ်ချုပ်မှူးကြီးကလည်း -
" အေး..ဟုတ်မယ်၊ ဒီလိုကြားသိရတော့ဝမ်းသာတယ်။
အခုသူ နိုင်ငံ့ခေါင်းဆောင်ဖြစ်သွားပြီ။ တို့အသိအမှတ်ပြုရမယ်။
ဒီတစ်ကြိမ်တင် မဟုတ်ဘူး။ ၂၀၂၀ မှာလည်း ပြည်သူကရွေးရင်
တို့အသိအမှတ်ပြုရမယ်။ သူတိုင်းပြည်ကောင်းအောင်လုပ်ရင် တို့ကူရမယ်"
ဟု ဝမ်းသာအားရ ပြန်ပြောသည်။

## ပြည်သူများ၏ အချုပ်အခြာအာဏာကို ပြည်သူများထံအပ်နှင်းရန် လွှတ်တော်များ ခေါ်ယူခြင်း၊

> **"နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာကို ပိုင်ဆိုင်တဲ့သူတွေဟာ ပြည်သူများဖြစ်တဲ့ အတွက် အချုပ်အခြာအာဏာကို မည်သူကမည်သည့် အခြေအနေကြောင့် ရယူခဲ့သည်ဖြစ်စေ ပြည်သူများကိုသာ ပြန်လည်ပေးအပ်ရမှာ ဖြစ်တယ်"**

ဟု ခံယူထားသည့်အတိုင်း ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ခေါ်ယူကျင်းပရေး ချောမွေ့အောင်မြင်စွာ ဆောင်ရွက်ရန်တာဝန်သည် ကျွန်တော့်အပေါ်တွင် ကျရောက်နေပါသည်။ ပြည်သူကရွေးချယ်ထားသော ပြည်သူ့ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည့် ဒုတိယ အကြိမ် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့ ခေါ်ယူ ကျင်းပရေးကို ကျွန်တော်ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ သူနှင့်လည်း တိုင်ပင်ညှိနှိုင်းသည်။

လွှတ်တော်ခေါ်ယူမှု အမိန့်ကြော်ငြာစာကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၆ ရက်နေ့တွင် ထုတ်ပြန်ကာ ဒုတိယအကြိမ် ပြည်ထောင်စု လွှတ်တော် အစည်းအဝေးကို ခေါ်ယူသည်။ လွှတ်တော်ကိုယ်စားလှယ် အဟောင်းများထဲမှ ၃၆ ဦးသာ ရွေးကောက်ပွဲတွင် ပြန်လည် အရွေးချယ်ခံရသည်ဖြစ်ရာ ကိုယ်စားလှယ်အသစ်များရောက်လာသည့်အခါတွင် နှစ်ဆန်းပါး တိုးလာသည့် ကိုယ်စားလှယ်များ၏ နေထိုင်စားသောက်ရေး၊ သွားလာရေးနှင့် ကျန်းမာရေး ကိစ္စများအပါအဝင် အုပ်ချုပ်မှုကိစ္စရပ်များစွာကို စီစဉ်ဆောင်ရွက်ပေးရသည်။ ထို့အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထဲမှ လွှတ်တော်ဥက္ကဋ္ဌနှင့်

ဝန်ကြီးချုပ်အဖြစ် အနိုင်ရပါတီက လျာထားသူများကိုလည်း နေပြည်တော်သို့ ဖိတ်ခေါ်၍ လွှတ်တော်နှင့် အုပ်ချုပ်ရေးဆိုင်ရာ အတွေ့အကြုံဖလှယ်ခြင်း၊ ဆွေးနွေးခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။ ၎င်းတို့အတွက်လည်း နေထိုင်ရေး၊ စားသောက်ရေး၊ လွှတ်တော် တက်ရောက်နိုင်ရေး၊ အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်နိုင်ရေး စသည်တို့ အဆင်ပြေစေရေးအတွက် စီမံပြင်ဆင်ရသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်နှင့် လွှတ်တော်ဥက္ကဋ္ဌ များ အဖြစ်တာဝန်ပေးရန် လျာထားခံထားရသူများအား နေပြည်တော်သို့ ဖိတ်ခေါ်ကာအုပ်ချုပ်ရေးနှင့် လွှတ်တော်အတွေ့အကြုံဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများကို လွှတ်တော်အတွင်းတွင် ကျွန်တော်စီစဉ်ဆောင်ရွက်ပေးခဲ့သည်။ ဆွေးနွေးပွဲ၏ ဖွင့်ပွဲနှင့် ပိတ်ပွဲနေ့တွင် သူနှင့်ကျွန်တော် နှစ်ယောက်လုံး တက်ရောက်အမှာစကားပြောခဲ့ကြသည်။ အဖွင့်နေ့တွင် ကျွန်တော် ဦးစွာပြောပြီး သူကနောက်မှပြောသည်။ ကျွန်တော်က -

**"ယခုကဲ့သို့ အလုပ်ရုံဆွေးနွေးပွဲများ ဆောင်ရွက်ပေးခြင်းသည် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်အတွက်လည်း မဟုတ်သလို ဒေါ်အောင်ဆန်းစုကြည်အတွက်လည်းမဟုတ်၊ ကျွန်တော်လုပ်ချင်တဲ့ အလုပ်အတွက်သာဖြစ်သည်"**

ဟု ပြောလိုက်ရာ တက်ရောက်လာကြသည့် ပုဂ္ဂိုလ်အများစုမှာ မျက်နှာများပျက်သလို ဖြစ်သွားကြသည်။ ဆက်လက်၍ ကျွန်တော်က-

**"ယခုဆောင်ရွက်ချက်သည် နိုင်ငံတော်နဲ့ နိုင်ငံသားများအတွက်ဖြစ်သည်။ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်သည်လည်း နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် ဆောင်ရွက်လိုကြတာ မဟုတ်ဘူးလား။ ဟုတ်တယ်ဆိုရင် ကျွန်တော်တို့ ရည်မှန်းချက် အတူတူပဲပေါ့"**

ဟု ပြောလိုက်သည့် အခါတွင်မှ သူတို့ကျေနပ်သည့်ပုံဖြစ်သွားကြသည်။

ကျွန်တော်ပြောပြီးနောက် သူပြောသည်။ သူက **"နာယကကြီး အခုလို ဆောင်ရွက်ပေးခဲ့သည့် အတွက်လည်း၊ နိုင်ငံတော်နှင့် နိုင်ငံသားများကိုယ်စား၊ ကျွန်မကလည်း ကျေးဇူးတင်ပါတယ်"** ဟုပြန်လည် ပြောဆိုလိုက်ရာ သူ၏လိမ္မာပါးနပ်မှုနှင့် ဉာဏ်ထက်မြက်မှုကိုလည်း စိတ်ထဲတွင် ချီးကျူးမိပါသည်။

ယင်းနောက် ဆက်လက်၍ သူက-

"ရွေးကောက်ပွဲတွင် အနိုင်ရခဲ့ပြီဖြစ်တဲ့အတွက် အစိုးရထဲမှာရော၊ လွှတ်တော်ထဲမှာပါ အဖွဲ့ချုပ်ကလူတွေ ရောက်လာကြတော့မှာဖြစ်တယ်။ ဒီလိုရောက်လာကြတဲ့အခါမှာ ကိုယ်သိလှပြီ၊ တော်လှပြီ၊ မှန်လှပြီလို့ထင်ပြီးမလုပ်မိဖို့ အရေးကြီးတယ်။ အကတော်တဲ့ ဗိုးစိန်ကြီးလောက် ပရိသတ်တွေက မကတတ်ကြပါဘူး။ သို့သော် စင်ပေါ်မှာ ဗိုးစိန်ကြီး လက်ချိုး ခြေထိုးမှားရင်တော့ ပရိသတ်က တန်းသိကြပါတယ်။ ဒီလိုပါပဲ ဆိုင်းတီးတော်တဲ့ စိန်ဗေဒါကြီးလောက် ပရိသတ်ထဲက ဘယ်သူမှ မတီးနိုင်ကြပါဘူး။ သို့သော် စိန်ဗေဒါကြီး တီးလုံးတီးကွက် မှားရင်တော့ ဘယ်နေရာမှာ မှားတီးလိုက်တယ်ဆိုတာတော့ ပရိသတ်က သိကြပါတယ်။ ဒါကြောင့် တာဝန်တွေထမ်းဆောင်ကြရတဲ့ အခါမှာသတိနဲ့ဆောင်ရွက်ကြပါ"

ဟု ပြောခဲ့သည်။



တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ လွှတ်တော်ဥက္ကဋ္ဌများအဖြစ် တာဝန်ပေးရန်လျာထားခံထားရသူများအား ဇမ္ဗူသီရိခန်းမဆောင်တွင်အုပ်ချုပ်ရေးနှင့် လွှတ်တော်အတွေ့အကြုံဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပအပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်

အလုပ်ရုံဆွေးနွေးပွဲ ပြီးဆုံးသည့်နေ့တွင်မူ သူကအမှာစကား၊ ဦးစွာပြော၍ ကျွန်တော်က နောက်မှပြောသည်။

**"အဖွဲ့ချုပ်ကို ပြည်သူတွေက တာဝန်ပေးလိုက်ပြီ ပြည်သူများ ကို မှန်ကန်စွာ အလုပ်အကျွေးပြုကြရမယ်။ ဒီသင်တန်းက ကိုယ်စားလှယ်များကို များစွာအထောက်အကူပေးတယ်။ ဒီလို ဆောင်ရွက်ပေးတဲ့ အတွက် နာယကကြီးနှင့် သင်တန်းအဖွဲ့ကို ကျေးဇူးတင်ပါတယ်"**

ဟု သူက ပြောကြားသည်။ ကျွန်တော့်အလှည့်ရောက်သည့်အခါ ကျွန်တော်က -

**"အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ကိုယ်စားလှယ်များဟာ နိုင်ငံနဲ့ ပြည်သူများအတွက် စိတ်ကောင်းစေတနာရှိကြတာကို ယုံမှားသံသယမရှိပါဘူး။ သို့သော် စိတ်ကောင်းစေတနာ မှန်သလို လုပ်နည်းလုပ်ဟန်မှန်ဖို့လည်းလိုပါတယ်။ တာဝန်ထမ်းဆောင်ကြရာမှာ ဥပဒေလုပ်ထုံးလုပ်နည်းများနဲ့အညီ တရားနည်းလမ်းတကျ ဆောင်ရွက်ကြဖို့လိုပါတယ်။ ကိုယ့်ဘေးမှာအုပ်ချုပ်ရေး အတွေ့အကြုံရှိသူတွေ၊ ဥပဒေဆိုင်ရာနှင့် တရားရေးအတွေ့အကြုံ ရှိသူတွေနဲ့ အခြားလုပ်ငန်းအတွေ့အကြုံရှိ ဝန်ထမ်းများရှိနေမှာဖြစ်ရာ သူတို့မှာရှိတဲ့ ဥပဒေဆိုင်ရာ၊ လုပ်ထုံးလုပ်နည်းဆိုင်ရာ အကြံပြုချက်များရယူကာ ချင့်ချိန်လုပ်ကိုင်ကြလျှင် ပြည်သူကို မှန်ကန်စွာ အလုပ်အကျွေးပြုနိုင်မှာဖြစ်ကြောင်း၊"**

ပြောကြားခဲ့သည်။ အလုပ်ရုံဆွေးနွေးပွဲတွင် ဦးဆောင်ဆွေးနွေးခဲ့ကြသူများမှာ ပြည်နိုင်ငံဖြိုးပါတီမှ ပုဂ္ဂိုလ်များနှင့် အတွေ့အကြုံရင့်ကျက်သည့် အငြိမ်းစားအရာထမ်းများဖြစ်သည်။ အစိုးရအနေဖြင့် တိုင်းပြည်ကိုစီမံခန့်ခွဲ၊ အုပ်ချုပ်ဆောင်ရွက်ရာတွင် ဥပဒေလုပ်ထုံးလုပ် နည်းများနှင့်အညီ ဆောင်ရွက်နိုင်ရန် အဓိကလိုအပ်ကြောင်း ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

တစ်ဖက်တွင်လည်း လွှတ်တော်ဥက္ကဋ္ဌတာဝန်လွှဲပြောင်းရေးအတွက် ကျွန်တော့်အနေဖြင့် ပြင်ဆင်ဆောင်ရွက်ရသည်။ တစ်ချိန်တည်းမှာပင် အသစ်တာဝန်ယူမည့် လွှတ်တော်ဥက္ကဋ္ဌအနေဖြင့် လွှတ်တော်ကိုအရှိန်အဟုန်မပျက် ဦးဆောင်သွားနိုင်ရေး

အတွက် အဘက်ဘက်မှစဉ်းစားပြင်ဆင်ပေးခဲ့သည်။ တကယ်တော့ရွေးကောက်ပွဲအနိုင်ရ ကိုယ်စားလှယ်များအား လွှတ်တော်ခေါ်ယူခြင်း၊ လွှတ်တော်ကို စနစ်တကျလွှဲပြောင်းခြင်းနှင့် လွှတ်တော်အသစ်အနေဖြင့် လွှတ်တော်အစည်းအဝေးများ ချောမွေ့အဆင်ပြေစွာ ကျင်းပနိုင်ရေးကိစ္စသည် လွန်စွာအရေးကြီးသည့် ကိစ္စဖြစ်သည်။

ထိုကိစ္စရပ်များကို အောင်မြင်စွာဆောင်ရွက်နိုင်မှသာ အနိုင်ရပါတီအနေဖြင့် နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်ခြင်းနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဖွဲ့စည်းခြင်းတို့ကို ဆောင်ရွက်နိုင်မည်ဖြစ်ကာ ယင်းမှတစ်ဆင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ဝန်ကြီးချုပ်များ ခန့်အပ်ခြင်း၊ အစိုးရအဖွဲ့များ ဆက်လက်ဖွဲ့စည်းခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ ဖွဲ့စည်းခြင်းတို့ကို အစီအစဉ်တကျ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည် မဟုတ်ပါလား။

၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အနိုင်ရသော်လည်း လွှတ်တော်ခေါ်ယူမပေးနိုင်ခဲ့သဖြင့် မဲဆန္ဒရှင်ပြည်သူများ၏ ဆန္ဒမပြည့်ဝသလို ယင်းရွေးကောက်ပွဲ၏ ရလဒ်သည်လည်း အချည်းနှီးဖြစ်ရသည်ကို မှတ်မိနေသည်။

၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၂၁ ရက်နေ့တွင် စည်ပင်ရိပ်သာသို့သူနှင့်အတူ သွားရောက်ပြီး အိမ်ဆောင်များ၊ နေရာချထားရေး၊ တည်းခိုရေး၊ စားသောက်ရေး၊ ပို့ဆောင်ရေးစသည့် ကိစ္စရပ်များကိုကြည့်ခဲ့သည်။ လုပ်ငန်းညှိနှိုင်းမှုများပြုသည်။ စည်ပင်နှင့် ဆက်စပ်ဌာနများမှ ဝန်ထမ်းများနှင့်တွေ့ဆုံစကားပြောသည်။

ကျွန်တော်ရောသူပါ စကားပြောကြသည်။ နိုင်ငံ့ဝန်ထမ်းများကို လက်ရှိအနေအထားအတိုင်းဆက်လက် တာဝန်ပေးထားမည်ဖြစ်ကြောင်း၊ နိုင်ငံတည်ဆောက်ရေးတွင် ပါဝင်ဆောင်ရွက်ရန်လိုကြောင်းသူပြောပြီး ဝန်ထမ်းများ၏ စိုးရိမ်စိတ်ကို လျော့နည်းစေခဲ့သည်။

**၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က
အနိုင်ရသော်လည်း လွှတ်တော်ခေါ်ယူမပေးနိုင်ခဲ့သဖြင့် မဲဆန္ဒရှင်ပြည်သူများ၏
ဆန္ဒမပြည့်ဝသလို ယင်းရွေးကောက်ပွဲ၏ရလဒ်သည်လည်း
အချည်းနှီးဖြစ်ရသည်ကိုမှတ်မိနေသည်။**

## ဒုတိယအကြိမ် လွှတ်တော်များ၏ ပထမနေ့ မြင်ကွင်း

၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့သည် ဒုတိယအကြိမ်လွှတ်တော် အစည်းဝေးများ စတင်သည့် ပထမနေ့ဖြစ်သည်။ ထိုနေ့တွင် သူက ရွေးချယ်တင်မြှောက်ခံရသည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် တစ်ဦး အနေဖြင့် လွှတ်တော်အစည်းအဝေးတက်သည်။ ကျွန်တော်သည် NLD ထိပ်တန်း ခေါင်းဆောင်များဖြစ်သည့် သူရဦးတင်ဦး၊ ဦးဝင်းထိန်နှင့် အခြား ခေါင်းဆောင်များ၊ မိသားစုများ၊ နိုင်ငံတကာမှ ဧည့်သည်တော်များ၊ လေ့လာသူ ပြည်သူများနှင့်အတူ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၏ လေ့လာသူများအတွက် နေရာအပေါ်ထပ်မှ တက်ရောက်အားပေးသည်။ သူတို့အားလုံး၏ မျက်နှာများမှာ ရွှင်လန်း တက်ကြွနေကြသည်။ နှစ်ပေါင်းများစွာ အနစ်နာခံကြိုးစားခဲ့ကြသည့်ရလဒ်များ၊ စတင် အကောင်အထည်ဖော်နိုင်လာသောကြောင့်ဖြစ်လိမ့်မည်။

သူ့ကိုလည်း လှမ်းကြည့်မိသည်။ သူ၏ အမူအရာမှာ ဝမ်းမြောက်ပျော်ရွှင်မှုကို ဖော်ပြနေပေသည်။ ပြည်သူ့လွှတ်တော်အစည်း အဝေးပြီးနောက် အမျိုးသားလွှတ်တော် အစည်းအဝေးကို ဖေဖော်ဝါရီလ ၃ ရက်နေ့တွင်ကျင်းပရာ ထိုအစည်းအဝေးတွင် သူနှင့် ကျွန်တော်နှစ်ယောက်လုံးသည် လေ့လာသူများအဖြစ် နောက်တန်းမှအတူ တက်ရောက် အားပေးခဲ့ကြသည်။ NLD ထိပ်တန်း ခေါင်းဆောင်များလည်း တက်ရောက်အားပေးကြသည်။ အစည်းအဝေးအစအဆုံး ကျွန်တော်တို့တက်ရောက်ခဲ့ကြသည်။



သူရဦးရွှေမန်း၊ သူရဦးတင်ဦး၊ ဦးဝင်းထိန်၊ ဒေါက်တာဇော်မြင့်မောင်နှင့်အဖွဲ့ဝင်များ ၁-၂-၂၀၁၆ ရက်နေ့
ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်ပထမပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပမှုကို ကြည့်ရှုလေ့လာစဉ်



သူရဦးရွှေမန်းနှင့်အဖွဲ့ဝင်များ ၁-၂-၂၀၁၆ ရက်နေ့
ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်ပထမပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပမှုကို ကြည့်ရှုလေ့လာစဉ်



ဒေါ်အောင်ဆန်းစုကြည်၊ သူရဦးရွှေမန်း၊ သူရဦးတင်ဦး၊ ဦးဝင်းထိန်၊ ဒေါက်တာဇော်မြင့်မောင်နှင့်အဖွဲ့ဝင်များ ၃-၂-၂၀၁၆ ရက်နေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်ပထမပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပမှုကို ကြည့်ရှုလေ့လာစဉ်



ဒေါ်အောင်ဆန်းစုကြည်၊ သူရဦးရွှေမန်း၊ သူရဦးတင်ဦး၊ ဦးထွန်းကျော်၊ ဒေါ်စုစုလွင်၊ ဦးဝင်းထိန်နှင့်ဒေါက်တာဇော်မြင့်မောင် ဒုတိယအကြိမ်အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေး ပထမနေ့ကျင်းပမှုကို ကြည့်ရှုလေ့လာစဉ်



သူရဦးရွှေမန်းနှင့် သူရဦးတင်ဦးတို့ ဒုတိယအကြိမ်ပြည်ထောင်စုလွှတ်တော် ပထမနေ့ကျင်းပနေမှုကို ကြည့်ရှုစဉ်

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်အစည်းအဝေး၏ ပထမနေ့ကို ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် ကျင်းပရာ ဧည့်ပရိသတ်များ ပိုမိုများပြားစွာ တက်ရောက်ကြသည်။ သူကလွှတ်တော်ကိုယ်စားလှယ်အဖြစ်တက်ရောက်သည်။ ကျွန်တော်က အခြားဧည့်သည်များနှင့်အတူ လေ့လာသူအဖြစ်အပေါ်ထပ်မှ တက်ရောက်အားပေးသည်။ သံတမန်များနှင့် နိုင်ငံတကာမှ ဧည့်ပရိသတ်များလည်းများပြားစွာတက်ရောက်ကြသည်။ ထိုအစည်းအဝေးတွင် ဒုတိယသမ္မတလောင်း ၃ ဦး အနက်မှ ဦးထင်ကျော်အား နိုင်ငံတော်သမ္မတအဖြစ် တင်မြှောက်ကြသည်။

နိုင်ငံတော်သမ္မတသစ်က မိန့်ခွန်းပြောသည်။ တိုတိုရှင်းရှင်းနှင့် ထိထိမိမိ ပြောသွားသည်ကို သတိပြုမိသည်။ ကိုယ်စားလှယ်များနှင့် ဧည့်ပရိသတ်များ၏ လက်ခုပ်သံများ ဗြိမ့်ဗြိမ့်သဲ ကျယ်လောင်စွာဖြင့် အားပေးကြသည်။ အချို့လည်း ပျော်လွန်း၍ မျက်ရည်များကျကြသည်။ အချို့ကကျွန်တော့်ကို အားပါးတရလာရောက်နှုတ်ဆက်ကြရင်း ကျေးဇူးတင်ကြောင်း အထပ်ထပ်ပြောကြသည်။ သူ့ကိုကြည့်တော့ သူအလွန်ပျော်နေကြောင်း သူ့မျက်နှာနှင့် သူ့အမူအရာများက ဖော်ပြနေသည်။ ကျွန်တော်လည်းပျော်ပါသည်။ ပီတိလည်းဖြစ်ရသည်။ အဘယ်ကြောင့်ဆိုသော် ပြည်သူများ၏ လိုအင်ဆန္ဒကို ဖော်ဆောင်ရာတွင် ကျွန်တော်၏စေတနာနှင့်လုပ်အားလည်း ပါဝင်နိုင်ခဲ့၍ဖြစ်သည်။



ပြည်ထောင်စုလွှတ်တော်နာယကအား ၃-၂-၂၀၁၆ ရက်နေ့ တာဝန်လွှဲပြောင်းပြီး အမှတ်တရ

## ပစ်ခတ်တိုက်ခိုက်မှုများရပ်စဲရေး နှင့် ငြိမ်းချမ်းရေး

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ငြိမ်းချမ်းရေးအမြန်ဆုံးရစေချင်သည်။ ဒီဆန္ဒသည် တာဝန်ရှည်သော၊ ဘဝကပင်ရှိခဲ့သည်။ လက်နက်ကိုင် ပဋိပက္ခများကြားတွင် ပြည်သူတို့၏ အသက်အိုးအိမ် စည်းစိမ်များ ပျက်စီးကြရသည်။ ရွာများ၊ နေအိမ်များ၊ ကျွဲနွား တိရစ္ဆာန်များ၊ အိုးခွက် ပစ္စည်းများမှအစ ကောင်းစွာ သယ်ယူချိန်ပင် မရဘဲ အသက်လု၍ ထွက်ပြေးကြရသည်များလည်း ရှိသည်။ မိသားစု၊ ဆွေမျိုးသားချင်း၊ ညီအစ်ကို မောင်နှမများလည်း ဆုံးရှုံးကြရသည်။ ဘေးလွတ်ရာသို့ ပြေးရင်း စားစရာမရှိ၊ နေစရာမရှိ ဒုက္ခရောက်ခဲ့ပြီး ဖြစ်သလိုနှင့် ဘဝကို ဖြန့်စကြရသည်။ စိုးရိမ်ထိတ်လန့်မှုများနှင့် ရှင်သန်နေကြရသည်။

ကျွန်တော်တို့ စစ်သားဘဝ စစ်ဆင်ရေးတာဝန်ထမ်းဆောင်ကြရာတွင် တာဝန်ပေး၍သာ တိုက်ခိုက်ခဲ့ကြရသည်။ ရန်သူအဖြစ် သတ်မှတ်ပေးထား၍ တိုက်ခိုက်ကြရသည်။ သို့သော် ကိုယ်တိုက်ခိုက်နေသည့် ရန်သူဆိုသူကို မြင်ဖူးသည်ပင် မဟုတ်။ သူ့အပေါ်မုန်းတီးခြင်း မုန်းခြင်းဆိုသည်မှာ ဝေးလှသည်။ စစ်သားဖြစ်၍ ပေးအပ်သည့် တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်နေကြခြင်းသာ ဖြစ်သည်။ ထိုတာဝန်ကို ထမ်းဆောင်ကြရင်း ကိုယ်ချစ်ခင်သည့် ရဲဘော်ရဲဘက်များလည်း ကျဆုံးရသည်။ သူတို့၏ မိသားစုများလည်း ပြိုကွဲရသည်။

တကယ်တော့ သူသေကိုယ်သေ တိုက်ခိုက်နေကြသော်လည်း ကျွန်တော်တို့ အားလုံးသည် တိုင်းရင်းသား ညီအစ်ကို မောင်နှမများသာဖြစ်ကြသည် မဟုတ်ပါလား။

ကိုယ်တွေ့ကြုံခဲ့၍ ပိုပြီးစိတ်မကောင်းဖြစ်မိသည်။ ထို့ကြောင့် ငြိမ်းချမ်းရေးကို အမြန်ဆုံးရစေချင်သည်၊ တစ်ဖက်နှင့်တစ်ဖက် ကတိကဝတ်ပြုပြီး ငြိမ်းချမ်းရေး လက်မှတ်ရေးထိုးစေချင်သည်။ ပထမအကြိမ် လွှတ်တော်ကာလအတွင်းက ငြိမ်းချမ်းရေး လုပ်ငန်းများ စတင်သည့်အခါ ငြိမ်းချမ်းရေးနှင့်ပတ်သက်သည့် အစည်းအဝေးများ၊ သီးခြားတွေ့ဆုံဆွေးနွေးမှုများတွင် အတွင်းကျကျပါဝင်ခဲ့သည်။ NCA လက်မှတ် ရေးထိုးပွဲ များတွင် ပါဝင်ရေးထိုးခဲ့သည်။ ပြည်ထောင်စု အစိုးရအဖွဲ့က ဆောင်ရွက်သည့် ငြိမ်းချမ်းရေး ညီလာခံသို့လည်း တက်ရောက်မိန့်ခွန်းပြောခဲ့သည်။ **[ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ တွင် ပြောကြားသည့်မိန့်ခွန်းကို နောက်ဆက်တွဲ (ဂ) ဖြင့် ဖော်ပြထားပါသည်။]**

## သူက အမျိုးသားရင်ကြားစေ့ရေးကို ရှေးရှုပြီး လွှတ်တော်နှင့်အစိုးရအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးသည်

ဒုတိယအကြိမ် လွှတ်တော်များကို ပြန်လည်ဖွဲ့စည်းသည့်အခါတွင် သူသည် အမျိုးသားရင်ကြားစေ့ရေးကို စဉ်းစားဆောင်ရွက်နိုင်ခဲ့သည်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သို့ရောက်သည်မှာ မကြာသေးသော ကရင်တိုင်းရင်းသား မန်းဝင်းခိုင်သန်းကို တာဝန်ပေးသည်။ ဒုတိယဥက္ကဋ္ဌအဖြစ် ရခိုင် အမျိုးသားပါတီမှ ရခိုင်တိုင်းရင်းသား ဦးအေးသာအောင်ကို ပေးအပ်သည်။ ထို့အတူ ပြည်သူ့လွှတ်တော်၏ ဒုတိယဥက္ကဋ္ဌအဖြစ် ထိုစဉ်က ပြည်ခိုင်ဖြိုးပါတီဝင် ကချင်တိုင်းရင်းသား ဦးတီခွန်မြတ်ကို တာဝန်ပေးသည်။ ထို့အပြင် လွှတ်တော်ကော်မတီများ၏ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များကိုလည်း ပါတီပေါင်းစုံမှ လွှတ်တော်ကိုယ်စားလှယ် များ မျှတအောင် ရွေးချယ်တာဝန်ပေးကာ ရင်ကြားစေ့ရေးကို ခိုင်မာအောင် စဉ်းစားဆောင်ရွက် သည်ကို တွေ့ရသည်။

လွှတ်တော်ဖွဲ့စည်းရေးသာမက အစိုးရအဖွဲ့ ဖွဲ့စည်းရာတွင်လည်း ချင်း တိုင်းရင်းသားဖြစ်သူ ဦးဟင်နရီဗန်ထီးယူကို ဒုတိယသမ္မတအဖြစ် တာဝန်ပေးသည်။ ထို့အတူ အစိုးရအဖွဲ့အတွင်းတွင်လည်း ပြည်ခိုင်ဖြိုးပါတီဝင်များကို ထည့်သွင်းတာဝန် ပေးသည်။ လွှတ်တော်ဖွဲ့စည်းရေးနှင့် အစိုးရဖွဲ့စည်းရေးကိစ္စရပ်များတွင်လည်း ကျွန်တော့်ကို

သူက အသိပေးမှုများ ပြုလုပ်ခဲ့သည်။ ကျွန်တော်နှင့် သက်ဆိုင်နီးစပ်သော သူများထဲမှ တာဝန်ပေးရန်လျာထားသူများကို ကမ်းလှမ်းဖိတ်ခေါ်ကာ သဘောထား မေးမြန်းညှိနှိုင်းမှုများ ပြုလုပ်ခဲ့သည်။ ၎င်းတို့ထဲမှ အချို့သည် တာဝန်ယူမည်ဟုပြောပြီးနောက် တာဝန်ကို သက်ခံဆောင်ရွက်ကြရာ လက်ရှိတာဝန် ထမ်းဆောင်နေကြသူများဖြစ်သည်။

အချို့မှာ တာဝန်ယူပါမည်၊ လုပ်ပါမည်ဟု အဖြေပေးခဲ့ကြသော်လည်း နောက်ပိုင်းတွင် ၎င်းတို့အနေဖြင့် မလွှန်ဆန်နိုင်သည့်အကြောင်းများကြောင့် ပါဝင်နိုင်ခြင်းမရှိခဲ့ကြပါ။ အချို့ကမူ ကမ်းလှမ်းခံရသည့်အခါ ပြန်စဉ်းစားပါရစေဟုဆိုပြီး ပါဝင်လာနိုင်ခြင်း မရှိကြတော့ပါ။ စိတ်မကောင်းစရာတစ်ခုမှာ ကမ်းလှမ်းခံရသူ အချို့အား အစိုးရသစ်တွင်ပါမည် ဆိုပါက **"သစ္စာဖောက်ဟု သတ်မှတ်မည်"** ဖြစ်ကြောင်း၊ **"ဒီအစိုးရ ကြာကြာခံမှာ မဟုတ်ဘူး။ လပိုင်းပဲခံမှာ။ သွားပြီး တာဝန်ယူပေးလည်း နာမည်ပျက်ရုံ၊ ဓားစာခံဖြစ်ရုံပဲရှိမှာ"** ဖြစ်ကြောင်း၊ ပြောကြသည်ဟု သိရသည်။

## စိတ်ဝင်စားဖွယ် မေးခွန်းတစ်ခု

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ရွေးကောက်ပွဲတွင် အနိုင်ရ၍ အစိုးရ ဖွဲ့စည်းဆောင်ရွက်လျှင် အောင်မြင်အောင် ဆောင်ရွက်နိုင်ပါ့မလားဟု မီဒီယာတွေ့ဆုံပွဲ တစ်ခုတွင် ကျွန်တော့်အားမေးမြန်းရာ ကျွန်တော်က -

**"သူတို့အောင်မြင်လိမ့်မယ်၊ ဘာကြောင့်လဲဆိုတော့ ပြည်သူက တစ်ခဲနက် ရွေးချယ်ထားတဲ့ အစိုးရဖြစ်တယ်။ သူတို့မှာ မူဝါဒကောင်းများရှိလိမ့်မယ်။ ရွေးချယ်စရာလူတွေ ပါတီတွင်းကကော အပြင်ကပါ အများကြီးရှိတယ်။ သူ့မှာ နိုင်ငံကောင်းစေလိုတဲ့ စိတ်စေတနာအပြည့်ရှိတယ်။ သို့သော် လူမှန် နေရာမှန် ရွေးချယ် တာဝန်ပေးဖို့လိုတယ်"** ဟု ဖြေကြားခဲ့ပါသည်။

စိတ်မကောင်းစရာတစ်ခုမှာ
ကမ်းလှမ်းခံရသူ အချို့အား အစိုးရသစ်တွင်ပါမည်ဆိုပါက
"သစ္စာဖောက်ဟု သတ်မှတ်မည်" ဖြစ်ကြောင်း၊
"ဒီအစိုးရ ကြာကြာခံမှာ မဟုတ်ဘူး။ လပိုင်းပဲခံမှာ။ သွားပြီးတာဝန်ယူပေးလည်း
နာမည်ပျက်ရုံ၊ ဓားစာခံဖြစ်ရုံပဲရှိမှာ" ဖြစ်ကြောင်း
ပြောကြသည်ဟု သိရသည်။

## ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်

ဒုတိယအကြိမ်လွှတ်တော်များစတင်ပြီး ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှာပင် ကျွန်တော့်ကို **"ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်"** ၏ ဥက္ကဋ္ဌအဖြစ် တာဝန်ယူပေးရန် ကမ်းလှမ်းလာခဲ့သည်။ ပထမအကြိမ် လွှတ်တော်ကာလက ကျွန်တော်စတင်ဖွဲ့စည်းခဲ့သည့် ကော်မရှင်ကို ပြန်လည်ဖွဲ့စည်းကာ ကျွန်တော့်အား တာဝန်ယူပေးရန် ကမ်းလှမ်းလာသည့်အတွက် ဝမ်းမြောက်မိသည်။ ထို့ကြောင့် ကျွန်တော်က တောင်းဆိုချက်သုံးရပ်ကို ခွင့်ပြုပေးနိုင်ပါက လက်ခံဆောင်ရွက်ပါမည်ဟု ပြန်ကြားလိုက်သည်။ ကျွန်တော်တောင်းဆိုသည်မှာ

> **လွှတ်တော်နှင့် အစိုးရအဖွဲ့က ပေးအပ်သည့်လစာနှင့် ချီးမြှင့်ငွေကို ကျွန်တော့် အနေဖြင့် မယူလိုသည်ကို ခွင့်ပြုပေးရန်၊ ကျွန်တော်အဆိုပြုသည့် ပုဂ္ဂိုလ်များကို ကော်မရှင်တွင် ထည့်သွင်းဖွဲ့စည်းပေးရန်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ သင့်လျော်သည့် ပုဂ္ဂိုလ်များကိုလည်း ထည့်သွင်း ဖွဲ့စည်းပေးရန်**

ဟူ၍ ဖြစ်သည်။ ထို (၃) ချက်လုံးကို သဘောတူသဖြင့် ကော်မရှင်ဖွဲ့စည်းမှုကို လက်ခံဆောင်ရွက်ခဲ့သည်။

ကော်မရှင်၏ ဖွဲ့စည်းပုံမှာ ပထမအကြိမ်ပြည်သူ့လွှတ်တော် ကာလအတွင်းက ဖွဲ့စည်းခဲ့သည့် ပုံစံကိုယူ၍ ဖွဲ့စည်းပေးခဲ့ကြသည်။ ဥက္ကဋ္ဌတစ်ဦး၊ ဒုတိယဥက္ကဋ္ဌ နှစ်ဦး၊ အတွင်းရေးမှူးတစ်ဦးနှင့် အဖွဲ့ဝင်များဖြစ်သည်။ ပထမအကြိမ် ကော်မရှင်ကာလက

ဥက္ကဋ္ဌအဖြစ် ထိုစဉ်က လွှတ်တော်ဒုတိယ ဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ဒုတိယဥက္ကဋ္ဌများ အဖြစ် ဦးသိန်းဆွေနှင့် ဦးဒွေးမြင့်တို့ကို တာဝန်ပေးခဲ့သည်။ ကော်မရှင်၏ ဒုတိယဥက္ကဋ္ဌများမှာ လွှတ်တော်ကော်မတီတစ်ခုခုတွင် ဥက္ကဋ္ဌတာဝန်ယူထားသူများလည်း ဖြစ်သည်။

၂၀၁၆ ခုနှစ် ဇွန်လ ၁၄ ရက်နေ့ လွှတ်တော်ရေးရာဆောင် အမှတ် (I-11) တွင် ပြုလုပ်သည့် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ၊ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်၏ ဆောင်ရွက်ချက်များအား ရှင်းလင်းတင်ပြသည့် အစည်းအဝေး၌ ကော်မရှင် နှင့်စပ်လျဉ်း၍ သူက-

**"အထူးကော်မရှင်ဟု ခေါ်လိုကြောင်း။ နိုင်ငံအတွက် သုတေသနအဖွဲ့ကြီးဟု သဘောထားကြောင်း။ အစိုးရ လုပ်ဆောင်ချက်များအပေါ် လိုအပ်လျှင် ထောက်ပြ အကြံပြုနိုင်ကြောင်း"**

မှတ်ချက်ပြု သုံးသပ်ပြောကြားပါသည်။

တကယ်တော့ ဒုတိယအကြိမ်လွှတ်တော်၏ ကော်မရှင်တွင် ကျွန်တော်အပါအဝင် ကော်မရှင်အဖွဲ့ဝင်အများစုမှာ ပြည်ခိုင်ဖြိုးပါတီဝင်များဖြစ်နေကြ၍ အမျိုးသား ရင်ကြားစေ့ရေး ဆောင်ရွက်ချက် တစ်ရပ်ဟုလည်းဆိုနိုင်သည်။ အလားတူ ထိုကော်မရှင် ဖွဲ့စည်းတာဝန်ပေးခြင်းဖြင့် လွှတ်တော်နှင့် အစိုးရအဖွဲ့အား တစ်နည်းမဟုတ် တစ်နည်း ဖြင့် အထောက်အကူပြုနိုင်မှာဖြစ်သလို အပြန်အလှန်ထိန်းကျောင်းမှုနှင့် ပူးပေါင်း ဆောင်ရွက်မှုပိုကောင်းလာစေမည်ဟု ယူဆမိသည်။

**သူက-**

**"အထူးကော်မရှင်ဟု ခေါ်လိုကြောင်း၊**

**နိုင်ငံအတွက် သုတေသနအဖွဲ့ကြီးဟု သဘောထားကြောင်း၊**

**အစိုးရလုပ်ဆောင်ချက်များအပေါ် လိုအပ်လျှင် ထောက်ပြအကြံပြုနိုင်ကြောင်း"**

**မှတ်ချက်ပြု**

**သုံးသပ်ပြောကြားပါသည်။**

## ကော်မရှင်၏ ခံယူဆောင်ရွက်ချက်

နိုင်ငံအတွင်း တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတို့ကို အမှန်တကယ် ဖြစ်ထွန်းစေမည့် ဥပဒေများအား ပြည်သူများက မျှော်လင့်နေကြသည်။ ထိုသို့သော ဥပဒေများပြဋ္ဌာန်းနိုင်ရေးအတွက် ကော်မရှင်က သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများနှင့်အတူ ဥပဒေမူကြမ်းများကို တတ်နိုင်သမျှ ပြည့်စုံစွာရေးဆွဲပြီး အဆုံးအဖြတ်ပြု ပြဋ္ဌာန်းမည့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန် တာဝန်ရှိသည်ဟု ခံယူသည်။

ထို့အတူ အထူးကိစ္စရပ်တစ်ခုခုအတွက် ကော်မရှင်က တာဝန်ယူ လေ့လာသုံးသပ် ရာတွင် ဥပဒေနှင့် ညီညွတ်မှု ရှိ မရှိ တရားနည်းလမ်း ကျ မကျ၊ တရားမျှတမှု ရှိ မရှိ အပြန် အလှန်စိစစ်သုံးသပ်ပြီး ရလဒ်အခြေနေကို အဆုံးအဖြတ်ပေးနိုင်သော ပုဂ္ဂိုလ်၊ အဖွဲ့ အစည်းများသို့ တင်ပြဆောင်ရွက်လျက်ရှိသည်။

ဤသို့ဆောင်ရွက်နိုင်ရန် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးတို့တွင် အတွေ့အကြုံရှိသူများ၏ သမ္မာနှင့်ပညာကို စေတနာနှင့် ပေါင်းစပ်ပြီး နိုင်ငံနှင့် ပြည်သူ အတွက်သာ အဓိကဖြစ်ရမည်ဟု ကော်မရှင်က ခံယူဆောင်ရွက်လျက်ရှိပါသည်။

**"သူတို့အောင်မြင်လိမ့်မယ်၊**
**ဘာကြောင့်လဲဆိုတော့ ပြည်သူက တစ်ခဲနက် ရွေးချယ်ထားတဲ့**
**အစိုးရဖြစ်တယ်။**
**သူတို့မှာ မူဝါဒကောင်းများရှိလိမ့်မယ်။**
**ရွေးချယ်ခံရာလူတွေ**
**ပါတီတွင်းကကော အပြင်ကပါ အများကြီးရှိတယ်။**
**သူ့မှာနိုင်ငံကောင်းစေလိုတဲ့ စိတ်စေတနာ**
**အပြည့်ရှိတယ်။**
**သို့သော် လူမှန်နေရာမှန် ရွေးချယ်တာဝန်ပေးဖို့လိုတယ်"**

## သင်ခန်းစာယူ ဆောင်ရွက်နိုင်ကြပါစေ

မကြုံစဖူးဘဲနှင့်လည်း ဖြစ်လာတတ်၏။ ကြုံဖူးကြိုးစားသော်လည်း မဖြစ်တတ်။ ယင်းတို့မှာ လောက၏ ဓမ္မတာဖြစ်သည်။ ဘဝသံသရာသည် ရှည်လျားဝေးပြား လှသည် မှန်သော်လည်း လူ့ဘဝ သက်တမ်းသည် နှစ် ၁၀၀ ထက် မပိုသည်မို့ သိပ်ပြီးမကြာလှဟု ပြော၍လည်းရ၏။ လူတစ်ယောက်၏ တန်ဖိုးဆိုသည်မှာ **"မွေးဖွားသည်မှ သေသည်အထိ သူနှင့် သူ့ပတ်ဝန်းကျင်အတွက် မည်မျှအထိ အကျိုးရှိအောင် ဆောင်ရွက်နိုင်သည်"** ဆိုသည့်အချက်နှင့် တိုင်းတာရမည်ပင် ဖြစ်သည်။ ထို့ကြောင့် လူတစ်ယောက် အနေဖြင့် **"သူနှင့် သူ့နိုင်ငံ၊ သူနှင့် သူ့ပတ်ဝန်းကျင်"** အကျိုးရှိအောင် ဆောင်ရွက်ကြရာတွင် အခြားသူများ၏ အမှားနှင့် မိမိ၏အမှားတို့ကိုပါ သင်ခန်းစာယူပြီး ဆောင်ရွက်နိုင်ကြပါမှ အောင်မြင်မှုများ ပိုမိုရရှိလာနိုင်မည်ဟု ဆိုရမည်ဖြစ်ပါသည်။

ပြည်နိုင်ငံဖြိုးပါတီမှခေါင်းဆောင်များ မည်သို့ညွှတ်ကြသဖြင့် မည်သို့ဖြစ်ပျက်ခဲ့သည်၊ မည်သူတို့ အကျိုးနည်းခဲ့သည်ဆိုသည်ကိုလည်း သင်ခန်းစာယူရမည်။ ကျွန်တော့်တွင် လိုတာ၊ လွဲတာ၊ မပြည့်ဝတာ၊ အတွေးချော်တာ၊ အတွေးခေါင်တာတွေရှိမည်မှာ သေချာပါသည်။ ကျွန်တော့်နည်းတူ လွဲကြသူများလည်း ရှိနိုင်ပါသည်။ အရေးကြီးသည်က ခေါင်းဆောင်ပိုင်းအထူးသဖြင့် ထိပ်တန်းခေါင်းဆောင်များအကြားကို ကြားလူ အဝင် မခံမိရန်၊ တိုက်ရိုက်ညှိနှိုင်းတိုင်ပင်ရန်နှင့် သံသယရှိလာလျှင် ချက်ချင်းဆွေးနွေး အဖြေရှာ နိုင်ရန် အရေးကြီးသည်။ အတ္တ၊ မာနနှင့် လောဘ၊ ဒေါသ၊ မောဟတို့ ဖုံးလွှမ်းလာလျှင် ပျက်စီးဖို့နီးလာပေတော့မည်။ နှစ်ပေါင်း ၄၀ ကျော်၊ ၅၀ နီးပါး ပုံစံ အမျိုးမျိုး အနေအထား အမျိုးမျိုးတွင် အတူတကွ ဆောင်ရွက်ခဲ့ကြသော ညီနောင်များ၊ လုပ်ဖော်ကိုင်ဘက်များ၊ ရဲဘော်ရဲဘက်များနှင့် စိတ်ဝမ်းကွဲပြားမှု၊ သံသယဝင်မှု၊ ယုံကြည်မှုလျော့နည်းလာမှု

တို့သည် ကိုယ်နှင့်အဖွဲ့အစည်းတွင်သာမက နိုင်ငံအတွက်ပါ ထိခိုက်နစ်နာမှုများ ရှိနိုင်ပါသည်။ ဤသမိုင်းမျိုး မိမိတို့နိုင်ငံတွင် ရှိခဲ့ပါသည်။ ထိုဖြစ်စဉ် ဖြစ်ရပ်များအပေါ် သင်ခန်းစာယူပြီး နယ်ပယ်ကဏ္ဍအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အနာဂတ်မျိုးဆက်သစ် လူငယ်များအနေဖြင့် သင်ခန်းစာယူ ဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် . . .။

ပြည်ခိုင်ဖြိုးပါတီမှ ခေါင်းဆောင်များ
မညီညွတ်ကြသဖြင့် မည်သို့ ဖြစ်ပျက်ခဲ့သည်၊
မည်သူတို့ အကျိုးနည်းခဲ့သည်ဆိုသည်ကိုလည်း သင်ခန်းစာယူရမည်။
ကျွန်တော့်တွင် လိုတာ၊ လွဲတာ၊ မပြည့်ဝတာ၊
အတွေးချော်တာ၊ အတွေးခေါင်တာတွေရှိမည်မှာ သေချာပါသည်။
ကျွန်တော့်နည်းတူ လွဲကြသူများလည်း ရှိနိုင်ပါသည်။
အရေးကြီးသည်က ခေါင်းဆောင်ပိုင်း
အထူးသဖြင့် ထိပ်တန်းခေါင်းဆောင်များအကြားကို ကြားလူ အဝင်မခံမိရန်၊
တိုက်ရိုက်ညှိနှိုင်းတိုင်ပင်ရန်နှင့် သံသယရှိလာလျှင်
ချက်ချင်းဆွေးနွေး အဖြေရှာနိုင်ရန် အရေးကြီးသည်။
အတ္တ၊ မာနနှင့် လောဘ၊ ဒေါသ၊ မောဟတို့ ဖုံးလွှမ်းလာလျှင်
ပျက်စီးဆိုနိုးလာပေတော့မည်။
နှစ်ပေါင်း၄၀ ကျော် ၅၀ နီးပါး ပုံစံအမျိုးမျိုး
အနေအထားအမျိုးမျိုးတွင် အတူတကွဆောင်ရွက်ခဲ့ကြသော
ညီနောင်များ၊ လုပ်ဖော်ကိုင်ဘက်များ၊ ရဲဘော်ရဲဘက်များနှင့်
စိတ်ဝမ်းကွဲပြားမှု၊ သံသယဝင်မှု၊ ယုံကြည်မှုလျော့နည်းလာမှုတို့သည်
ကိုယ်နှင့်အဖွဲ့အစည်းတွင်သာမက
နိုင်ငံအတွက်ပါ ထိခိုက်နစ်နာမှုများ ရှိနိုင်ပါသည်။

## တိုင်းပြည်ကိုအမှန်တကယ် ချစ်ရာရောက်အောင်

**ဒိုလ်ချုပ်မှူးကြီး သန်းရွှေ (ငြိမ်း) သည် တိုင်းပြည်ကို ချစ်သည်၊ တပ်ကို ကောင်းစေချင်သည်။ သမ္မတ ဦးသိန်းစိန်လည်း တိုင်းပြည်ကို ကောင်းစေချင်သည်ဆိုသည်ကို ယုံကြည်ပါသည်။ ဒေါ်အောင်ဆန်းစုကြည်သည်လည်း တိုင်းပြည်နှင့် ပြည်သူများကို ချစ်သည်။ တိုးတက်ကောင်းမွန်စေလိုသည်။ တပ်မတော်အပေါ် သံယောဇဉ်ကြီးမားသည်။ အလားတူ တပ်ချုပ်သည်လည်း တိုင်းပြည်ကိုချစ်သည်၊ တပ်ကို ကောင်းစေချင်သည်ဆိုသည်ကို သံသယမရှိပါ။ သို့သော် တစ်ဦးနှင့်တစ်ဦး ဖြတ်သန်းပုံချင်း မတူခဲ့ကြသည့်အလျောက် စီမံလုပ်ဆောင်ပုံနှင့် ချဉ်းကပ်ဆောင်ရွက်ပုံ မတူညီကြသည်တော့ ရှိမည်ဖြစ်သည်။**

နိုင်ငံနှင့် ပြည်သူများအကျိုးဖြစ်ထွန်းမည်ဆိုပါလျှင် လက်ရှိကာလတွင် တာဝန်ရှိသူ ဆုံးဖြတ်လုပ်ကိုင်သူများအနေဖြင့် မည်သူ မှန်သည်၊ မည်သူမှားသည်ကို အဓိကမထားဘဲ တိုင်တိုင်ပင်ပင် ညှိနှိုင်း ဆောင်ရွက်နိုင်ကြမည်ဆိုပါလျှင် အားလုံးအတွက် အဆင်ပြေသွားနိုင်ပေမည်။ တိုင်းပြည်တိုးတက်သွားမည်။ အစိုးရအဖွဲ့အစည်း၊ အသီးသီးအတွင်းတွင်လည်းကောင်း၊ လွှတ်အဖွဲ့အစည်း၊ အသီးသီးတွင်လည်းကောင်း၊ တိုင်းရင်းသားအဖွဲ့အစည်းအတွင်းတွင်လည်းကောင်း၊ ရင်ကြားစေ့ရေး သို့မဟုတ် အမျိုးသား ပြန်လည်သင့်မြတ်ရေး ဆောင်ရွက်ရာတွင် ဦးစွာကိုယ့်အဖွဲ့အစည်းအတွင်း၊ အစိုးရအဖွဲ့အစည်းအတွင်း၊

တိုင်းရင်းသားမျိုးနွယ် တစ်ခုချင်းအတွင်း၊ စတင်ဆောင်ရွက်ပြီး ယင်းမှတစ်ဆင့် အစိုးရအဖွဲ့အစည်း၊ လူမှုအဖွဲ့အစည်း၊ အသီးသီးနှင့် တိုင်းရင်းသားများအကြား တွေ့ဆုံဆွေးနွေးမှုကို ခေါင်းဆောင်များ ကိုယ်တိုင်ပါဝင်ခြင်းဖြင့် ထိရောက်မည်ဟု ယူဆပါသည်။ ခေါင်းဆောင်များ အချင်းချင်းဆက်ဆံကြရာတွင်လည်း ကြားလူမခံဘဲ တိုက်ရိုက်ထိတွေ့ပြီး ရိုးရိုးသားသား၊ ရင်းရင်းနှီးနှီး၊ ပွင့်ပွင့်လင်းလင်း ဆောင်ရွက်ခြင်းသည် အမျိုးသားရင်ကြားစေ့ရေး၊ တရားဥပဒေစိုးမိုးရေး၊ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်နိုင်မည်ဖြစ်၍ တိုင်းပြည်ကို အမှန်တကယ်ချစ်ရာရောက်ပါမည်။

## သူ့ကို ဤသို့ယုံကြည်၍ ကျွန်တော့် အနေဖြင့်လည်း၊

သူ့အပေါ် ကျွန်တော်၏အမြင်ကို သူ့ကိုရော အများရှေ့မှာပါ မကြာခဏ ဆိုသလို ပြောဖြစ်ခဲ့တာရှိသည်။

**သူသည် တည်ကြည်ဖြောင့်မတ်သူ၊ စာနာထောက်ထားစိတ်ရှိသူ (Integrity and Kindness) ဖြစ်သည်။ မျှမျှတတ ဖြစ်စေလိုသည့် စိတ်လည်းရှိသည်။ နိုင်ငံနှင့်ပြည်သူများကိုလည်း၊ အမှန်တကယ် ချစ်မြတ်နိုးသည်။ ကျေးဇူးတရားကို သိတတ်သည်။ ဤသည်မှာ သူ၏အားသာချက်များဖြစ်သည်။ ယုံကြည်ချက်အပေါ် မှတည်ပြီး ခေါင်းမာစွာ ရပ်တည်ဆောင်ရွက်တတ်သည်။ တစ်ခုခုကို တုန့်ပြန် ပြောဆိုရာတွင်လည်း၊ အလွန်မြန်ဆန်သည်။ "စွာတယ်" ဟုပင် အများရှေ့မှာ ကျွန်တော်ပြောမိဖူးသည်။**

သူ့ အပေါ် ကျွန်တော် ယုံကြည်မှုရှိသည့် အချက်များလည်းရှိသည်။

**သူသည် အခြေအနေတစ်ရပ်ရပ်၊ အကြောင်းအရာတစ်ခုခုကို ပြည့်ပြည့်စုံစုံ သိပြီဆိုပါက မှန်ကန်စွာ ဆုံးဖြတ်နိုင်သူတစ်ဦးဖြစ်သည်။ အခြေအနေနှင့် အချိန်အခါကိုလည်း၊ လိုက်ဖက်အောင် ဆောင်ရွက်နိုင်သူ ဖြစ်သည်။ တစ်နည်းအားဖြင့် အချိန်အခါ (Timing) ကို သိသူဖြစ်သည်။**

ထို့ကြောင့် ကျွန်တော့်အနေဖြင့် သူ့အား နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးအတွက် အကြံပြုစရာများရှိပါက ဘက်စုံထောင့်စုံမှ ပြည့်စုံစွာလေ့လာ ဆန်းစစ်သုံးသပ်၍ ဥပဒေနှင့်အညီ တရားနည်းလမ်းတကျ ဆောင်ရွက်နိုင်ရန် အကြံပြုတင်ပြပေးနိုင်ရန် ကြိုးစားသည်။

## မျှော်လင့်လျက်ပါ၊ စောင့်စားလျက်ပါ၊ ဝိုင်းဝန်းပါဝင်လျက်ပါ

ယနေ့ကာလတွင် သူ့အနေဖြင့် မူလကမျှော်လင့်ထားသည်များရော မျှော်လင့်မထားသည့် အခက်အခဲများ၊ စိန်ခေါ်မှုများကိုပါ ရင်ဆိုင်ဖြေရှင်းနေရသည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများဆိုင်ရာ ပဋိပက္ခနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကိုလည်းကောင်း၊ ရခိုင်ပြည်နယ်မြောက်ပိုင်း၏ အရေးများကိုလည်းကောင်း၊ ကမ္ဘာ့နိုင်ငံအချို့နှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းအချို့၏ ဖိအားပေးမှုနှင့် အခက်အခဲဖြစ်စေမှု မည်သို့ပင်ဖြစ်ပေါ်စေကာမူ ဖြစ်ပေါ်သည့်အခြေအနေနှင့်အကြောင်းအရာများအပေါ် မှန်ကန်စွာချင့်ချိန်သုံးသပ်ပြီး နိုင်ငံတော်တည်ငြိမ်ရေးနှင့် နိုင်ငံ၏စီးပွားရေးအခြေအနေ တိုးတက်စေရန် စွမ်းအားရှိသမျှကြိုးစားပြီး ဆောင်ရွက်နေသည်ကို တွေ့ရသည်။ သို့ဖြစ်၍ မည်သို့သောအခက်အခဲနှင့် စိန်ခေါ်မှုများရှိပါစေ၊ အချိန်တန်လျှင် ရလဒ်ကောင်းများရရှိမည်ကို မျှော်လင့်လျက်ပါ၊ စောင့်စားလျက်ပါ။

**ကျွန်တော်၏သဘောထားရပ်တည်ချက်နှင့်စေတနာကတော့ နိုင်ငံကိုကောင်းအောင်ဆောင်ရွက်မည့်အစိုးရအား တတ်နိုင်သည့်ဘက်မှ ဝိုင်းဝန်းကူညီပူးပေါင်းဆောင်ရွက်ရန် ဖြစ်သည်။ အခြားအဖွဲ့အစည်းများကလည်း နိုင်ငံကို တည်ဆောက်ကြရာတွင် အတိုက်အခံဝါသစွာ နည်းလမ်းတကျ ယှဉ်ပြိုင်ပြောဆို လုပ်ဆောင်မှုထိန်းညှိမှုများ ပြုလုပ်ခြင်းဖြင့် တိုင်းပြည်လည်းကောင်းစေ၊ လူထုလည်း မနာခံစေဘဲ ကိုယ်ပါတီ၏ ဂုဏ်သိက္ခာလည်း မြင့်တက်စေရန်နှင့် လူထု၏ယုံကြည် ကိုးစားမှုလည်းရစေရန် ဆောင်ရွက်ကြရပေမည်။**

## အကဲဖြတ်မှု၊ ဝေဖန်အကြံပြုမှုများကို စိစစ်သုံးသပ်ပြီး ပြည်သူနှင့်အတူ လုပ်ဆောင်နိုင်ပါမှ

သူ ဦးဆောင်သော အုပ်ချုပ်ရေးမဏ္ဍိုင်ဖြစ်သည့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ပြောဆိုလုပ်ဆောင်မှုများကို အဓိက မဏ္ဍိုင်ဖြစ်သော ပြည်သူများက စောင့်ကြည့်လျက်ရှိပါသည်။ ဥပဒေပြုရေးမဏ္ဍိုင်နှင့် တရားစီရင်ရေး မဏ္ဍိုင်တို့ကိုလည်း အလွတ်ပေးမည် မဟုတ်ပေ။ အဓိက မဏ္ဍိုင်သည် ပြည်သူအများစုဖြစ်သည့် နိုင်ငံ့ဝန်ထမ်းများ၊ တောင်သူလယ်သမားများ၊ အလုပ်သမားများ ဖြစ်ကြ၍ ပြည်သူတစ်ရပ်လုံးပါဝင်သည်။

အစိုးရ မဟုတ်သော အဖွဲ့အစည်းများ(NGOs)၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများ (CSOs) နှင့် စတုတ္ထမဏ္ဍိုင်ဟု တင်စားခေါ်ဝေါ်သော သတင်းမီဒီယာအဖွဲ့အစည်းများသည် မဏ္ဍိုင်သုံးရပ်၏ လုပ်ဆောင်ချက်များကို စောင့်ကြည့်ပြီး အဓိကမဏ္ဍိုင်ဖြစ်သော ပြည်သူထံ ထင်သာမြင်သာအောင် အသိပေးတင်ပြကြပေမည်။ ပြည်သူများ၏ ဆန္ဒ သဘောထားနှင့် လှုပ်ရှားလုပ်ဆောင်မှုများကိုလည်း မဏ္ဍိုင်သုံးရပ်ထံ အရောက်ပို့ပေးကြမည်ဖြစ်သည်။ ပြည်သူလူထု၏ တိုက်ရိုက်စောင့်ကြည့်မှုနှင့် သတင်းမီဒီယာ၏စောင့်ကြည့်မှု၊ ဝေဖန်သုံးသပ်အကဲဖြတ်မှုတို့သည်လည်း ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်အပေါ် အကျိုးသက်ရောက်မှုများရှိနေမည်ကို မျှော်လင့်ထားရမည် ဖြစ်ပါသည်။

**သူ့အနေဖြင့် ပြည်သူများ၏အသံ၊ ပြည်သူများ၏ အခြေအနေများကို အမှန်အတိုင်း သိမြင်ပြီး ပြည်သူများ၏ ဝေဖန် အကြံပြုမှုများကို စိစစ်သုံးသပ်၍ ပြည်သူနှင့် အတူ သူ လုပ်ဆောင်နိုင်ပါမှ "နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွား ဖြစ်ထွန်းလာမည်" ဖြစ်ပါသည်။**

## ဖြစ်တန်ရာရှိသော
## ကျွန်တော်၏ အားနည်းချက်များ

ကျွန်တော့်တွင်လည်း အားနည်းချက်များရှိခဲ့ပါသည်။ ကျွန်တော်သည် မှန်ကန်သည်ဟု ယုံကြည်သည့်အရာကို အချိန်ကာလနှင့် ပတ်ဝန်းကျင် အခြေအနေကို မကြည့်ဘဲ တင်းတင်းကျပ်ကျပ်၊ တစိုက်မတ်မတ် လုပ်တတ်သည့်အတွက် အချို့ကိစ္စရပ်များတွင် အကျိုးထက် အပြစ်များ ဖြစ်ပေါ်ခဲ့ရသည်။ ခေတ်ကာလ အခြေအနေနှင့် လိုက်လျောညီထွေမရှိသော၊ ကောင်းစေလိုလွန်းသော စိတ်ဆန္ဒများသည်လည်း အားနည်းချက်တစ်ရပ်ဟု ဆိုရမည်ဖြစ်သည်။ တစ်ဖန် လူတစ်ဖက်သားကို လွန်စွာကူညီပေးလိုသည့် စိတ်ကြီးမားခြင်းသည်လည်း အားနည်းချက်တစ်ခုပမာ ဖြစ်စေသည်။ ကူညီခြင်းကြောင့် ကိုယ့်အပေါ်အချို့က တစ်မျိုးထင်၊ တစ်မျိုးမြင်ကာ ပြဿနာများနှင့် ကြုံတွေ့စေခဲ့သည်များလည်းရှိသည်။

သာမန်အားဖြင့်ကြည့်လျှင် ကျွန်တော်သည် မာန်မာနမရှိဘူးဟု ထင်ရနိုင်သည်။ သို့သော် လက်တွေ့တွင် ကျွန်တော့်မှာ မာန်လည်းရှိသည်။ မာနလည်းရှိသည်။ ထိုမာန်မာနကြောင့် လိုက်လျောၡရနိုင်သည့်အချို့ကိစ္စရပ်များကို မလိုက်လျောဘဲ နေခဲ့သည်။ ခွင့်ပြုလိုက်လျောပေးလို့ရသည့် အချို့ကိစ္စများကိုလည်း မပေးဘဲနေခဲ့သည်များရှိသည်။ ယင်းတို့သည်လည်း ကျွန်တော့်အားနည်းချက်များဟု ဆိုရမည်ဖြစ်သည်။

အခြေအနေကောင်းများဖြစ်ပေါ်စေရန်နှင့် အားလုံးအဆင်ပြေစေရန်အတွက် ရည်ရွယ်ပြီး လိုက်လျောခြင်း၊ အခွင့်အရေးပေးခြင်းတို့ ဆောင်ရွက်ပေးတတ်သည့် အကျင့်စရိုက်သည် ရည်မှန်းသလို ဖြစ်မလာသည်များရှိသည့်အတွက် ယင်းအကျင့်သည် ကျွန်တော့်အတွက် အားနည်းချက်တစ်ရပ် ဖြစ်တန်ရာသည်။



ဒေါ်အောင်ဆန်းစုကြည်၊ သူရဦးရွှေမန်းနှင့် ဇနီးဒေါ်ခင်လေးသက်တို့
ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ နေအိမ်တွင်ပြုလုပ်သော အိမ်သစ်တက်မင်္ဂလာပွဲသို့ တက်ရောက်စဉ်

## သတ္တိနှင့် ဉာဏ်ကို ယှဉ်တွဲ

"**သတ္တိ**" ဆိုသည်မှာ -

**"မိုက်မဲခြင်းနှင့် မယှဉ်သော တာဝန်ကျေပွန်မှုပင်ဖြစ်သည်။**
**သတ္တိတွင် ငှာပ်ရဲသော သတ္တိ ခံရဲသော သတ္တိ မှားလျှင် ဝန်ခံရဲ ပြုပြင်ပြောင်းလဲရဲသော**
**သတ္တိတို့ ပါဝင်သည်။ ထို့ကြောင့် အချိန်အခါနှင့်အခြေအနေကို**
**မှန်ကန်စွာ ဆင်ခြင်သုံးသပ်ပြီး တာဝန်ကျေအောင် လုပ်ဆောင်ခြင်းသည်**
**သတ္တိဖြစ်သည်။ ဒီအယူအဆအတိုင်း ယှဉ်နိုင်ကြမှ ကျွန်တော်တို့ တစ်ရေး**
**သတ္တိရှိသော တာဝန်ကျေသူများ ဖြစ်ကြပါမည်။**
**သတ္တိနှင့်ဉာဏ်ကို ယှဉ်တွဲအသုံးပြုခြင်းဖြင့်**
**ကျွန်တော်တို့တွင် တွယ်ကပ်နေသော အညစ်အကြေးနှင့် အားနည်းချက်များကို**
**ဆေးကြော ဖြေလျှော့ပေးနိုင်မည်ဖြစ်သည်"**

ကို မမေ့လျော့ဖို့ သတိရှိဖို့ လိုပါမည်။

## ဆွေးနွေး၊ တိုင်ပင်၊ ငြင်းခုံမှုများလည်းရှိသည်

နိုင်ငံ့အရေး ဆွေးနွေးဟင်ပြရာ၌ အများက စိတ်ဝင်စားနိုင်သည့် အကြောင်းအရာ အချို့ရှိခဲ့သည်။ အဲဒီ အချို့ထဲမှ

**"နိုင်ငံရေး" ကို သူက ကျွန်တော့်ထက် ပိုနားလည် ကျွမ်းကျင်သည်။**

**သို့ရာတွင် "မြန်မာနိုင်ငံ့အရေး" ကို ကျွန်တော်က သူ့ထက် ပိုနားလည်ပါသည်**

ဟု ကျွန်တော် က ပြောခဲ့သည်။

ကျွန်တော်က နိုင်ငံတစ်နံတစ်လျား၊ ဝေးလံခေါင်သီသော နယ်စွန်နယ်ဖျား၊ ကမ်းရိုးတန်း၊ ပင်လယ်ပြင်နှင့် ကျွန်းများအပါအဝင် နိုင်ငံတစ်ဝန်း တာဝန်ဖြင့် သွားရောက်ခဲ့ဖူးသည်။ တိုင်းရင်းသားသွေးချင်းများ၊ တောင်သူလယ်သမား၊ အလုပ်သမားများ၊ နိုင်ငံ့ဝန်ထမ်းစသည့် လူတန်းစားစုံနှင့် ဆက်ဆံဆောင်ရွက်ခဲ့ရသဖြင့် သူတို့၏ ဓလေ့ထုံးတမ်း၊ လူမှုစီးပွားဘဝ၊ နယ်မြေဒေသအခြေအနေစသည့်အခြေအနေအရပ်ရပ်ကို သိရှိနားလည်ထားသည်။ သို့ဖြစ်၍ မြန်မာနိုင်ငံ့အရေးကိုတော့ ကျွန်တော်ကပို၍ထဲထဲဝင်ဝင် နားလည်သည်ဟုပြောရာ သူက ပြုံး၍နေသည်။

သူသည် နိုင်ငံကို အမှန်တကယ်ချစ်မြတ်နိုးကြောင်း ကျွန်တော်သိသည်။ နားလည်သည်။ ယုံကြည်သည်။ ကျွန်တော်ကလည်း နိုင်ငံကို ချစ်တဲ့နေရာတွင် သူ့ထက် မလျော့ကြောင်းပြောရာ **"ပြောပါ၊ ပြောနိုင်ပါတယ်၊ ပြောလို့ရတဲ့ကိစ္စပဲ"** ဟု ပြန်ပြောပါသည်။

သူ၏ပါတီက ရွေးကောက်ပွဲတွင် အနိုင်ရပြီး လွှတ်တော်များ၊ အစိုးရအဖွဲ့များ ဖွဲ့စည်းချိန်ကာလမှစ၍ ယခုအချိန်အထိ ကျွန်တော်ပြော ... လုရှိသည်က

**"ပြည်သူ့မျက်နှာကြည့်၊ တိုင်းပြည်မျက်နှာကြည့်ပြီး ပြည်သူ့အကျိုးစီးပွား၊ တိုင်းပြည်အကျိုးစီးပွားကိုသာ အဓိကထား၊ ဆောင်ရွက်မည်။ တစ်ဦး၊ တစ်ဖွဲ့၊ တစ်ပါတီ အတွက်ပဲ မလုပ်ဆောင်ဘူး၊"**

ဟူ၍ပြောရာ သူ၏ ရှေ့တွင်လည်းကောင်း၊ အခြားနေရာတွင်လည်းကောင်း ကျွန်တော်၏ ပြောဆိုမှုသည် အစွန်းထွက်သည့်သဘောကို ဆောင်နိုင်သော်လည်း သူက နားလည် လက်ခံပေးပါသည်။အကြောင်းအရာ ကိစ္စရပ်တစ်ခု၊ လုပ်ငန်းကိစ္စတစ်ခုကို ကျွန်တော်က ပြောဆို တင်ပြစဉ် ကြားဖြတ်ပြီး သူက ပြောသည့် အခါမျိုးတွင်လည်း **"ကျွန်တော် ပြောတာ ပြီးအောင် နားထောင်ပါဦး။ ပြောစရာရှိတာ ပြီးမှပြောပါ"** ဟု ပြောခဲ့သည်များ ရှိသလို အချိန်အခါနှင့် နေရာကို သတိမမူမိဘဲ အများရှေ့တွင် ကျွန်တော်က သူ့စကားအပေါ် ကွဲလွဲသည့်အမြင် သက်ရောက်သော စကားမျိုးပြောမိသည့် အခါမျိုးလည်း ရှိပါသေးသည်။ တစ်ခါတစ်ခါ အကြောင်းကိစ္စပေါ်မူတည်ပြီး သူ့ကို **"ခေါင်းမာတယ်၊ စွာတယ်"** ဟု ပြောဆိုပြီးမှ တောင်းပန်ရသည်များလည်း ရှိပါသည်။

နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေး၊ စီးပွားရေး၊ လူမှုရေးစသည့် ကဏ္ဍအသီးသီး တွင် ကျွန်တော်၏ အမြင်ကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးပြောဆိုသည့်အခါ အချို့ကိစ္စရပ် များတွင် အမြင်သဘောထားမတူညီသဖြင့် သူနှင့် ကျွန်တော့်အကြားတွင် အကြိတ် အနယ် ငြင်းခုံရသည်များလည်း ရှိပါသည်။

**နိုင်ငံ့ခေါင်းဆောင်ဖြစ်သော သူနှင့် ဆွေးနွေး၊ ငြင်းခုံနိုင်သည့် အခွင့်အလမ်းများ ကို ကျွန်တော်ရရှိခဲ့သည်။**

**"ကျွန်တော်၏ ပြောဆိုဆွေးနွေးမှုများသည် မှန်ကန်သည် ကောင်းမွန်သည်ဟု ရိုးသားစွာ ယုံကြည်သည့်အလျောက် ပြောခြင်းဖြစ်သော်လည်း၊ တိုင်းပြည်၏ ကံကြမ္မာကို အဆုံးအဖြတ်ပြုရသည့် သူ့အနေဖြင့် ကြုံတွေ့နေရသော အခက်အခဲနှင့် စိန်ခေါ်မှု အကန့်အသတ်ရှိသော အခြေအနေတို့ကြောင့် လုပ်ချင်တာထက်လုပ်သင့် တာကို လုပ်နေသည်၊ လုပ်သင့်သည်များထဲကမှ လုပ်နိုင်သည်များကို လုပ်မနေ နေခြင်း ဖြစ်သည့်အတွက် ပြည်သူ့အကျိုးစီးပွား၊ တိုင်းပြည်အကျိုးစီးပွားအတွက် စိတ်ကောင်း၊ စေတနာဖြင့် ဆွေးနွေး၊ ငြင်းခုံရသဖြင့် ကိုယ့်လိပ်ပြာ ကိုယ်သန့်သည် ဟုဆိုသော်လည်း၊ ကျွန်တော်ဆင်ခြင်ဖို့ လိုမည်ထင်ပါသည်။"**

ဤသို့ ဆွေးနွေး၊ တိုင်ပင်၊ ငြင်းခုံနိုင်သည့် အခွင့်အရေးပေးထားခြင်းအတွက် သူ့ကို ဝို၍ လေးစားတန်ဖိုးထားမိပါသည်။

## နိဂုံးစကား

သူ့ကို မှတ်မှတ်ထင်ထင် ဖြစ်ရသည်က ၁၉၈၈ ခုနှစ် အရေးအခင်း ကာလ....။ စတင်တွေ့ဆုံ စကားပြောဖူးသည်က ၂၀၀၂ ခုနှစ် တစ်ခုသော နေ့ရက်တွင် အမှတ် (၁၄) အင်းလျားလမ်း တပ်မတော် ဧည့်ရိပ်သာတွင် ...။ နီးနီးကပ်ကပ်၊ ရင်းရင်းနှီးနှီး စတင်ဖြစ်လာဖို့က ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ အပြီး၊ ပြည်သူ့လွှတ်တော်သို့ ကိုယ်စားလှယ်အဖြစ်ရောက်ခဲ့သည့် ဇူလိုင်လ ၄ ရက် နောက်ပိုင်းမှ ယနေ့အထိ ကြာလှပြီဟုလည်း ပြောနိုင်သည်။ သိပ်မကြာသေးဟုလည်း ပြောနိုင်သည်။ ဒါပေမယ့် တစ်ယောက်အကြောင်း တစ်ယောက် အတော်သိနေကြပြီလို့လည်း ဆိုနိုင်ပါသည်။

နိမ့်ကျ နောက်ကျ ကျန်နေခဲ့သည့် ကျွန်တော်တို့နိုင်ငံကို အခြားနိုင်ငံများနှင့် ရင်ပေါင်တန်း နိုင်ဖို့ဆိုလျှင် စည်းလုံးညီညွတ်စွာ နိုင်ငံကို ပြန်လည်တည်ဆောက်မှုဖြစ်မည်။ နိုင်ငံတစ်ဝန်း အေးချမ်း သာယာရေးနှင့် တရားဥပဒေ စိုးမိုးရေးရှိမှ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နိုင်မည်။ ထိုအတွက် ခေါင်းဆောင်အချင်းချင်း နားလည်မှု၊ ရင်းနှီးမှု၊ ယုံကြည်မှု၊ လေးစားမှုတို့ ရှိရန်လိုမည်။ ခေါင်းဆောင်များက နမူနာပြ ရှေ့ဆောင်ကြလျှင် ကျန်သူများကလည်း မှန်ကန်စွာ လိုက်ပါဆောင်ရွက်ကြလိမ့်မည်ဟု ယုံကြည်သည်။

ကျွန်တော့်ဘက်မှ ခေါင်းဆောင်များကိုလည်း သူနှင့် ရင်းနှီးစေချင်သည်။ တစ်ယောက်အကြောင်း တစ်ယောက် သိရှိနားလည်ရာမှတစ်ဆင့် ယုံကြည်စွာညှိနှိုင်းတိုင်ပင် ဆွေးနွေးပြီး အမျိုးသားအကျိုးစီးပွားအတွက် ဆောင်ရွက်စေလိုသည်။ ကိုယ့်မှာမရှိသော သူ၏စွမ်းအားများနှင့် သူ့မှာမရှိသော ကျွန်တော်တို့၏ စွမ်းအားများ ပေါင်းစပ်လိုက်ပါက သူများနိုင်ငံကို လိုက်မီမည်၊ ကျော်တက်နိုင်မည်ဟုလည်း ထင်သည်။ ဤယုံကြည်မှုဖြင့် ကြိုးစားခဲ့ပါသည်။

**သူနှင့် ကျွန်တော် သင့်မြတ်ရန်၊ ရင်ကြားစေ့ရန် ဦးစွာလုပ်ရမည်။**
**ကျန်သူများနှင့်လည်း ဒီလို ဖြစ်စေချင်၍ ကြိုးစားသည်။**
**ထင်သလို မဖြစ်ခဲ့၊ မျှော်မှန်းသလို ရမလာ။**
**ဖြစ်လာသည့်၊ ရလာသည့်အပေါ် အကောင်းဆုံး ဖြစ်အောင်လုပ်ခဲ့သည်။**
**ကျွန်တော်၏ အားနည်းချက်၊ မလုပ်တတ် မကိုင်တတ်နှင့် ချိန်ဆနိုင်မှု မပြည့်စုံမှု**
**တို့ကြောင့် မျှော်မှန်းသလောက် ခရီးမပေါက်ရခြင်းလည်း ဖြစ်နိုင်ပါသည်။**

လှော်ရင်း တက်မကျိုးရအောင်၊ သွားရင်းလမ်းမပျောက်ရအောင် သတိနှင့် ဝီရိယထားရသည်။ ဟန်ချက် မပျက်ရန်၊ မယိုင်လဲရန် နှင့် ထိုအခြေအနေမျိုး ကြုံတွေ့ပါက ဉာဏ်အမြော်အမြင်နှင့် သတ္တိကို ယှဉ်တွဲ၍ ရည်မှန်းချက် မျက်ခြည်မပြတ်ဆောင်ရွက်ခဲ့ကြသည့် သူတွေထဲမှာ သူနှင့်ကျွန်တော်ပါဝင်နေမည် ထင်ပါသည်။ သို့ရာတွင် အထင်သည် အထင်သာဖြစ်၍ မှန်ချင်မှမှန်မည်။ ထို့အတူ မိမိကိုယ်မိမိယုံကြည်မှုရှိတာ ကောင်းသည်။ လွန်ကဲသော ယုံကြည်မှုသည် မကောင်း၊ **"ကိုယ်အားလုံး မသိ၊ အားလုံး မတတ်၊ အားလုံး မမှန်နိုင်"** သည်ကိုတော့ ဆင်ခြင်နိုင်မှ တော်ရုံကျမည်။

ကျွန်တော့်ရေးသားတင်ပြမှုတွင် ကျန်ကောင်း၊ ကျန်နိုင်၊ လိုကောင်း၊ လိုနိုင်ပါသည်။ သိရှိသူများက ထောက်ပြဖြည့်စွက်စေလိုပါသည်။

အဓိက စေတနာမှာ ကျွန်တော်တို့လုပ်ဆောင်မှုများအပေါ် အများပြည်သူက အမှားအမှန် ဝေဖန်ပိုင်းခြားပြီး သင်ခန်းစာယူ၍ နိုင်ငံကောင်းအောင်၊ နိုင်ငံတိုးတက်အောင် ဆက်လက်ဆောင်ရွက်သွားနိုင်ရေးဖြစ်ပါသည်။

နိုင်ငံတော်နှင့် နိုင်ငံသားတို့၏
သစ္စာကို စောင့်သိရိုသေလျက်
ပြည်သူများနှင့်အတူ

**သူရဦးရွှေမန်း**



မိုးသားမှု ပွင့်လင်းမှု နားလည်မှုတို့က ယုံကြည်မှုကိုပေးသည်။
ယုံကြည်မှု လေးစားမှုတို့က ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်စေသည်။ သူနှင့်ကျွန်တော့်မိသားစုများအကြား
အပြန်အလှန်နားလည်မှု ယုံကြည်မှု ခိုင်မာမှုတို့ရှိသည်။ စေတနာနှင့်မေတ္တာသည် အလျားအနံမသိသော်လည်း
အသွားအပြန်ရှိသည်ကို ကျွန်တော်တို့ နားလည်ယုံကြည်ထားကြပါသည်။
[ မိသားစုနှင့် နှစ်စဉ်တက်ရောက်မြဲဖြစ်သည့် ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများအား
ရည်စူး၍ ဒေါ်အောင်ဆန်းစုကြည်နေအိမ်၌ သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းကြရာ
(၆၉) နှစ်မြောက် အာဇာနည်နေ့ (၁၉-၇-၂၀၁၆) တွင် မိသားစုများ အမှတ်တရဓာတ်ပုံ ]

နောက်ဆက်တွဲ (က)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် အာရ်အက်ဖ်အေ ဆက်သွယ်မေးမြန်းချက်

ရက်စွဲ၊ ၁၁-၆-၂၀၁၃



သူရဦးရွှေမန်းအား အာရ်အက်ဖ်အေက ၁၁-၆-၂၀၁၃ ရက်နေ့တွင် သီးသန့်တွေ့ဆုံမေးမြန်းစဉ်

အမေရိကန်ပြည်ထောင်စုမှာ ရောက်ရှိနေတဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းကို ဝါရှင်တန်ဒီစီမြို့တော်မှာရှိတဲ့ မြန်မာသံရုံးမှာ ကျွန်တော်မနေ့က သီးသန့်တွေ့ဆုံ မေးမြန်းထားပါတယ်ခင်ဗျာ။

RFA - ဥက္ကဋ္ဌကြီးရေ အခု အမေရိကန်ကို မျက်စိနဲ့တပ်အပ်မြင်လိုက်ရတော့ စိတ်ထဲမှာ ဘယ်လို တွေမျှား ဖြစ်မိသလဲခင်ဗျ။

ဥက္ကဋ္ဌ - အင်မတန်မှ ကျေနပ်အားရပါတယ်။ ဒီနေ့ဒီကို မရောက်ခင် အမေရိကန်နိုင်ငံမှာ ရှိတဲ့ အထင်ကရ အဆောက်အအုံတွေနဲ့ ရုပ်တုတွေကို သွားကြည့်ရတဲ့ အခါမှာ မိမိမျှော်လင့်တာထက်ပိုပြီးတော့ အမေရိကန်နိုင်ငံအပေါ် အထင်ကြီး လေးစား မှုများ ရှိသွားပါတယ်။

RFA - ဒီခရီးစဉ်ကနေပြီးတော့ အမေရိကန်အစိုးရဆီက ဘာများ မျှော်လင့်ပါသလဲ ခင်ဗျ။

ဥက္ကဋ္ဌ - ကျွန်တော်တို့အဓိက မျှော်လင့်ချက်ကတော့ အမေရိကန်-မြန်မာနိုင်ငံ ရင်းနှီးချစ်ကြည်မှု ပိုမိုရစေလိုတဲ့ ရည်ရွယ်ချက်တစ်ခု ပါပါတယ်။ နောက်တစ်ခုက အမေရိကန်နိုင်ငံမှာ ကျင့်သုံးနေတဲ့ ဒီမိုကရေစီစနစ်ထဲကမှ မြန်မာနိုင်ငံနဲ့ သင့်လျော်မယ့် အလေ့အကျင့်များကို ရယူလေ့လာဖို့ဖြစ်ပါတယ်။

RFA - ဒေါ်အောင်ဆန်းစုကြည်က သမ္မတဖြစ်ချင်တဲ့ ဆန္ဒရှိတယ်လို့ ပြောနေတာကို ဥက္ကဋ္ဌကြီးလည်း ကြားမှာပေါ့ခင်ဗျ။ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကလည်း သမ္မတဖြစ်မယ့် အခြေအနေတွေကို တားဆီးထားတာ ရှိပါတယ်။ ဆိုတော့ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲမှာ ဒေါ်အောင်ဆန်းစုကြည် သမ္မတအဖြစ် ဝင်ပြိုင်ခွင့်ရအောင်ပေါ့လေ။ ဒီ ၂၀၀၈ ခုနှစ် အခြေခံဥပဒေကို ၂၀၁၅ ခုနှစ် မတိုင်ခင် ပြင်နိုင်ခြေ အလားအလာ ဘယ်လောက်အထိများရှိပါသလဲ ခင်ဗျ။

ဥက္ကဋ္ဌ - ဒီကိစ္စဟာ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြန်လည်သုံးသပ်ဖို့အတွက် မိမိတို့လွှတ်တော်မှာ ကော်မတီ၊ ကော်မရှင်ဖွဲ့ဖို့အတွက် အဆိုတစ်ရပ်တင်ထားပါတယ်။ ဒီအဆို အောင်မြင်ပါတယ်။ ဒါကြောင့်မို့လို့လာမယ့် လွှတ်တော်ကာလမှာ ကော်မရှင်ဖွဲ့စည်းပါမယ်။ ကော်မရှင်ကနေပြီးတော့ ဒီဥပဒေကို ပြန်လည်သုံးသပ်ပြီး၊ ပြင်ဆင်ရန်၊ ပယ်ဖျက်ရန်၊ အစားထိုးရန် စသည်များ ကော်မရှင်ရဲ့သဘောထားတွေ၊ မှတ်ချက်တွေအပေါ် မူတည်ပြီးတော့ မိမိတို့လွှတ်တော်က ဆက်လက်ဆောင်ရွက်မှာ ဖြစ်တယ်။ ဒီအပေါ်မူတည်ပြီးတော့ ဒေါ်အောင်ဆန်းစုကြည်ရဲ့သမ္မတဖြစ်ရေးကိစ္စ အပါအဝင် ကျန်တဲ့ ကိစ္စများကိုပါ ကော်မတီ၊ ကော်မရှင်က တင်ပြလာလို့ရှိရင် လွှတ်တော်က ဆက်လက်ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်တစ်ယောက်တည်းအတွက် သီးခြားစဉ်းစားတာ မဟုတ်ဘဲနဲ့ အားလုံးသော နိုင်ငံသားများအတွက် စဉ်းစားပေးရမယ့်ကိစ္စ ဖြစ်ပါတယ်။

RFA - ဒေါ်အောင်ဆန်းစုကြည် သမ္မတဖြစ်လို့ရှိရင်ရော မြန်မာနိုင်ငံ အနာဂတ် ပိုကောင်းလာလိမ့်မယ်လို့ရော ဥက္ကဋ္ဌကြီး တစ်ဦးချင်း အနေနဲ့ပေါ့၊ ယုံကြည်ပါသလား ခင်ဗျ။

**ဥက္ကဋ္ဌ** - ဒါကတော့ အခြေအနေ စောင့်ကြည့်ရမယ့် သဘောရှိပါတယ်။ ဘယ်သူမဆို မိမိခေါင်းဆောင် ဖြစ်တဲ့အချိန်မှာ ကိုယ့်နိုင်ငံ ပိုကောင်းအောင်တော့ လုပ်ကြပါတယ်။ စေတနာကောင်းသလို လုပ်နည်း၊ လုပ်ဟန်မှန်မှလည်း တိုးတက်မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒေါ်အောင်ဆန်းစုကြည်မှာလည်း၊ စေတနာ အပြည့်ရှိကြောင်း၊ မိမိနားလည်ပါတယ်။ သို့ရာတွင် လုပ်နည်းလုပ်ဟန် အပိုင်းနဲ့စွမ်းဆောင်မှုအပိုင်းကိုတော့ စောင့်ကြည့်မှပဲ ပြောလို့ရမယ့် အနေအထားဖြစ်ပါတယ်။

RFA - ဒေါ်အောင်ဆန်းစုကြည်က NLD ပါတီရဲ့ ဥက္ကဋ္ဌအနေနဲ့ပေါ့၊ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲမှာ သမ္မတနေရာ ဝင်ပြိုင်ချင်တယ်လို့ ပြောပါတယ်။ ဥက္ကဋ္ဌကြီး အနေနဲ့ရော ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီရဲ့ ဥက္ကဋ္ဌအနေနဲ့ပေါ့ခင်ဗျ၊ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲမှာ ဝင်ပြိုင်ချင်တဲ့ဆန္ဒ၊ ဒါမှမဟုတ် သမ္မတဖြစ်ချင်တဲ့ အာသီသ များ ရှိပါသလား၊ သိပါရစေခင်ဗျ။

**ဥက္ကဋ္ဌ** - တိုတိုပြောရမယ်ဆိုရင်တော့ မိမိလည်း ဝင်ရောက်ယှဉ်ပြိုင်မှာ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုရင် နိုင်ငံနဲ့နိုင်ငံသား အကျိုးစီးပွားကို ဖော်ဆောင်တဲ့နေရာမှာ သမ္မတက အရေးပါတယ်ဆိုလို့ရှိရင် သမ္မတ ဖြစ်ချင်ပါတယ်။ မိမိသည် ဒီထက်အရေးပါတဲ့ နေရာရှိတယ်ဆိုရင်လည်း အဲဒီ အရေးပါတဲ့ နေရာကို မိမိဝင်ရောက် ဆောင်ရွက်လိုပါတယ်။

RFA - ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲမှာ ဥက္ကဋ္ဌကြီး ဝင်ရောက်ယှဉ်ပြိုင်တဲ့အခါ ပေါ့လေ၊ သမ္မတ ဖြစ်ခဲ့လို့ရှိရင် မြန်မာနိုင်ငံသူ နိုင်ငံသားတွေအတွက် ဘာတွေများ ထူးထူးခြားခြား လုပ်ပေးနိုင်လိမ့်မယ်လို့မျှော်လင့်ထားတာ ရှိပါသလဲခင်ဗျ။

**ဥက္ကဋ္ဌ** - သေချာပါတယ်၊ တကယ်လိုအပ်နေတဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ဒီကနေ့ တရားဥပဒေ စိုးမိုးရေးနဲ့ တည်ငြိမ်အေးချမ်းရေး၊ အဲဒါအပြင် ငြိမ်းချမ်းရေးတွေအတွက် မိမိအနေနဲ့ သူများနဲ့စာရင် ပိုပြီးလုပ်ပေးနိုင်မယ်လို့ မိမိယုံကြည်ထားပါတယ်။ ဒါကြောင့် နိုင်ငံနဲ့နိုင်ငံသားများ အကျိုးစီးပွားကို မိမိအနေနဲ့သူများနဲ့စာလို့ရှိရင် ပိုပြီး လုပ်ပေးနိုင်မယ့် စေတနာလည်းရှိတယ်၊ အရည်အချင်းရှိတယ်လို့ပဲ၊ ဒီလိုပဲ ရဲရဲပြောရဲပါတယ်။

RFA - ပြီးခဲ့တဲ့ရက်ပိုင်းက နေပြည်တော်မှာကျင်းပတဲ့ ကမ္ဘာ့စီးပွားရေးဖိုရမ် နိုင်ငံတကာ အစည်းအဝေးတစ်ခုကိုပေါ့လေ။ ဥက္ကဋ္ဌကြီး ကိုယ်တိုင်တက်ခဲ့တာ တွေ့ရပါတယ်ခင်ဗျ။ ဒီလိုအစည်းအဝေးမျိုးတွေ မြန်မာနိုင်ငံမှာစပြီးတော့ ကျင်းပလာတော့ ဒီအစည်းအဝေးအတွေ့အကြုံပေါ့ခင်ဗျ။ ဥက္ကဋ္ဌကြီး ဘယ်လိုတွေများ ဖြစ်မိသလဲ . . . .။

ဥက္ကဋ္ဌ - ဒီအစည်းအဝေးက မြန်မာနိုင်ငံမှာ စတင်ကျင်းပတဲ့ အစည်းအဝေးကြီးတစ်ခု ဖြစ်တယ်။ ဒီအပေါ်မူတည်ပြီးတော့ အင်မတန်မှအားရပါတယ်။ ကျေနပ်ပါတယ်။ ဒီလိုအစည်းအဝေးကြီး ဖြစ်ပေါ်လာတာလည်း မြန်မာနိုင်ငံ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး ကျင့်သုံးလို့သာလျှင် ဒီလို အစည်းအဝေးမျိုး လာရောက်လုပ်ကိုင်တယ်ဆိုတဲ့ အခြေအနေပေါ်မူတည်ပြီးတော့ မြန်မာနိုင်ငံ ပြုပြင်ပြောင်းလဲရေးကို ဒီထက်ပိုပြီးတော့ လုပ်ဖို့လိုတယ်ဆိုတဲ့ သင်ခန်းစာလို့ပဲ မှတ်ယူရတဲ့ ကိစ္စတွေကိုလည်း ရရှိခဲ့ပါတယ်။

RFA - ဒေါ်အောင်ဆန်းစုကြည်နဲ့ လွှတ်တော်ထဲမှာ အတူလက်တွဲ လုပ်ရတဲ့အတွက် ဥက္ကဋ္ဌကြီးရဲ့ ခံစားချက် အတွေ့အကြုံပေါ့ ခင်ဗျ။ ပိုပြီးတော့ အရင်ကထက်စာရင် လုပ်ငန်းတွေများ ပိုတွင်ကျယ်လာသလား။ ဒေါ်အောင်ဆန်းစုကြည် မရှိခင်ကာလ လွှတ်တော်နဲ့ ဒေါ်အောင်ဆန်းစုကြည်ရှိပြီးနောက်ပိုင်း လွှတ်တော်ပေါ့လေ၊ ဥက္ကဋ္ဌကြီး နည်းနည်းခွဲခြားပြီး ပြောပြပေးစေချင်ပါတယ် ခင်ဗျ။

ဥက္ကဋ္ဌ - လုပ်ငန်းတွေ ပိုပြီးတော့ တွင်ကျယ်လာတယ်၊ အောင်မြင်လာတယ်လို့ ပြောနိုင်ပါတယ်။ ဒီလို ဖြစ်ရခြင်းအကြောင်းရင်းကို ပြန်ပြီးတော့ပြောချင်တယ်။ မြန်မာနိုင်ငံဟာ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးရအောင် ကြိုးစားတယ်။ အဲဒီလိုပဲ မိမိတို့မြန်မာနိုင်ငံ အမျိုးသားပြန်လည်သင့်မြတ်ရေးရရှိ အောင် ကြိုးစားတယ်။ အဲဒီနည်းတူပဲ မိမိတို့နိုင်ငံ ပဋိပက္ခများချုပ်ငြိမ်းအောင် မိမိတို့ ကြိုးစားတယ်။ ဒီ ကြိုးစားမှုတွေဟာ မိမိတို့ထင်သလောက် မအောင်မြင်ခဲ့ဘူး။ မအောင်မြင်ခဲ့တဲ့နေရာမှာ အခု ဒေါ်အောင်ဆန်းစုကြည် လွှတ်တော်ထဲကို ရောက်လာတယ်။ ရောက်လာတာ ဒေါ်အောင်ဆန်းစုကြည်သည် အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်ရဲ့ ဥက္ကဋ္ဌတစ်ဦးဖြစ်သလို နိုင်ငံရေးပါတီတစ်ရပ်ရဲ့

ခေါင်းဆောင်လည်း ဖြစ်တယ်။ မိမိတို့နိုင်ငံမှာ အမျိုးသားပြန်လည်သင့်မြတ်ရေး ဆောင်ရွက်လိုချင်တယ်ဆိုရင် ပါတီများနဲ့ မိမိတို့ပါတီ အချင်းချင်း၊ လုပ်ဖော်ကိုင်ဘက်လို သဘောထားဆောင်ရွက်ဖို့လိုတယ်။ ဒါကြောင့်မို့လို့ ဒေါ်အောင်ဆန်းစုကြည်ကို မှတည်ပြီးပြောတဲ့နေရာမှာ ဒေါ်အောင်ဆန်းစုကြည်သည် အမျိုးသားဒီမို ကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌဖြစ်သလို မိမိလည်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီရဲ့ ခေါင်းဆောင်တစ်ဦးလည်း ဖြစ်တယ်။ ဒါကြောင့် အမျိုးသားပြန်လည်သင့်မြတ်ရေး ဆောင်ရွက်မယ်ဆိုရင် ပါတီအချင်းချင်းလည်း လုပ်ဖော်ကိုင်ဘက်လို သဘောထားဖို့လိုတယ်။ မိမိတို့ဟာ ရန်သူမဟုတ်ကြဘူး။ နိုင်ငံကောင်းအောင်လုပ်တဲ့နေရာမှာ ကိုယ့်ပါတီ၊ ကိုယ့်နိုင်ငံကောင်းအောင် လုပ်ကြတာဖြစ်တဲ့အတွက် နိုင်ငံကောင်းအောင် လုပ်ဖို့ဆိုရင် လက်တွဲလုပ်သင့်တာတွေ လုပ်ရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ခုနက မေးတဲ့မေးခွန်းထဲမှာ ဒေါ်အောင်ဆန်းစုကြည် လွှတ်တော်ထဲရောက်လာပြီး လက်တွဲဆောင်ရွက်တဲ့အတွက် ပိုမိုအောင်မြင်မှု ရှိတယ်လို့ပြောနိုင်ပါတယ်။

RFA ‧ လွှတ်တော်နဲ့အစိုးရကြား အားပြိုင်မှုရော ခင်ဗျ၊ ဘတ်ဂျက် ကိစ္စတွေ အပါအဝင်ပေါ့လေ၊ ဒီအားပြိုင်မှုက တော်တော်လေးကို သတင်းတွေထွက်နေတယ်။ ဘယ်လောက်ထိ ကြီးကြီးမားမားရှိပါသလဲ ခင်ဗျ။

ဥက္ကဋ္ဌ ‧ ဒီဟာကို အားပြိုင်မှုလို့မြင်တယ်ဆိုရင်တော့ မြင်တဲ့လူက အားပြိုင်မှုလို့ပဲ ထင်ပါတယ်။ သို့သော်လည်း ဒီဟာသည် လွှတ်တော်ရဲ့လုပ်ငန်းကို လွှတ်တော်က လုပ်နေတယ်။ အစိုးရကလည်း အစိုးရရဲ့လုပ်ငန်း လုပ်နေတယ်လို့မြင်နေတယ်ဆိုရင်တော့ ပြောင်းလဲလာတဲ့ ဒီမိုကရေစီအပေါ် ကိုယ့်လုပ်ငန်းကို လုပ်နေကြတယ်ဆိုရင်တော့ ပိုပြီးတော့ မှန်တယ်လို့ပဲ ယူဆပါတယ်။

RFA ‧ ဥက္ကဋ္ဌကြီး မကြာသေးခင်တုန်းကလည်း တရုတ်ပြည်ကိုသွားခဲ့တာ ကျွန်တော်သိရပါတယ်။ ဆိုတော့ ၂၀၁၅ ခုနှစ် နောက်ပိုင်းမှာ အဓိက က မြစ်ဆုံရေကာတာစီမံကိန်းကြီးပေါ့ခင်ဗျ။ ဥက္ကဋ္ဌကြီး တကယ်လို့ သမ္မတဖြစ်ခဲ့သည်ရှိသော် ဒီမြစ်ဆုံရေကာတာ စီမံကိန်းကြီးကို ဆက်ပြီးတော့ အကောင်အထည် ဖော်သင့်တယ်လို့ထင်သလား။ ဥက္ကဋ္ဌကြီး လုပ်ပိုင်ခွင့်ရှိမယ်ဆိုရင်ပေါ့လေ၊ ဘယ်လိုတွေများ မျှော်လင့်ထားပါသလဲ ခင်ဗျ။ ဒီစီမံကိန်းနဲ့ပတ်သက်ပြီးတော့ ...။

ဥက္ကဋ္ဌ · အင်မတန် ထူးခြားလေးနက်တဲ့မေးခွန်းပါပဲ။ ဒီကိစ္စဟာ လူတစ်ယောက်တည်းက ဆုံးဖြတ်ရမယ့်ကိစ္စမဟုတ်ပါဘူး။ သက်ဆိုင်ရာ တာဝန်ရှိတဲ့ အဖွဲ့အစည်းတွေက တကယ့်ကို ကျွမ်းကျင်တဲ့ အဖွဲ့အစည်းများရဲ့ လေ့လာသုံးသပ်ချက်အပေါ် မူတည်ပြီးတော့ လုပ်သင့်ရင် ဆက်လုပ်ရမယ်၊ မလုပ်သင့်ဘူးဆိုရင် မလုပ်ဖို့ပဲ ဖြစ်ပါတယ်။ လုပ်တော့ လုပ်သင့်တယ်၊ ဒီအတိုင်းအတာထိတော့ မဟုတ်ဘူး။ ဘယ်လောက် အတိုင်းအတာအထိဆိုတဲ့ သူတို့တကယ့်ကို လွတ်လပ်ပြီးတော့ အင်မတန်မှ အရည်အချင်းရှိတဲ့ အဖွဲ့အစည်းများရဲ့ သုံးသပ်ချက်အပေါ်မူတည်ပြီး ဆုံးဖြတ်ရမယ့် ကိစ္စဖြစ်ပါတယ်။

RFA · အခုဆိုရင် မြန်မာနိုင်ငံသားတွေ အင်ဒိုနီးရှားတို့ မလေးရှားတို့မှာ သတ်ဖြတ်ခံရတာတွေ ရှိလာပါတယ် ခင်ဗျ။ ဒါနဲ့ ပတ်သက်ပြီးတော့ လွှတ်တော်အမိုင်းကရော ပြည်ပရောက်၊ နိုင်ငံတကာရောက် နိုင်ငံသားတွေကို ကာကွယ်နိုင်တဲ့ ဥပဒေမူကြမ်းဖြစ်စေ၊ ဆွေးနွေးချက်တွေ လွှတ်တော်တွင်းမှာ ရှိလာသင့်တယ်လို့ထင်ပါသလား ခင်ဗျ။

ဥက္ကဋ္ဌ · ဒီလို ကြားသိရတဲ့အတွက် ပုဂ္ဂိုလ်ရေးအရ ပြောမယ်ဆိုရင် အင်မတန်မှ စိတ်မကောင်းဖြစ်မိပါတယ်။ ဒါကြောင့် ဒီဟာမျိုးနဲ့ပတ်သက်ပြီးတော့ လာမယ့်ကျင်းပမယ့် လွှတ်တော်အတွင်းမှာ မိမိတို့ဆွေးနွေးပြောဆိုဖို့ စီစဉ်ထားပါတယ်။

RFA · လွန်ခဲ့တဲ့ ၂ နှစ်က စပြီးတော့ မြန်မာနိုင်ငံမှာ အပြောင်းအလဲတွေ ပေါ်ပေါက်လာခဲ့တယ် ခင်ဗျ။ ဒီ ၂ နှစ်တာ ကာလအတွင်းမှာ ဥက္ကဋ္ဌကြီး ပြန်သုံးသပ်လို့ရှိရင် အကြီးမားဆုံးစိန်ခေါ်မှု အနေနဲ့ပေါ့၊ ဘယ်ကိစ္စက အခက်ခဲဆုံး အကြီးမားဆုံးစိန်ခေါ်မှု ဖြစ်နေပါသလဲ ခင်ဗျ။

ဥက္ကဋ္ဌ · အဓိကကတော့ သူများတွေပြောနေတဲ့ mind-set ပေါ့။ လူတွေရဲ့ စိတ်ထား။ အဲဒါအပြင် ဒီမိုကရေစီဆိုတာ ဘာလဲ။ ဒီမိုကရေစီကျင့်စဉ်ဆိုတာဘာလဲ။ ဒီဟာကို အားလုံးနားလည်ပြီးတော့ မှန်မှန်ကန်ကန် ကျင့်သုံးဖို့လိုပါတယ်။ ဒီမိုကရေစီကို နာမည်လောက်သာ သိပြီးတော့ ဒီမိုကရေစီရဲ့သဘောသဘာဝကို၊ အနှစ်သာရကို မသိဘဲနဲ့လုပ်ချင်ရာ လုပ်မယ်ဆိုလို့ရှိရင် မိမိတို့ပြောင်းလဲလိုက်တဲ့ ဒီမိုကရေစီဟာ အကျိုးထက် အပြစ်တွေရသွားမှာ စိုးရိမ်ပါတယ်။ ဒီဟာသည် အကြီးမားဆုံး စိန်ခေါ်မှုလို့ မိမိမြင်ပါတယ်။

RFA - နောက်ဆုံးအနေနဲ့ပေါ့ခင်ဗျ အာရ်အက်ဖ်အေ ပရိသတ်တွေ၊ နိုင်ငံတကာမှာရှိတဲ့ ပရိသတ်တွေ၊ ပြည်တွင်းမှာရှိတဲ့ ပရိသတ်တွေအတွက် ဥက္ကဋ္ဌကြီး၊ ဒီခရီးစဉ်နဲ့ပတ်သက် ပြီးတော့ ဘာတွေများအထူးတလည် ပြောကြားချင်တာရှိပါသလဲ၊

ဥက္ကဋ္ဌ - အာရ်အက်ဖ်အေ ပရိသတ်ရော ပြည်တွင်းပြည်ပမှာရှိကြတဲ့ မြန်မာစိတ်ဓာတ်ရှိကြတဲ့ လူတွေပါ မိမိပြောချင်တာက မိမိတို့ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးမှာ မိမိတို့လွှတ်တော်အနေနဲ့ အဓိကအခန်းကဏ္ဍကပါဝင်ပြီးတော့ နိုင်ငံနဲ့ နိုင်ငံသားများအတွက်၊ အများပြည်သူအတွက်၊ ကမ္ဘာ့လူသားများအတွက် တတ်နိုင်သမျှ စွမ်းဆောင်သွားပါမယ်။ ဒီလို စွမ်းဆောင်တဲ့နေရာမှာ အာရ်အက်ဖ်အေ ဝိုင်းတော်သားများ အနေနဲ့ မိမိတို့နဲ့ပါဝင်ပူးပေါင်း ဆောင်ရွက်ပေးပါ။ လွှတ်တော်နဲ့ပတ်သက်လို့ လိုအပ်ချက်တွေ၊ အကြံပြုစရာတွေ၊ ဝေဖန်စရာရှိတယ်ဆိုလို့ရှိရင်လည်း လွှတ်တော်အနေနဲ့ အမြဲတမ်းကြိုဆိုပါတယ်။ အာရ်အက်ဖ်အေဝိုင်းတော်သားများကိုလည်း အထူးပဲ ကျေးဇူးတင်ပါတယ်။

RFA - ဥက္ကဋ္ဌကြီး သူရဦးရွှေမန်းကို အာရ်အက်ဖ်အေ(လွတ်လပ်တဲ့ အာရှအသံ)က ကျေးဇူးအများကြီး တင်ပါတယ်ခင်ဗျ။

ဥက္ကဋ္ဌ - ကောင်းပါပြီ။ ကျွန်တော်တို့ကလည်း ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ဆိုတာ ကျွန်တော်နဲ့ အခုပါလာတဲ့ အဖွဲ့များအပြင် ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်များ၊ အားလုံးရဲ့ကိုယ်စား ပြောကြားခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

နောက်ဆက်တွဲ (ခ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသူရဦးရွှေမန်းနှင့် ဘီဘီစီအင်တာဗျူးမှ ကောက်နုတ်ချက်

ရက်စွဲ၊ ၂၈-၇-၂၀၁၅



သူရဦးရွှေမန်းအား ဘီဘီစီမှ ၂၈-၇-၂၀၁၅ ရက်နေ့တွင် သီးသန့်တွေ့ဆုံမေးမြန်းစဉ်

ဘီဘီစီ ။ ဟုတ်ကဲ့ပါခင်ဗျာ၊ ဒီ ၂၀၁၅ ပေါ့လေ၊ ဒီရွေးကောက်ပွဲဟာ ဥက္ကဋ္ဌကြီး အတွက် ဘယ်လောက်များ အရေးပါ ပါသလဲ ခင်ဗျာ။

ဥက္ကဋ္ဌ ။ ဒီ ၂၀၁၅ အထွေထွေရွေးကောက်ပွဲဟာ ကျွန်တော်တို့အတွက် အရေးပါသလို ကျွန်တော်တို့ နိုင်ငံအတွက်လည်း အင်မတန်အရေးကြီး၊ အရေးပါတဲ့ ရွေးကောက်ပွဲ ဖြစ်ပါတယ်။ ဒီရွေးကောက်ပွဲကို အောင်မြင်ချောမွေ့စွာ ဆောင်ရွက်နိုင်ပါမှ ကျွန်တော်တို့နိုင်ငံတည်ဆောက်ချင်တဲ့ လိုလားတဲ့ ပါတီစုံဒီမိုကရေစီနဲ့ ဈေးကွက်စီးပွားရေးစနစ်ကို ရှေ့သို့တက်လှမ်း ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်အတွက် အရေးကြီးတယ်ဆိုတာထက် နိုင်ငံအတွက် အင်မတန်အရေးကြီးတဲ့ ရွေးကောက်ပွဲကြီး ဖြစ်ပါတယ်။

ဘီဘီစီ - ဟုတ်ကဲ့၊ ဒီရွေးကောက်ပွဲမှာ ဦးကျော်ဇောကြီးအနေနဲ့ ကျွန်တော်တို့ သိရသလောက်တော့ ဖြူးမြို့နယ်ကနေပြီးတော့ မဲဆန္ဒနယ်ကနေပြီးတော့ ဝင်အရွေးခံမယ်လို့ သိရပါတယ်။ ၂၀၁၀ ရွေးကောက်ပွဲတုန်းက ဇေယျာသီရိမြို့နယ်ကနေပြီးတော့ အရွေးခံခဲ့ပါတယ်။ ဘာဖြစ်လို့ ဇေယျာသီရိမြို့နယ်ကနေပြီးတော့ ဆက်ပြီးအရွေးမခံတာလဲ ခင်ဗျ။

ဦးကျော်ဇော - ဖြူးမြို့နယ်က ကျွန်တော်ရဲ့မွေးဇာတိမြေဖြစ်တယ်။ ဖြူးမြို့နယ်ကိုကိုယ်စားပြုပြီး ဖြူးမြို့နယ်ကို အခြေခံပြီး နိုင်ငံတော်နှင့် နိုင်ငံသားအကျိုးစီးပွားအတွက် ဆောင်ရွက်ခွင့်ရရှိဖို့ပဲ ဖြစ်ပါတယ်။ ခုနမေးတဲ့ မေးခွန်းမှာ ဇေယျာသီရိမြို့နယ်မှာ ၂၀၁၀ ရွေးကောက်ပွဲတုန်းက ဝင်ခဲ့ပါတယ်။ ရွေးကောက်ပွဲလည်း အောင်မြင်မှုရာခိုင်နှုန်းထိပ်ဆုံးက ရရှိခဲ့ပါတယ်။ အဲဒီနောက်ပိုင်းလည်း ကျွန်တော့်အနေနဲ့ဇေယျာသီရိမြို့နယ်ကို တတ်နိုင်သမျှ ဖွံ့ဖြိုးရေးအပါအဝင် အခြား ကိစ္စများအတွက်လည်း ကျွန်တော်တတ်နိုင်သမျှ ဆောင်ရွက်ခဲ့ပါတယ်။ ဒီကနေဇေယျာသီရိမြို့နယ်မှာရှိကြတဲ့ပြည်သူလူထုကလည်း ကျွန်တော့်အပေါ် ကြီးမားသောသံယောဇဉ် ယုံကြည်မှုများ ရှိပါတယ်။ သို့ရာတွင် ဒီဒေသကို အတိုင်းအတာတစ်ခုအထိ ဆောင်ရွက်ပြီးပြီ။ ဒါကြောင့် မွေးရပ်မြေဇာတိဖြစ်တဲ့ ဖြူးမြို့နယ်ကို သွားရောက်ပြီး ဖြူးမြို့နယ်ကို အခြေခံပြီး နိုင်ငံတော်နှင့်နိုင်ငံသားများ အကျိုးစီးပွားကိုဆောင်ရွက်ခွင့်ရအောင် သွားရောက်အရွေးခံခြင်းဖြစ်ပါတယ်။

ဘီဘီစီ - ဟုတ်ကဲ့ခင်ဗျ၊ အခုလောလောဆယ် သတင်းတွေထဲမှာ ဇေယျာသီရိမြို့နယ်က မဲဆန္ဒရှင်တပ်မတော်သားအချို့ကနေပြီးတော့ ဦးကျော်ဇောကြီးကို လွှတ်တော်ကိုယ်စားလှယ်အဖြစ်ကနေ ရုပ်သိမ်းဖို့ဆိုပြီး ကော်မရှင်မှာ လက်မှတ်ရေးထိုးတောင်းဆိုမှုတွေ လုပ်လာတာ တွေ့ရပါတယ်။ ဒါကရော မဲဆန္ဒနယ် ပြောင်းရတဲ့အကြောင်းတစ်ချက် ဖြစ်ပါသလား။

ဦးကျော်ဇော - လုံးဝ မဖြစ်ပါဘူး။ လုံးဝ သက်ဆိုင်ခြင်း မရှိပါဘူး။

ဘီဘီစီ - ဟုတ်ကဲ့၊ ဆိုတော့ အဲဒီ မဲဆန္ဒရှင် တပ်မတော်သား လက်မှတ်ရေးထိုးထားတဲ့ စာထဲမှာတော့ ဦးကျော်ဇောကြီးဟာ လွှတ်တော်ကိုယ်စားလှယ်တာဝန်တွေကို ဖျက်ကွက်ခဲ့တယ်၊ နောက်ပြီးတော့ ဖွဲ့စည်းပုံပါ ပြဋ္ဌာန်းချက်တွေကို ချိုးဖောက်

တယ်ဆိုပြီးတော့ ရေးသားထားတာမျိုးတွေ ရှိပါတယ်ခင်ဗျ။ ဒါနဲ့ပတ်သက်လို့ ဥက္ကဋ္ဌကြီးအနေနဲ့ ဘာများပြောချင်ပါသလဲ ခင်ဗျ။

ဥက္ကဋ္ဌ - ကျွန်တော့်တာဝန် ကျွန်တော်ယူနိုင်ပါတယ်။ ထိုနည်းတူစွာပဲ သူတို့တစ်တွေက အခုလို တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာကိစ္စများနဲ့ ကြိုးစားတယ်ဆိုလို့ရှိရင်လည်း မိမိဘက်က အသင့်ရှိပါတယ်။ အားလုံး ဥပဒေအရ ရင်ဆိုင်သွားမယ့် အနေအထားရှိပါတယ်။

ဘီဘီစီ - ဟုတ်ကဲ့၊ အဲဒီထဲမှာ စွပ်စွဲချက်ပေါ့လေ အကြောင်းပြချက်တစ်ခုကတော့ တပ်မတော်နဲ့ နိုင်ငံတော်အပေါ် သစ္စာဖောက်တဲ့ဟာမျိုး သူတို့ ပြင်းပြင်းထန်ထန်ပြောဆိုထားတာရှိပါတယ် ခင်ဗျာ။ ဒါကိုကော ဘယ်လို တုန့်ပြန်ချင်ပါသလဲ ခင်ဗျ။

ဥက္ကဋ္ဌ - အဲဒီတော့ သစ္စာဆိုတာ ဘာလဲဆိုတာ ကျွန်တော်တို့ဆန်းစစ်ဖို့လိုပါကြောင်း။ တပ်မတော်နဲ့နိုင်ငံတော် အပေါ်သစ္စာဖောက်တယ်ဆိုတာ ဘယ်ကိစ္စတွေအတွက် သစ္စာဖောက်တယ်လို့ စွပ်စွဲတာပါလဲ၊ ဒါသိဖို့ လိုပါတယ်။ တစ်ခါတစ်ခါမှာ ကျွန်တော်တို့နိုင်ငံသားထဲမှာ မရင့်ကျက်တဲ့သူတွေ ရှိပါတယ်။ အချို့ မရင့်ကျက်တဲ့ ဝန်ထမ်းတွေရှိပါတယ်။ အစိုးရာယ်ကို ဂယနကျောနားမလည်ဘဲနဲ့ သူများပြောလို့ သို့မဟုတ် သူများခိုင်းလို့ ပြောတဲ့ ရေးတဲ့ကိစ္စတွေ ရှိတတ်တာကိုလည်း ကျွန်တော်တို့ သတိပြုရမှာ ဖြစ်ပါတယ်။

ဘီဘီစီ - ကျွန်တော်တို့ သိရသလောက်တော့ ဒေါ်အောင်ဆန်းစုကြည်နဲ့ မကြာခဏ သီးသန့်တွေ့ဆုံမှုတွေ ရှိနေတယ်လို့သိရပါတယ်။ ဒီတော့ ဒေါ်အောင်ဆန်းစုကြည်နဲ့ဥက္ကဋ္ဌကြီး ကြားမှာ၊ တစ်ဖက်နဲ့ တစ်ဖက်ကြားမှာ အပြန်အလှန်နားလည်မှု၊ သဘောတူညီမှု ယူထားတာများရှိပါသလား ခင်ဗျ။

ဥက္ကဋ္ဌ - ရှိပါတယ်။ နားလည်မှု၊ သဘောတူညီမှု၊ ယုံကြည်မှုတွေ ရှိပါတယ်။ ဒါက ဘာလဲဆိုရင် ကျွန်တော်တို့နိုင်ငံတော်နဲ့နိုင်ငံသား အကျိုးစီးပွားအတွက်ကိုဆိုရင် ကျွန်တော်တို့ညှိနှိုင်း ပူးပေါင်းဆောင်ရွက်မယ်။ ရွေးကောက်ပွဲကျရင်တော့ အနိုင်ရအောင်ပြိုင်ကြမယ်။ ဒါ ကျွန်တော်တို့ရဲ့နားလည်မှု ယုံကြည်မှုပြောမယ်ဆိုလို့ရှိရင် " Gentleman's Agreement" လူကြီး လူကောင်း သဘောတူညီချက် ဖြစ်ပါတယ်။

ဘီဘီစီ - တစ်ဆက်တည်း စစ်တပ်ထဲကနေ အငြိမ်းစားယူပြီးတော့ ရွေးကောက်ပွဲမှာ ဝင်ပြိုင်မယ့် သုံးပုံနှစ်ပုံလောက်ကို ပါတီတွင်းကိုယ်စားလှယ်အဖြစ် မရွေးချယ်ဘူးလို့သိရပါတယ်။ အဲဒါကရော ဘာကြောင့်ပါလဲ ခင်ဗျ။

**ဥက္ကဋ္ဌ** - အဲဒါကလဲ ခုနက မေးခွန်းကို ကျွန်တော်ဖြေတဲ့အတိုင်းပဲ ဖြစ်ပါတယ်။

ဘီဘီစီ - အစိုးရနဲ့ စစ်တပ်ကတစ်ဖက်၊ ဥက္ကဋ္ဌကြီးနဲ့ ဒေါ်အောင်ဆန်းစုကြည်တို့က တစ်ဖက်ဖြစ်နေတဲ့အခါမျိုးမှာ ဒီလိုမျိုး ဖြစ်နေကြတာတွေကို တချို့ကလည်း ဒီနိုင်ငံရေး ကစားကွက်၊ ပြည်ခိုင်ဖြိုးပါတီရဲ့ ကစားကွက်တစ်ခု အနေနဲ့မြင်တဲ့ လူတွေလဲ မြင်ကြပါတယ်။ ဒါကလည်း တပ်မတော် ဦးဆောင်မှုနဲ့ ပြည်ခိုင်ဖြိုး အသင်းကြီးကနေ ပြည်ခိုင်ဖြိုးပါတီအဖြစ် ပြောင်းလဲလာတယ်ဆိုတော့ လူတွေရဲ့စိတ်ထဲမှာ သံသယတော့ ရှိနေကြပါတယ်။ ဒီတော့ ဒီသံသယတွေ ပြေပျောက်အောင် ဘယ်လိုများဆောင်ရွက်နိုင်မလဲခင်ဗျ။

**ဥက္ကဋ္ဌ** - အဲဒီတော့ ဒီမေးခွန်းကို မေးမယ်ဆိုရင် ကာယကံရှင် ဒေါ်အောင်ဆန်းစုကြည်ကိုလည်း မေးသင့်ပါတယ်။ ထိုနည်းတူစွာပဲ ကျန်တဲ့ ခုနက မိတ်ဆွေပြောတဲ့ တပ်မတော်တို့ အစိုးရအဖွဲ့တို့ကို မေးခွင့်ရှိရင် မေးသင့်ပါတယ်။ ကျွန်တော်ကတော့ စကားကို ခုတစ်မျိုး တော်ကြာတစ်မျိုးပြောတတ်တဲ့ အလေ့မရှိပါဘူး။ ကျွန်တော်တို့က တည်ကြည်ဖြောင့်မတ်စွာပဲ အလုပ်တစ်ခုကို လုပ်ချင်ပါတယ်။ အချို့ကလည်း ကျွန်တော့်ကိုပြောပါတယ်။ အရောရောကို ရိုးသားပြီး ဆောင်ရွက်လို့မရဘူး။ နိုင်ငံရေးက ရှုပ်ထွေးတယ်၊ ဒါကြောင့်မို့လို့ အမေးမျိုး အပြောမျိုး ရှိပါတယ်။ ကျွန်တော်ကတော့ တည်ကြည်ဖြောင့်မတ်ဖို့ပဲ လိုလားပါတယ်။ ကျွန်တော် ပရိယာယ်နဲ့ ဆောင်ရွက်တာ မဟုတ်ဘဲနဲ့ အရှိအတိုင်းပဲ ဆောင်ရွက်နေခြင်း ဖြစ်ပါတယ်။

ဘီဘီစီ - နောက်တစ်ခုက ဖွဲ့စည်းပုံပြင်ဆင်ခြင်းမပါနော်။ လွှတ်တော်ထဲမှာ ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်တွေ ဖွဲ့စည်းပုံပြင်ဆင်ရေး ကြိုးပမ်းမှုတွေအပေါ်မှာ တပ်မတော်သား ကိုယ်စားလှယ်တွေရဲ့ကန့်ကွက်မှုကြောင့် မအောင်မမြင်ဖြစ်ခဲ့ရပါတယ်။ ဒီတော့ကာ ၂၅ ရာခိုင်နှုန်းသော တပ်မတော်သား ကိုယ်စားလှယ်တွေဟာ ဒီမိုကရေစီအပြောင်းအလဲအတွက် အဟန့်အတားများဖြစ်နေပါသလား။ ဒီအတွက် ဒီအရေးအတွက်ကို လျှော့ချဖို့ အစီအစဉ်

များရှိပါသလား ခင်ဗျ။

**ဦးမန်း** ။ လောလောဆယ် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်တဲ့နေရာမှာ တပ်မတော်သားကိုယ်စားလှယ်များရော အစိုးရဘက်ရော ကျွန်တော်အလေးထားစဉ်းစားခဲ့ပါတယ်။ ဒီကနေ့ဖွဲ့စည်းပုံအခြေခံဥပဒေပြုပြင်ဖို့ ကြိုးစားဆောင်ရွက်တဲ့အခါမှာ ဖွဲ့စည်းပုံအခြေခံဥပဒေအားလုံးကိုပြောင်းလဲဖို့ မစဉ်းစားခဲ့ပါဘူး။ ပြင်ဆင်သင့်တာ ပြင်ဆင်၊ ထားသင့်တာထား ဒီလိုစဉ်းစားပြီး ဆောင်ရွက်ခဲ့တာပါ။

**ဘီဘီစီ** ။ ဒီမေးခွန်းက ထင်မြင်ယူဆချက်နဲ့မေးတာပါ။ တကယ်လို့များ ၂၀၁၅ ရွေးကောက်ပွဲမှာ ဉက္ကဋ္ဌကြီးမျှော်မှန်းသလို သမ္မတ ဖြစ်မလာဘူးဆိုရင် နိုင်ငံရေးကနေ အနားယူဖို့ အစီအစဉ် ရှိပါသလား။

**ဦးမန်း** ။ နိုင်ငံရေးကတော့ ခန့်မှန်းရတာ ခက်ပါတယ်။ ဒါပေမယ့် နိုင်ငံရေးသမားတို့ နိုင်ငံရေးပါတီတို့ဆိုတာ မျှော်မှန်းချက်ထားရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ စစ်သားတစ်ယောက်ဖြစ်ခဲ့သလို ဗိုလ်ချုပ်အောင်ဆန်းပြောခဲ့တဲ့ စကားအတိုင်းပါပဲ "Hope for the Best, Prepare for the Worst" အကောင်းဆုံးအတွက် မျှော်လင့်ထားသလို အဆိုးဆုံးအတွက်လည်း ပြင်ဆင်ထားပါတယ်။ အဲဒီလို ပြင်ဆင်တဲ့နေရာမှာ ကျွန်တော်ရဲ့ပြင်ဆင်မှုက ကျွန်တော့်အသက်ရှင်ကျန်းမာနေသရွေ့ နိုင်ငံနှင့်နိုင်ငံသားအကျိုးစီးပွားအတွက် ဆောင်ရွက်မယ်။ တာဝန်ပေးရင်ပေးတဲ့အပေါ်မူတည်ပြီး ဆောင်ရွက်မယ်။ ပြည်သူများရဲ့ အဆုံးအဖြတ်သာ ဖြစ်ပါတယ်။

နောက်ဆက်တွဲ (၀)

## ပြည်ထောင်စုလွှတ်တော် နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၏ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံတွင် ပြောကြားသည့် အမှာစကား

ရက်စွဲ၊ ၁၂-၁-၂၀၁၆



သူရဦးရွှေမန်း ၁၅-၁၀-၂၀၁၅ ရက်နေ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံတွင် အမှာစကားပြောကြားစဉ်

### ဧည့်သည်တော်များနှင့် ညီလာခံကိုယ်စားလှယ်များ ခင်ဗျား

မင်္ဂလာနှစ်သစ်ကူးမှာ ကိုယ်စိတ်နှစ်ပါး ကျန်းမာရွှင်လန်းပြီး ကောင်းကျိုးလိုရာ ဆန္ဒများ ပြည့်ဝကြပါစေ။

ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံတွင် အမှာစကား ပြောကြားခွင့်ရရှိသည့် အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ဦးစွာပြောကြားလိုပါတယ်။

ဒါထက် NCA ဖြစ်မြောက်လာအောင်နှင့် ယင်း NCA မှတစ်ဆင့် ညီလာခံ ဖြစ်မြောက်လာအောင် ကြိုးပမ်းဆောင်ရွက်ရာတွင် ပါဝင်ပံ့ပိုးကူညီခဲ့ကြသူများနှင့် အဖွဲ့အစည်းများကို ဤညီလာခံကြီးမှ ဂုဏ်ပြုမှတ်တမ်းတင်ရန်အတွက် အဆိုပြုတင်ပြ အပ်ပါတယ်။

## စည့်သည်တော်များနှင့် ညီလာခံကိုယ်စားလှယ်များ ခင်ဗျား၊

ငြိမ်းချမ်းရေးဟာ မြန်မာတစ်မျိုးသားလုံး၊ ပြည်ထောင်စုတစ်ခုလုံး၏ ဂုဏ်သိက္ခာ၊ ဂုဏ်အင်္ဂါနှင့် သက်ဆိုင်ပါတယ်။ ဒါကြောင့် ဤကိစ္စကို နိုင်ငံသားအားလုံး ပါဝင် ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ ယခုအချိန်ဟာ ရွှေမြန်မာတွေလို့မည်ကဲ့သို့ပင် အမွှန်းတင် စကားတွေ၊ သမိုင်းကြောင်းတွေနဲ့ပြောနေကြပါစေ၊ နိုင်ငံအတွင်းမှာ ပဋိပက္ခများကြောင့် တိုင်းရင်းသားပြည်သူအများအပြား ဒုက္ခပေါင်းစုံနှင့် ရင်ဆိုင်ကြုံတွေ့နေကြလို့ ဂုဏ်မတင့် နိုင်ကြတာ အားလုံးအသိပဲ ဖြစ်ပါတယ်။

အိုးမဲ့အိမ်မဲ့၊ မိဘမဲ့၊ စားရမဲ့ သောက်ရမဲ့၊ ပြေးလွှား ပုန်းအောင်း တိမ်းရှောင်နေရသူ တွေဟာ ပြည်တွင်းရော ပြည်ပမှာပါ မျက်နှာငယ်ငယ်နဲ့ နေထိုင်လုပ်ကိုင်စားသောက် နေကြရပါတယ်။

တန်ဖိုးရှိလှသော အသက်နှင့် ခန္ဓာကိုယ်ကို စွန့်ခဲ့ကြရသူတွေ၊ ကိုယ်လက် အင်္ဂါ ဆုံးရှုံးခဲ့ကြရသူတွေဟာ များပြားလှပါပြီ။ အမှားအမှန်၊ အကောင်းအဆိုးကို ဝေဖန် ပိုင်းခြားနိုင်ခွင့်မရှိဘဲ တိုက်ခိုက်နေကြသော်လည်း မိမိတို့ဘက်ကသာ မှန်တယ်လို့ ထင်မြင်ယူဆပြောဆိုနေကြဆဲပဲ ဖြစ်ပါတယ်။ ဘယ်လိုပဲ ပြောကြပြောကြ နောက်ဆုံး မှာတော့ တန်ဖိုးရှိလှတဲ့ အမိနိုင်ငံသား၊ တိုင်းရင်းသား ညီအစ်ကို မောင်နှမများ၊ အပြစ်မဲ့ တိုင်းရင်းသားပြည်သူများရဲ့အသက်နှင့် ခန္ဓာတွေကို စတေးခံရပြီး ဒုက္ခမျိုးစုံကြုံတွေ့နေကြ ရတာပဲ အဖတ်တင် ကျန်နေရပါတယ်။ စစ်ဘေးရှောင်ဒုက္ခသည်များနှင့် ရွှေ့ပြောင်း အလုပ်သမားများ (IDPs & Refugees) ကိစ္စတွေဟာ အလွန်ဝမ်းနည်းစရာ ကောင်းလှ ပါတယ်။

ဒီအတွက် မိမိတို့ မြန်မာနိုင်ငံမှာ ငြိမ်းချမ်းရေးရရှိဖို့မဖြစ်မနေ လိုအပ်နေတယ်။ ငြိမ်းချမ်းရေးရရှိအောင် လုပ်ဆောင်ကြရမယ်။ သူ့ကြောင့် ကိုယ့်ကြောင့် လွဲချနေလို့ မဖြစ် တော့ဘူး။ ခေါင်းဆောင်များ၊ အဖွဲ့အစည်းများကလည်း တိုင်းပြည်ကို တကယ်ချစ်ရင်၊

ပြည်သူတွေအပေါ် အမှန်တကယ်စာနာထောက်ထား သနားငဲ့ညှာမယ်ဆိုရင် မိမိတို့တစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ခုအတွက် အဆင်ပြေနေတာ၊ လုံခြုံပြည့်စုံနေတာတွေဟာ နိုင်ငံနှင့် နိုင်ငံသား၊ ပြည်သူတစ်ရပ်လုံးအတွက် အဆင်ပြေနေတာ ပြည့်စုံလုံခြုံနေတာ မဟုတ်ဘူး၊ ဟုတ်တယ်ဆိုတာကို သတိပြုဆင်ခြင်ရမည့် အချိန်ရောက်နေပါပြီ။

## ရည့်သည်တော်များနှင့် ညီလာခံကိုယ်စားလှယ်များ ခင်ဗျား

ငြိမ်းချမ်းရေးကို မဖြစ်မနေရအောင်လုပ်ကြမယ်ဆိုရင် သန္နိဋ္ဌာန်နှင့် ရည်ရွယ်ချက် နိုင်မာပြတ်သားဖို့လိုပါတယ်။ ငြိမ်းချမ်းရေးအတွက် ခေါင်းဆောင်တွေနှင့် အဖွဲ့အစည်းတွေက သဘောထားကြီးကြဖို့လိုပါတယ်။ အချင်းချင်းစိတ်ရှည်သည်းခံဖို့၊ နားလည် ခွင့်လွှတ်နိုင်ကြဖို့၊ လေးစားကြဖို့၊ ယုံကြည်ကြဖို့မှုမှုတတပြောဆိုဆက်ဆံကြဖို့၊ ရိုးသားပွင့်လင်းကြဖို့လိုပါတယ်။ ဒါတွေ ပါဝင်ခြင်းမရှိပါက ငြိမ်းချမ်းရေးအတွက် အိပ်မက်ပင် မက်နိုင်ကြမှာ မဟုတ်ပါဘူး။

ဒီလိုဆိုရင် စိတ်စေတနာမှန်ဖို့လိုအပ်သလို လုပ်နည်းလုပ်ဟန်မှန်ဖို့လည်း အထူးအရေးကြီးပါတယ်။ တစ်ဦးနှင့်တစ်ဦး၊ တစ်ဖက်နှင့်တစ်ဖက် အသာစီးရအောင်သာ ကြိုးစားအားထုတ်နေကြမယ်ဆိုရင် လမ်းချော်လမ်းလွဲသွားနိုင်တာတွေ ဖြစ်လာမှာကို သတိပြုကြရမယ်။

ထို့အတူ တစ်ချိန်က ဘာတွေဖြစ်ခဲ့ဖြစ်ခဲ့ ယခုအချိန်မှာတော့ နိုင်ငံသား အားလုံးအတွက် စိတ်ချလုံခြုံရအောင် နားလည်ခွင့်လွှတ်ခြင်းနှင့်အတူ ဆောင်ရွက်ပေးရမည်ဆိုတဲ့ အချက်ကိုလည်း ခံယူလုပ်ဆောင်ကြဖို့လိုတယ်။

လူဆိုတာ အမှားမကင်းနိုင်ပါဘူး။ ဒါကိုနားလည်လက်ခံပြီး ဘယ်လိုသက်ညှာရမလဲ၊ ဘယ်အတိုင်းအတာအထိ ခွင့်လွှတ်ရမလဲ၊ ပြုပြင်ပေးရမလဲ၊ ကူညီဖေးမကြမလဲ၊ သူနှင့် သူ့ပတ်ဝန်းကျင်ကို အကျိုးရှိအောင် ဘယ်လိုလုပ်ပေးရမလဲဆိုတာကို စဉ်းစားနိုင်လေ ကောင်းလေဖြစ်မှာမို့ အားလုံးအပြုသဘောနှင့် ပါဝင်ပေးကြဖို့လိုပါလိမ့်မယ်။

## ဧည့်သည်တော်များနှင့် ညီလာခံကိုယ်စားလှယ်များ ခင်ဗျား

ငြိမ်းချမ်းရေးဟာ တရားဥပဒေစိုးမိုးမှုအောက်မှာသာ ဖြစ်ထွန်းတည်ရှိ နိုင်တာဖြစ်လို့

တရားဥပဒေစိုးမိုးအောင်လည်း လုပ်ဆောင်ကြရပါမယ်။ တရားဥပဒေ စိုးမိုးနိုင်ဖို့အတွက် တည်ဆဲဥပဒေများကို ခေတ်ကာလအခြေအနေနှင့် လိုက်လျောညီထွေဖြစ်ပြီး ဒီမိုကရေစီနိုင်ငံဖြစ်အောင် ပြင်သင့်တာပြင်၊ ထားရှိသင့်တာတွေ ထားရှိဖို့ လိုအပ်ပါတယ်။

တရားမျှတပြီး ပြည်သူများ အမှန်တကယ် လိုက်နာနိုင်သော ဥပဒေများဖြစ်ရေး၊ အမှန်တကယ် လိုက်နာနိုင်ရေးအတွက် တာဝန်ရှိအဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များက အမှန်တကယ် တာဝန်ယူ တာဝန်ခံဆောင်ရွက်နိုင်စွမ်းရှိရမှာဖြစ်သလို ပြည်သူများ အားလုံးကလည်း ယုံကြည်စွာ ပါဝင်ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

## စည့်သည်တော်များနှင့် ညီလာခံကိုယ်စားလှယ်များ ခင်ဗျား

ငြိမ်းချမ်းရေး မရှိသေးဘူးဆိုတာဟာ လက်နက်ကိုင်ပဋိပက္ခ တစ်ခုတည်း ကြောင့် ဖြစ်တာမဟုတ်ဘဲ အမျိုးသားအချင်းချင်း၊ တိုင်းရင်းသားအချင်းချင်း မသင့်မြတ်ခြင်း၊ သဟဇာတ မဖြစ်ခြင်း၊ ရန်လိုခြင်း၊ အနိုင်ယူအသာစီးရလိုခြင်းများကြောင့် ဆိုတာကိုလည်း နားလည်သဘောပေါက်ကြပြီလို့ ထင်ပါတယ်။ ထိုကိစ္စများကို သဟဇာတ ညီညွတ် မျှတအောင်၊ မိတ်ဆွေများဖြစ်လာအောင်လုပ်ဆောင်ကြရပါမယ်။

အဆိုပါကိစ္စများအတွက် အဖြေရှာဆောင်ရွက်ပေးရန် ဤညီလာခံကြီးတွင် တာဝန်ရှိလာပါပြီ။ နောင်ဆက်လက် အမှုခံဆောင်ရွက်ကြရမည့် နိုင်ငံခေါင်းဆောင်များ၊ အစိုးရများ၊ ပါတီများ၊ အဖွဲ့အစည်းများ၊ နိုင်ငံသားများတွင်လည်း တာဝန်ရှိနေပါပြီ။

## စည့်သည်တော်များနှင့် ညီလာခံကိုယ်စားလှယ်များ ခင်ဗျား

ပြည်သူများအနေဖြင့် ငြိမ်းချမ်းရေးကို အမှန်တကယ်လိုလား တောင့်တနေကြတာ ဖြစ်ပါတယ်။ ဒီအတွက် ခေါင်းဆောင်များ၊ တာဝန်ရှိသူများ၏ ဦးဆောင်မှုနှင့် စီမံဆောင် ရွက်မှုနောက်တွင် ပြည်သူများက ထက်ကြပ်လိုက်ပါဆောင်ရွက်ကြမည်သာဖြစ်ပါကြောင်း နှင့် ပြည်ထောင်စု၏ ပြည်သူကိုယ်စားလှယ် တစ်ယောက်အနေဖြင့် ငြိမ်းချမ်းရေးရရှိအောင် ပြည်သူလူထု၏ ဆန္ဒသဘောထားနှင့်အညီ ဤညီလာခံကြီးက စေတနာ၊ မေတ္တာ၊ သစ္စာ တရားများဖြင့် အစပြုဆောင်ရွက်ပေးကြပါလို့ တင်ပြတိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်။

# သူရဦးရွှေမန်း၏ ကိုယ်ရေးမှတ်တမ်း



သူရဦးရွှေမန်းအား လယ်သမားကြီးဦးဖိုးဇေ၊ အမိဒေါ်ငွေးရီတို့က ဖြူးမြို့နယ်၊ ကညွတ်ကွင်းမြို့တွင် ၁၉၄၈ ခုနှစ်၌ ဇွန်လတွင် မွေးဖွားခဲ့သည်။ ၁၉၆၅ ခုနှစ်တွင် စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၁၁) သို့ တက်ရောက်သည်။

၁၉၆၉ ခုနှစ် ဧပြီလတွင် ဒုတိယဗိုလ် တပ်စုမှူးအဆင့်မှ ၁၉၉၇ ခုနှစ် နိုဝင်ဘာလ တပ်မမှူး ဗိုလ်မှူးချုပ်အဆင့်အထိ နယ်မြေလုံခြုံရေး၊ နယ်မြေစိုးမိုးရေး၊ စစ်ဆင်ရေး တာဝန်တို့ကို အဓိကထား ထမ်းဆောင်ခဲ့ပြီး တပ်တည်ဆောက်ရေးလုပ်ငန်းစဉ်များ ဖြစ်သည့် လေ့ကျင့်ရေး၊ အုပ်ချုပ်ရေးနှင့် တပ်မိသားစု သက်သာချောင်ချိရေးလုပ်ငန်း တို့တွင် ပါဝင်ခဲ့ပါသည်။ နယ်မြေ လုံခြုံရေး၊ နယ်မြေစိုးမိုးရေးနှင့် စစ်ဆင်ရေးတာဝန်တို့ ကို ထမ်းဆောင်စဉ် အခြေအနေပေးမှုပေါ်မူတည်၍ နယ်မြေဒေသဖွံ့ဖြိုးရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ကောင်းမွန်ရန် ဆောင်ရွက်ခဲ့သည်။

၁၉၉၇ ခုနှစ် နိုဝင်ဘာလမှ ၂၀၀၁ ခုနှစ် ဒီဇင်ဘာလအထိ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် ဧရာဝတီတိုင်း ငြိမ်းချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်စဉ် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကဏ္ဍတို့ကို အဓိက တာဝန်ယူခဲ့သည်။

၂၀၀၁ ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၀ ပြည့်နှစ် ဩဂုတ်လအထိ ဗိုလ်ချုပ်ကြီးအဆင့်ဖြင့် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) တာဝန်ထမ်းဆောင်စဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့၏ ကွပ်ကဲမှုအောက်တွင် တပ်မတော်၏(ကြည်း၊ ရေ၊ လေ)ဆိုင်ရာကိစ္စရပ်များ ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊ ပါဝင်ဆောင်ရွက်ခြင်းတို့ ပြုလုပ်ခြင်း၊ တပ်တည်ဆောက်ရေး ကိစ္စရပ်များ၊ တပ်မတော်စည်းရုံးရေးဆိုင်ရာ ကိစ္စရပ်များတွင် ပါဝင်ခဲ့သည်။

၁၉၉၇ ခုနှစ် နိုဝင်ဘာလမှ စတင်ပြီး ၂၀၁၁ ခုနှစ် မတ်လ ၃၀ ရက်နေ့အထိ နိုင်ငံတော် ငြိမ်းချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်အဖြစ် တာဝန်ယူခဲ့သည်။ နိုင်ငံတော်ကာကွယ်ရေး၊ နိုင်ငံတော်လုံခြုံရေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး၊ နိုင်ငံတကာဆက်ဆံရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးတို့တွင် ပါဝင်ဆောင်ရွက်ခဲ့သည်။

၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလ အထွေထွေရွေးကောက်ပွဲတွင် နေပြည်တော် ဇေယျာသီရိမြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌအဖြစ် လွှတ်တော်ကို စတင်ဦးဆောင်ဖွဲ့စည်းပြီး လွှတ်တော် နိုင်မာတောင့်တင်းရေးနှင့် အရည်အသွေး မြင့်မားရေးဆောင်ရွက်သည်။

**"ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူများ၏ မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်"**

ဟူသော ဆောင်ပုဒ်များ ချမှတ်လုပ်ဆောင်ခဲ့သည်။

တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လွှတ်တော်အတွင်းတွင် ဆောင်ရွက်သလို လွှတ်တော်ပြင်ပတွင်လည်း ဆောင်ရွက်ခဲ့သည်။

အမျိုးသားအကျိုးစီးပွားအတွက် နိုင်ငံတော်နှင့် နိုင်ငံသားအကျိုးစီးပွား အတွက်ဆိုကမည်သည့်ပါတီ၊ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်နှင့်မဆို ညှိနှိုင်း ပူးပေါင်းဆောင်ရွက်မှုကို လက်တွေ့ကျကျ ဆောင်ရွက်ပြုလုပ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်တစ်ဦးအနေဖြင့် နယကဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌတို့နှင့် နိုင်ငံတကာခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးမှု၊ အမြင်ချင်းဖလှယ်မှုများတွင် ပါဝင်ခွင့်ရသလို သီးခြားဆောင်ရွက်ခဲ့သည်များရှိသည်။

လွှတ်တော်ဥက္ကဋ္ဌ တာဝန်ထမ်းဆောင်စဉ်ကာလတွင် ကမ္ဘာ့ခေါင်းဆောင်များ၊ နိုင်ငံတကာမှအစိုးရ၊ လွှတ်တော်၊ တရားရေးဆိုင်ရာ၊ ကမ္ဘာ့ကုလသမဂ္ဂ၊ နိုင်ငံတကာနှင့် ဒေသဆိုင်ရာအဖွဲ့အစည်း၊ စီးပွားရေးဆိုင်ရာအဖွဲ့အစည်း၊ လူမှုရေးဆိုင်ရာအဖွဲ့အစည်း အသီးသီးတို့မှ ခေါင်းဆောင်များ၊ တာဝန်ရှိသူများနှင့် ပြည်တွင်းနှင့် ပြည်ပတို့တွင် တွေ့ဆုံဆွေးနွေး အမြင်ချင်း ဖလှယ်နိုင်ခဲ့သည်။

သူရဦးရွှေမန်းသည် နေပြည်တော်တွင်နေထိုင်ပြီး ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် ဥက္ကဋ္ဌအဖြစ် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၄ ရက်မှစတင်ပြီး တာဝန်ထမ်းဆောင်လျက်ရှိသည်။

ဇနီး ဒေါ်ခင်လေးသက်နှင့် သားနှစ်ဦးရှိသည်။

ပညာအရည်အချင်း အနေဖြင့် B.Sc (D.S.A)၊ H.G.P၊Diploma in Defence Study ၊Post -Graduate Diploma in Law (Y.U) တို့ကို ရရှိခဲ့သည်။

ဘွဲ့ထူးဆိုင်ရာဘွဲ့အနေဖြင့် "သူရဘွဲ့" ရရှိပြီး တံဆိပ်များအနေဖြင့် စစ်မှုထမ်းကောင်းတံဆိပ်၊ တပ်မတော်ရွှေရတုနှစ်တံဆိပ်၊ သင်္ဂဟတံဆိပ်၊ ဗိုလ်ချုပ်ကြီးအဆင့် ဂုဏ်ထူးဆောင်တံဆိပ်၊ မဟာသီရိ သုဓမ္မတံဆိပ်တို့ကို ရရှိခဲ့သည်။

လှော်ရင်းတက်မကျိုးရအောင်၊ သွားရင်းလမ်းမပျောက်ရအောင်
သတိနှင့်ဝီရိယထားရသည်။ ဟန်ချက်မပျက်ရန်၊ မယိုင်လဲရန်၊
ထိုအခြေအနေမျိုး ကြုံတွေ့ပါက ဉာဏ်အမြော်အမြင်နှင့် သတ္တိကိုတွဲ၍
ရည်မှန်းချက် မျက်ခြည်မပြတ်အောင်ရွက်ခဲ့ကြသည့်သူထဲမှာ
သူနှင့်ကျွန်တော် ပါဝင်နေမည်ထင်ပါသည်။ သို့ရာတွင် အထင်သည်
အထင်သာဖြစ်၍ မှန်ချင်မှမှန်မည်။ ထို့အတူ မိမိကိုယ်မိမိ
ယုံကြည်မှုရှိတာကောင်းသည်။ လွန်ကဲသော ယုံကြည်မှုသည် မကောင်း။
"ကိုယ် အားလုံးမသိ၊ အားလုံးမတတ်၊ အားလုံးမမှန်နိုင်"သည်ကိုတော့
ဆင်ခြင်နိုင်မှတော်ရုံကျမည်။



ကျေးဇူးတင်လွှာ

ဤစာအုပ်ပြုစုရာတွင် အသုံးပြုထားသည့် ဓာတ်ပုံများ၏
မူရင်းပိုင်ရှင် ဓာတ်ပုံပညာရှင်များ။ တွေ့ဆုံမေးမြန်းမှုပြုခဲ့သော
သတင်းမီဒီယာပညာရှင်များနှင့် သက်ဆိုင်ရာသတင်းဌာနများကိုလည်းကောင်း။
Facebook မှ အကြံပြုပေးပို့လာသည့် ရဟန်းရှင်လူ ပြည်သူများကိုလည်းကောင်း
အထူးကျေးဇူးတင်ရှိပါကြောင်း . . .

သူရှိုးရွှေမှန်